# Almighty Sword Domain

အဆုံးမဲ့ဓားကမ္ဘာ (ယန်ယဲ့)

(ကောင်းကင်ပြင်ပ)

Book.75(1258-1272)
မေတ္တာသံစဉ်နယ်မြေသို့ ထွက်ခွာခြင်း

၁၂၅၈

Almighty Sword Domain

အဆုံးမဲ့ဓားကမ္ဘာ

(ယန်ယဲ့)[ကောင်းကင်ပြင်ပ]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၁၂၅၈ - စိတ်မရှိပါနဲ့။ ငါက ချွေးသုတ်နေတာပါ

အဖြူရောင်ဝတ်ရုံအဘိုးအိုက သိုင်းသူတော်စင်တစ်ယောက်ဖြစ်သော်လည်း သူ၏ဂုဏ်သိက္ခာကို စွန့်လွှတ်ပြီး ထွက်ပြေးသွားခဲ့သည်။

ယန်ယဲ့သည် အနည်းငယ်
အံ့အားသင့်သွားသော် လည်း
သိပ်ပြီးမအံ့သြပေ။ အဘယ်ကြောင့်ဆိုသော်
သူ၏နတ်ဘုရားအဆင့်အကာအကွယ်ရတ
နာများက အဘိုးအို၏ တိုက်ခိုက်မှုတိုင်း
ချေဖျက်သောကြောင့်ပါ။ ဒီအခြေအနေတွင်
ထွက်ပြေးဖို့သာ မရွေးချယ်ပါက
အဖြူရောင်ဝတ်ရုံအဘိုးအိုဟာ
ငရဲရောက်သွားပေလိမ့်မည်။

သူ့အတွက်တော့ ကံဆိုးစွာပဲ၊
အဖြူရောင်ဝတ်ရုံအဘိုးအိုက
လျင်မြန်နေသဖြင့်
လိုက်သတ်ဖို့မဖြစ်နိုင်ခဲ့ပေ။

ယန်ယဲ့သည် ခေါင်းယမ်းလိုက်ပြီး
သူ့အကြည့်ကို ရုတ်လိုက်၏။

ထို့နောက်
ရွှေနတ်ဆိုးဝံပုလွေဘုရင်ကိုစိုက်ကြည့်လိုက်
ရင်း သူ့ညာလက်ကို ဖြည်းညင်းစွာ
မြှောက်လိုက်ပါသည်။

ရွှေနတ်ဆိုးဝံပုလွေဘုရင်နှင့်
အပေါင်းအပါတစ်သိုက်လည်း
ဒီမြင်ကွင်းကိုမြင်သောအခါ လက်သီးများကို
ကျစ်ကျစ်ပါအောင်ဆုပ်ထားကြသည်။
တစ်ချိန်တည်း၌ သူတို့၏မျက်လုံးများတွင်
ရက်စက်ကြမ်းကြုတ်မှုနှင့် ပြတ်သားမှုများ
ပေါ်လာခဲ့သည်။

အကြောင်းမှာ သူတို့က ယန်ယဲ့၏
အကျင့်စရိုက်ကို
ကောင်းစွာသိသောကြောင့်ပင်။

ဒီတော့ သူတို့က လုံးဝမတွန့်ဆုတ်တော့ပေ။
အားလုံး သူတို့၏ခန္ဓာကိုယ်ထဲကနေ
စိတ်ဝိညာဉ်မီးတောက်များကို
စတင်ထုတ်လွှတ်လိုက်ကြသည်။

နည်းပြဆရာကျူး နှင့်
အာဏာပိုင်များကလည်း ယန်ယဲ့အား
လေးနက်သောအမူအရာဖြင့်

စိုက်ကြည့်နေကြသည်။ " ဒီကလေးက တကယ်လုပ်မှာလား..."

ထိုအချိန်တွင် ယန်ယဲ့က ရုတ်တရက် "ရွှေနတ်ဆိုးဝံပုလွေဘုရင်၊ မင်းကဘာလို့စိတ်တိုနေတာလဲ။ ငါက ချွေးတွေကို သုတ်ဖို့လုပ်တာပါ" ထိုစကားပြောရင်း သူ့ညာလက်ကို မြှောက်ကာ မျက်နှာပေါ် ရှိ ချွေးများကို သုတ်လိုက်သည်။

ဒီစကားနှင့် မြင်ကွင်းကြောင့် လူတိုင်း ဘာပြောရမှန်းပင်မသိတော့ပေ။

"သူ့မျက်နှာက ချွေးတွေကို သုတ်နေတာလား"

နည်းပြဆရာကျူး နှင့် အခြားသူများသည် သူ့စကားကိုကြားသောအခါ အတော်လေး အံ့အားသင့်သွားကာ စိတ်သက်သာရာရသွားကြသည်။

ယန်ယဲ့ သာ အမှန်တကယ်တိုက်ခိုက်ခဲ့ပါက
ရွှေနတ်ဆိုးဝံပုလွေဘုရင်ဟာ သေချာပေါက်
စိတ်ဝိညာဉ်လောင်ကျွမ်းပစ်ပါလိမ့်မည်။

ထိုအချိန်တွင် သူတို့လည်း
ရွေးချယ်စရာမရှိဘဲ စိတ်ဝိညာဉ်များကို
လောင်ကျွမ်းပစ်ရပေမည်။

သူတို့အားလုံး
သေဆုံးသွားသည်နှင့်တပြိုင်နက်
ရွှေနတ်ဆိုးဝံပုလွေကလန် နှင့်
တိမ်ပင်လယ်အကယ်ဒမီဟာ
အပြီးတိုင်ပျောက်ကွယ်သွားမည်ဖြစ်သည်။

သူတို့က စိတ်ဝိညာဉ်များ

လောင်ကျွမ်းရမည်ကိုကြောက်ရွံ့နေသည်

တော့မဟုတ်ပေ၊

အဆင်သင့်ပြင်ထားသော်လည်း

ဒီလိုအခြေအနေမှာ

သူတို့၏စွန့်လွှတ်အနစ်နာခံမှုဟာ

အဓိပ္ပာယ်မရှိပေ။

တစ်ချိန်တည်းမှာပင် သိုင်းသူတော်စင် ၈

ယောက်သာ ၎င်းတို့၏ စိတ်ဝိညာဉ်များကို

လောင်ကျွမ်းပြီး

အသေအကြေတိုက်ခိုက်ပါက
နှစ်ဖက်အင်အားစုလည်း
ဆက်ပြီးတည်ရှိနိုင်တော့မည်မဟုတ်ပါ။

ကံကောင်းထောက်မစွာ၊
ယန်ယွဲ့သည်သူတို့ကို စိတ်မပျက်စေဘဲ၊
စိတ်မြန်လက်မြန် မလုပ်ခဲ့ပေ။

ရွှေနတ်ဆိုးဝံပုလွေဘုရင်လည်း
သက်ပြင်းချလိုက်မိသည်။ အချိန်မရွေး
သူ၏စိတ်ဝိညာဉ်ကို လောင်ကျွမ်းဖို့

အသင့်ပြင်ထားသော်ငြား ရှောင်နိုင်လျှင်
ထိုအရာကို မလုပ်ချင်ပေ။

သူက သေဆုံးခြင်းကို
ကြောက်ရွံ့နေသောကြောင့်မဟုတ်ဘဲ
ရွှေနတ်ဆိုးဝံပုလွေကလန် တစ်ခုလုံး
ထင်းရှူးစီရင်စုကနေ
အပြီးအပိုင်ပျောက်ကွယ်သွားမည်ကို
မလိုလားသောကြောင့်ပါ။

ယခုတော့ ကံကောင်းထောက်မစွာဖြင့်
ထိုအရှူးယန်ယဲ့က
ဆင်ခြင်တုံတရားရှိနေဆဲပင်။

"ရွှေနတ်ဆိုးဝံပုလွေကလန်က ပျက်စီးဖို့
မလိုပါဘူးလေ၊ ဒါပေမယ်လို့ ငါ့မှာ
အခြေအနေ ၃ ခု ရှိတယ်"
ထိုအတောအတွင်း ယန်ယဲ့သည်
ရွှေနတ်ဆိုးဝံပုလွေဘုရင်ကို စိုက်ကြည့်ကာ
"ပထမဆုံးအခြေအနေက
ရွှေနတ်ဆိုးဝံပုတောင်တန်းဟာ

တိမ်ပင်လယ်အကယ်ဒမီကို
အဆင့်လွန်စွမ်းအင်ကျောက်တုံး ၁ ဘီလီယံ
စစ်လျော်ကြေးပေးရမယ်။
ဒုတိယအခြေအနေကတော့
ရွှေနတ်ဆိုးဝံပုလွေကလန်က
ရွှေနတ်ဆိုးဝံပုလွေတောင်တန်းကနေ
ထွက်သွားရမယ်။ တတိယအနေနဲ့တော့
ရွှေနတ်ဆိုးဝံပုလွေဘုရင်၊ ဒီနေ့ကစလို့
တိမ်ပင်လယ်အကယ်ဒမီကို
မတိုက်ခိုက်ပါဘူးလို့
မင်းရဲ့အတွင်းစိတ်နတ်ဆိုးကို တိုင်တည်ပြီး

ကျိန်ဆိုရမယ်။ ဒါကိုသဘောတူနိုင်လား။
သဘောမတူလည်းရတယ်နော်၊ ဒါပေမဲ့
ရွှေနတ်ဆိုးဝံပုလွေကလန်ကတော့
သေချာပေါက် ပျက်စီးရမယ်"

"မင်းက အရမ်းဝေးလွန်းသွားပြီ..."
ရွှေနတ်ဆိုးဝံပုလွေဘုရင်၏ မျက်နှာက
ရက်စက်ကြမ်းကြုတ်မှုများ ပေါ်လာသည်။
သူက "ယန်ယဲ့၊
ငါ့ရွှေနတ်ဆိုးဝံပုလွေကလန်က မင်းကို
ကြောက်တယ်လို့များ ထင်နေသလား။

မင်းက ငါတို့ကို ချောက်ကမ်းပါးအစွန်းထိ တွန်းပို့ရင် မင်းကို ငါတို့နဲ့အတူ ဆွဲချလိုက်မယ်"

ယန်ယဲ့သည် တစ်ချက်ပြုံးလိုက်ပြီး ရွှေနတ်ဆိုးဝံပုလွေဘုရင်ကို မျက်လုံးချင်းတည့်တည့် စိုက်ကြည့်ကာ "ကောင်းပြီလေ၊ ဒီလိုဆို မင်းရဲ့စိတ်ဝိညာဉ်ကို အခုချက်ချင်းလောင်ကျွမ်းနိုင်ပြီ"

ရွှေနတ်ဆိုးဝံပုလွေဘုရင်၏ မျက်နှာသည်
ကြောက်ခမန်းလိလိ ပြင်းထန်နေပါသည်။
သူ့ခန္ဓာကိုယ်အတွင်းပိုင်းကနေ
ပြင်းထန်သောအရှိန်အဝါများ
ပေါက်ကွဲလာပြီး နေရာတစ်ဝိုက်ရှိ
အာကာသဟင်းလင်းပြင်သည်ပင်
စတင်တုန်ခါလာတော့သည် ။

"သူနဲ့အတူ တိမ်ပင်လယ်အကယ်ဒမီကို
ဆွဲချသွားသင့်လား ဒါမှမဟုတ် ယန်ယဲ့
တောင်းဆိုတဲ့ အခြေအနေတွေကို
သဘောတူသင့်သလား" ဒီအချိန်မှာ

ရွှေနတ်ဆိုးဝံပုလွေဘုရင်က အတော်လေး ချီတုံချတုံဖြစ်နေခဲ့သည်။

ထိုအချိန်တွင် ယုဝူရှမ်က ယန်ယဲ့၏ နံဘေးသို့ လျှောက်လာခဲ့သည်။ ထို့နောက် သူမက ရွှေနတ်ဆိုးဝံပုလွေဘုရင်ကို စိုက်ကြည့်ကာ "ရွှေနတ်ဆိုးဝံပုလွေဘုရင်၊ အခုလက်ရှိအခြေအနေတွေက ရွှေနတ်ဆိုးဝံပုလွေမျိုးနွယ်စုအတွက် သိပ်မဆိုးပါဘူးလေ။ ရွှေနတ်ဆိုးဝံပုလွေကလန်အတွက် ဆုံးရှုံးမှု

တချို့တစ်ဝက်လောက်တော့ ခံစားရမှာဘဲ။

တကယ်လို့ အဆင့်လွန်စွမ်းအင်ကျောက်တုံး

၁ ဘီလီယံ အစား သားရဲအမြုတေတွေ

ပေးအပ်မယ်ဆိုရင် ဒါက

အရမ်းကြီးမဆိုးတော့ဘူးမဟုတ်လား။

ဒုတိယအခြေအနေအတွက် အဲဒါအစား

တစ်ခုလောက်မေးပါရစေ။

လက်ရှိရွှေနတ်ဆိုးဝံပုလွေကလန်

ပိုင်ဆိုင်တဲ့ခွန်အားနဲ့ ဒီလိုအခြေအနေမျိုးမှာ

လက်ခံရင်တောင် ငါတို့ရဲ့အကယ်ဒမီ

အနီးအနားမှာ

ဆက်နေဝံ့မှာလား"

ယုဝ္ဂရှမ်က စကားကို ခဏလောက်
ရပ်လိုက်ပြီး "တတိယအခြေအနေအရ
တစ်ခုလောက်ထပ်မေးပါရစေ။
ရွှေနတ်ဆိုးဝံပုလွေဘုရင်၊ ဝံပုလွေကလန်က
ဒီလိုအခြေအနေမျိုးမှာ ငါတို့ရဲ့
တိမ်ပင်လယ်အကယ်ဒမီကို တိုက်ခိုက်ဖို့
တကယ်လုပ်ဝံ့မှာလား။
ရိုးရိုးသားသားပြောပါရစေ။ ဒီလိုသာဆိုရင်
ရွှေနတ်ဆိုးဝံပုလွေကလန်က သေချာပေါက်

ပျက်စီးမှာဘဲ။ ပြီးတော့ တကယ်လို့
ငါသာဆိုရင်
ရွှေနတ်ဆိုးဝံပုလွေတောင်တန်းကနေ
ထွက်သွားမယ်။ ငါက မျိုးနွယ်စုကို
အခြေချနေထိုင်ဖို့ တခြားနေရာတစ်ခုရှာပြီး
ပဋိပက္ခအခြေအနေတွေကို
ယာယီရှောင်ပုန်းမယ်။
နင့်ရဲ့ရွှေနတ်ဆိုးဝံပုလွေကလန်က
ဘုရင်အသက်ရှင်နေတဲ့အချိန်မှာ
ပြန်ထလာနိုင်သေးတယ်။ ဒါပေမဲ့ ဘုရင်
သာမရှိတော့ရင်

ရွှေနတ်ဆိုးဝံပုလွေကလန်က
ဘယ်လိုပြန်လာနိုင်တော့မလဲ"

ယုဝူရှမ်၏ စကားကို ကြားသောအခါ
ရွှေနတ်ဆိုးဝံပုလွေဘုရင်က
ချီတုံချတုံဖြစ်နေသော်လည်း
ဆုံးဖြတ်ချက်မချခင် သိသိသာသာ
ရှုန်းကန်နေရပုံပါ။

ယုဝူရှမ်က ဆက်ပြောလိုက်သည်
"ရွှေနတ်ဆိုးဝံပုလွေဘုရင်၊ နင်က

စိတ်ဝိညာဉ်ကိုလောင်ကျွမ်းဝံတယ်ဆိုတာ ငါသိပါတယ်။ ဒါပေမဲ့ အဲဒါက တန်ရဲ့လားလို့ စဉ်းစားဖူးလား။ မဟုတ်ဘူး။ ဒါဟာ လုံးဝ မထိုက်တန်ဘူးလေ။ နင်သေတဲ့အပြင် ရွှေနတ်ဆိုးဝံပုလွေမျိုးနွယ်စုတစ်ခုလုံးပါ အပြီးတိုင်ပျက်စီးသွားလိမ့်မယ်။
ဒီလိုလုပ်တာက
ကောင်းကင်ဘုံနတ်ဘုရားခန်းမ တို့လို အသုံးချနေတဲ့ အင်အားစုတွေအတွက်ဘဲ အကျိုးရှိမှာ။ ဟုတ်တယ်မလား..."

ရွှေနတ်ဆိုးဝံပုလွေဘုရင်က အံကြိတ်ပြီး
"ဒါက ငါတို့အိမ်ဘဲ"

ယုဝူရှမ်က ဆက်ပြောလေသည်။
“ဒီမှာဆက်နေမယ်ဆိုရင် ပြန်ထလာဖို့
ဘယ်တော့မှ မျှော်လင့်လို့
မရဘူး။ဘာဖြစ်လို့လဲဆိုတော့ ငါတို့က
ခွင့်မပြုဘူး။ ငါတို့တင်မဟုတ်ဘူး၊
တိမ်ပင်လယ်အကယ်ဒမီက
အကောင်းတိုင်းရှိနေလို့
ရွှေနတ်ဆိုးဝံပုလွေကလန်ကို

အသုံးချချင်တဲ့သူတွေက ဒီအ
ရာကိုအခွင့်ကောင်းယူပြီး
ဖိအားပေးလာမယ်ဆိုရင်ကော....။
အဲဒီအချိန်မှာ နင်ပိုင်ဆိုင်ထားတဲ့
လက်ရှိခွန်အားနဲ့
သူတို့ကိုငြင်းပုံမှာလား။ဒါပေမဲ့
မငြင်းပုံလို့မငြင်းရင် နောက်တစ်ကြိမ်
အသုံးချခံရပြီး အမြောက်အစာအဖြစ်
လုပ်သွားမှာဘဲ။ ဟုတ်တယ်မလား"

ရွှေနတ်ဆိုးဝံပုလွေဘုရင်က
တိတ်ဆိတ်သွားသည်။

ယုဝူရှမ်က စကားထပ်မပြောတော့ပေ။
ပတ်ဝန်းကျင်က ခဏကြာအောင်
တိတ်ဆိတ်သွား၏။ နည်းပြဆရာကျူး နှင့်
အာဏာပိုင်များပဲဖြစ်ဖြစ်
ရွှေနတ်ဆိုးဝံပုလွေကလန်၏
သိုင်းသူတော်စင်များပင်ဖြစ်စေ အားလုံးက
မျက်နှာထက်
လေးနက်သောအမူအရာများရှိနေကြသည်။

အကြောင်းအရင်းက နှစ်ဖက်စလုံး
မပျက်စီးမချင်း စစ်ပွဲ ရပ်တန့်သွားမည်လော
ဟူသည့် အဆိုပြုချက်က
ရှေ့နတ်ဆိုးဝံပုလွေဘုရင်၏
ဆုံးဖြတ်ချက်အပေါ်၌
မူတည်နေသောကြောင့်ပါ။

ဒီအချိန်မှာ စိတ်နှလုံး တည်ငြိမ်နေသည့်
တစ်ဦးတည်းသောလူက ယန်ယွဲ့
သာဖြစ်သည်။ အမှန်တော့ သူသည်

နောင်အနာဂတ်၌ ဖြစ်လာနိုင်ချေရှိသော
ပြဿနာများအားလုံးကို တစ်ခါတည်း
အဆုံးသတ်ထားချင်နေ၏။

သို့သော် လူတိုင်း၏
အသက်ရှင်ခြင်း၊သေဆုံးခြင်းကို
ထည့်တွက်နေရသောကြောင့်
မဖြစ်နိုင်သည်မှာ ရှင်းလင်းနေပါသည်။
အကယ်၍ သူသည် တိုက်ခိုက်ဖို့သာ
ရွေးချယ်ခဲ့လျှင်သူ၏ဆုံးဖြတ်ချက်ကြောင့်
မရေမတွက်နိုင်သောလူသားများ
သေဆုံးရမည်ဖြစ်သည်။ သူအပါအဝင်

နည်းပြဆရာကျူး နှင့်
တိမ်ပင်လယ်အကယ်ဒမီ၏
အဖွဲ့ဝင်များအားလုံးပါ။

ထို့အပြင် လက်ရှိ
တိမ်ပင်လယ်အကယ်ဒမီက
အင်အားပြန်လည်ဖြည့်တင်းဖို့
လိုအပ်နေပါသည်။ ထို့အတွက် သူက
ရွှေနတ်ဆိုးဝံပုလွေဘုရင်အား အခြေအနေ
၃ ရပ် တောင်းဆိုလိုက်ခြင်းပင်။

ယန်ယဲ့သည် သူ၏အားနည်းချက်များကို ကောင်းကောင်းသိထားပါသည်။ သူသည် ခေါင်းဆောင်တစ်ယောက်ဖြစ်ဖို့ မသင့်တော်ပါ။

အကြောင်းမှာ ခေါင်းဆောင်တစ်ဦးက အရာများစွာကို ထည့်သွင်းစဉ်းစားမည့်အပြင် ၎င်းဟာ သူ့အတွက် အနှောင်အဖွဲ့တစ်ခုသာ။

"ဓားသမားတစ်ဦး၏(ဓားတာအိုလမ်းစဉ်ကို လျှောက်လှမ်းရာတွင်) နှလုံးသားကို ချည်နှောင်မထားသင့်ပါ"

သို့သော်လည်း မတတ်နိုင်ခဲ့ပေ၊ ဒီအချိန်မှာ အရာအားလုံးက သူ့အပေါ်ကျရောက်နေသည်ဖြစ်ရာ ရှေ့ထွက်ပြီး ဖြစ်လာသမျှအရာရာတိုင်းကို တာဝန်ယူရပေမည်။

ထို့အပြင် တိမ်ပင်လယ်အကယ်ဒမီက သင့်တော်သည့် ဌာနမှူးတစ်ဦးဦး

ရှာမတွေ့မချင်း သူဟာ ဉာဏ်မှူးတာဝန်ကို ဆက်၍ လက်ခံထားရပါလိမ့်မည်။ ၎င်းက အခြားအရာများအတွက်မဟုတ်ဘဲ ရှုန်းယွန်ရှီ ကြောင့်သာ။

ဉာဏ်မှူးရှုန်းယွန်ရှီ သာ သူ၏စိတ်ဝိညာဉ်ကို လောက်ကျွမ်းပြီး ကိုယ့်ကိုယ်ကို ဖောက်ခွဲခဲ့ခြင်းမဟုတ်ပါက လက်ရှိ သူ့အပါအဝင် တိမ်ပင်လယ်အကယ်ဒမီတစ်ခုလုံး သေချာပေါက် ဖျက်ဆီးခံရမည်ဖြစ်သည်။

Almighty Sword Domain

အဆုံးမဲ့ဓားကမ္ဘာ

(ယန်ယဲ့)[ကောင်းကင်ပြင်ပ]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၁၂၅၉ - ငါ အလုပ်ထွက်လို့ရမလား

နောက်ထပ် သိုင်းသူတော်စင် ၄ ဦး

ရောက်ရှိလာခြင်းက

တိမ်ပင်လယ်အကယ်ဒမီကို ဖျက်ဆီးဖို့

လုံလောက်ပါသည်။

ဤနေရာတွင် လေထုသည်
ပို၍တင်းကြပ်လာကာ လူတိုင်း
အသက်ရှူကြပ်သွားသည်အထိ အချိန်များ
တဖြည်းဖြည်း ကုန်ဆုံးသွားခဲ့သည်။

ရွှေနတ်ဆိုးဝံပုလွေဘုရင်က ယန်ယဲ့ကို
ရုတ်တရက်
စိုက်ကြည့်ရင်း "ယန်ယဲ့၊ မင်းအနိုင်ရသွားပြီ"

အမှန်စင်စစ် ဒီအခြေအနေက
ရက်စက်ကြမ်းကြုတ်သော

ယှဉ်ပြိုင်ပွဲတစ်ခုပင်။ အကယ်၍ သူ့ကိုယ်သူ ရက်စက်ကြမ်းကြုတ်သူဖြစ်အောင် လုပ်လိုက်ပါက နှစ်ဖက်စလုံးဟာ စစ်ပွဲအတွင်း ပျက်သုဉ်းသွားရပါလိမ့်မည်။

သို့သော်လည်း ပြဿနာမှာ သူက ယန်ယဲ့၏ လက်ထဲ၌ ရှုံးနိမ့်သွားခဲ့ခြင်းပင်။

ပထမတော့ ယန်ယဲ့၏ တောင်းဆိုချက် ၃ ခုကြောင့်

သူ၏စိတ်ဝိညာဉ်ကိုလောင်ကျွမ်း၍ သူ့ကိုယ်သူဖောက်ခွဲဖို့ပင် တွန်းအားပေးမိသည်။

"ယန်ယဲ့က ဘာလို့အဲ့လိုလုပ်ဝံ့တာလဲ"
ယန်ယဲ့ဟာ ရက်စက်ပြီး အရာအရာကို ပြတ်သားစွာလုပ်ဆောင်တတ်သောကြောင့်ပင်။

သူနှင့် ရွှေနတ်ဆိုးဝံပုလွေကလန်၏ သိုင်းသူတော်စင်များသာ ကိုယ့်ကိုယ်ကိုဖောက်ခွဲခဲ့ပါက နှစ်ဖက်စလုံး ချေမှုန်းခံရမည်ကို ယန်ယဲ့လည်း ရှင်းရှင်းလင်းလင်းသိထားလောက်ပေသည်။

သို့သော်လည်း ယန်ယွဲ့သည်
ကြောက်ရွံ့ခြင်းမရှိပေ။ ဒီအခြေအနေက
ယန်ယွဲ့နှင့် ပတ်သက်၍
ကြောက်စရာအကောင်းဆုံး အပိုင်းပါ။

အသံကောင်းဟစ်လိုပါက ယန်ယွဲ့ဟာ
ရဲရင့်ပြတ်သားသူဖြစ်ပြီး
အသေအချာတွေးကြည့်လျှင် ၎င်းက
ဖြစ်လာနိုင်သည့် အကျိုးဆက်များကို
လျစ်လျူရှုတတ်သော
အရူးတစ်ယောက်ပင်။

သို့သော် ထိုအရာကပဲ ရွှေနတ်ဆိုးဝံပုလွေဘုရင်ကို ရှုံးနိမ့်သွားစေသည့် အကြောင်းအရင်း ဖြစ်သည်။

အကြောင်းမှာ သူက ယန်ယွဲ့လောက် ညဏ်များပြီး ရက်စက်ကြမ်းကြုတ်တတ်သူ မဟုတ်သောကြောင့်ပါ။

နည်းပြဆရာကျူး နှင့် အာဏာပိုင်များလည်း ရွှေနတ်ဆိုးဝံပုလွေဘုရင်၏

သဘောတူချက်ကို ကြားလိုက်မှသာ

အမှန်တကယ် သက်ပြင်းချနိုင်ကြသည်။

နောက်ဆုံးတွင် ရွှေနတ်ဆိုးဝံပုလွေဘုရင်

လက်ခံလိုက်ခြင်းက နှစ်ဖက်စလုံး

အတူတကွ ပျက်သုဉ်းရန် မလိုတော့ဟု

ဆိုလိုသည်။

ထို့အပြင် တိမ်ပင်လယ်အကယ်ဒမီက

စစ်လျော်ကြေးငွေအများအပြားနှင့်

ရွှေနတ်ဆိုးဝံပုလွေကလန်၏ နယ်မြေကိုပါ

ရယူနိုင်မည်ဖြစ်သည်။ အရေးကြီးဆုံးက

ယခုအချိန်ကစ၍
တိမ်ပင်လယ်အကယ်ဒမီသည်
အနီးတစ်ဝိုက်တွင် မည်သည့်
ရန်ဖက်အင်အားစုမျှ ရှိတော့မည်မဟုတ်ပေ။

ဒီအချိန်တွင် လူတိုင်း သူတို့စိတ်ထဲရှိ
စိတ်လှုပ်ရှား၊ ပျော်ရွှင်မှုများကို
မထိန်းနိုင်ကြပေ။ ရှန်းယွန်ရှီ
မရှိတော့သော်လည်း ယန်ယဲ့ ကဲ့သို့
လွှမ်းမိုးနိုင်စွမ်းသော

ခေါင်းဆောင်တစ်ယောက် ရလိုက်ပြီ

မဟုတ်ပါလား။

"ယန်ယဲ့၊ မင်းအတွက်

သနားစရာကောင်းတဲ့အဆုံးသတ်ကို

ရင်ဆိုင်ရမယ့်နေ့

ရောက်လာလိမ့်မယ်။ငါသေချာပေါက်ပြန်

လာခဲ့မယ်" ရွှေနတ်ဆိုးဝံပုလွေဘုရင်က

ယန်ယဲ့ကို စူးစူးစိုက်စိုက်စိုက်ကြည့်ပြီး

"ရောင်စဉ်ဖြာဒေသရဲ့

သမိုင်းတစ်လျှောက်မှာ

သွေးဆာနေတဲ့လူတွေအားလုံး ဘယ်တော့မှ
အသက်မရှင်နိုင်ခဲ့ကြဘူး" ဟု ပြောခဲ့သည်။

"အဆင့်လွန်စွမ်းအင်ကျောက်တုံး ၁
ဘီလီယံ.... မဟုတ်ဘူး၊ တကယ်လို့
ရွှေနတ်ဆိုးဝံပုလွေကလန်က အခုကစပြီး
နောက် ၃ ရက်အတွင်းထွက်မသွားသေးရင်
ငါ့ရှေ့မှာ
မြင်မြင်သမျှဝံပုလွေတစ်ကောင်ချင်းစီကို
သတ်ပစ်မယ်" ထိုစကားပြောပြီးသည်နှင့်

ယန်ယဲ့၏ ပုံရိပ်ဟာ နေရာမှာပင်
ပျောက်ကွယ်သွားသည်။

ရွှေနတ်ဆိုးဝံပုလွေဘုရင်က ယန်ယဲ့
ထွက်မသွားခင် ရပ်နေခဲ့သည့် နေရာကို
စိုက်ကြည့်နေသည်။နောက်ဆုံးတွင် သူသည်
နည်းပြဆရာကျူး နှင့်
တိမ်ပင်လယ်အကယ်ဒမီ၏
အာဏာပိုင်များကို စူးစူးရဲရဲ
တစ်ချက်ကြည့်ကာ

အခြားသိုင်းသူတော်စင်များနှင့်အတူ
ပျောက်ကွယ်သွားခဲ့သည်။

........ ဤသို့ဖြင့်.....

နောက်ထပ် တစ်ရက်ခန့်အကြာတွင်
မရေမတွက်နိုင်သော နတ်ဆိုးဝံပုလွေများ
ထွက်ခွာသွားသောကြောင့်
တောင်တန်းကြီးတစ်ခုလုံး
လှုပ်ခတ်သွားသည်။

ထိုအချိန်တွင် တိမ်ပင်လယ်မြို့တော်သည်
ရင်ခုန်စိတ်လှုပ်ရှားမှုများစွာဖြင့်
အသံများပဲ့တင်ထပ်နေကာ
ကောင်းကင်ယံသို့တိုင် လွင့်ပျံသွားသည်။

တိမ်ပင်လယ်အကယ်ဒမီသည် စစ်ပွဲကို
အနိုင်ရခဲ့၏။ ထိုအရာက သူတို့အားလုံး
တိမ်ပင်လယ်မြို့တွင် ၎င်းတို့
အသက်ရှင်လျက်နေထိုင်နိုင်ကြောင်း
ဆိုလိုသည်မဟုတ်ပါလား။

အရေးကြီးဆုံးကတော့ ယန်ယဲ့ဟာ
တိမ်ပင်လယ်အကယ်ဒမီက
နတ်ဆိုးသားရဲအမြုတေများကို
သိမ်းယူမည်မဟုတ်ကြောင်း ထုတ်ပြန်ခဲ့၏။

ထို့အပြင် ယန်ယဲ့က လူတိုင်းကို
သူကတိပေးထားသည့်အတိုင်း
အပြည့်အဝလုပ်ဆောင်ပေးမည်ဟုပါ
ကြေညာခဲ့လေသည်။

လူတိုင်းက ယန်ယဲ့၏ စကားကို အကြွင်းမဲ့
ယုံကြည်ထားသည်ဖြစ်ရာ
စကားပြန်ပြင်မည်ကို မည်သူမျှ
မစိုးရိမ်ကြပေ။

...
တိမ်ပင်လယ်မြို့တော်၊ .
မြို့သခင်အိမ်တော်၏
ဧည့်ခန်းမ...။

အားလုံးက ခန်းမထဲ၌
ဝိုင်းဖွဲ့ထိုင်နေခဲ့ကြသည်။
ထိုအချိန်တွင် ယုဂူရှမ်က မတ်တပ်ထရပ်ပြီး
ဖြည်းညှင်းစွာပြောလိုက်၏
"ရွှေနတ်ဆိုးဝံပုလွေဘုရင်က ငါတို့ဆီကို
သားရဲအမြုတေ ၁ သန်းကျော်
ပို့ပေးလိုက်တယ်။ ဒီအထဲမှာ အနိမ့်ဆုံးက
သိုင်းကေရာဇ်အဆင့်မှာရှိတယ်။ ပြီးတော့
သူတော်စင်တစ်ပိုင်းအဆင့် သားရဲအမြုတေ
(၁၀,၀၀၀) ကျော်လည်း ပါသေးတယ်။ ငါ
ဒါတွေကို ရေတွက်ပြီး

အဆင့်လွန်စွမ်းအင်ကျောက်တုံးတွေနဲ့
ပြောင်းလဲကြည့်တယ်။ ဒီသားရဲအမြုတေ ၁
သန်းကျော်က
အဆင့်လွန်စွမ်းအင်ကျောက်တုံး ၁ ဘီလီယံ
ထက်မနည်းဘူး။ ဒါ့အပြင်
ရွှေနတ်ဆိုးဝံပုလွေကလန်က
မနေ့တည်းကစပြီး ထွက်ခွာနေတယ်။
ငါ့ခန့်မှန်းချက်အရဆို ဒီနေ့မနက်ပိုင်းမှာဘဲ
အကုန်လုံးထွက်ခွာသွားလောက်တယ်"

ဒီအချိန်တွင် ယန်ယဲ့သည် ထိပ်ဆုံးမှထိုင်ခုံ၌ ထိုင်နေပြီး နည်းပြဆရာကျူး နှင့် အခြား သိုင်းသူတော်စင်များက သူ့နံဘေးတွင် ထိုင်နေကြသည်။ ရှန်ချင်းယင် လည်း သူ့ဘေးနား၌ ထိုင်နေခဲ့သည်။

ယန်ယဲ့က ညင်သာစွာ ခေါင်းညိတ်လိုက်ပြီး "ဝူရှမ်၊ မင်းက အဲဒီ သားရဲအမြုတေတွေအတွက် အဆင်သင့်လုပ်ထားနိုင်တာဘဲ။ အခုကစပြီး မင်းနဲ့ မိန်းကလေးရှန် တို့က အကယ်ဒမီရဲ့ လက်ထောက်ဌာနမှူးတွေ ဖြစ်တယ်။

ပြီးတော့ မင်းတို့နှစ်ယောက်လုံးက အကယ်ဒမီနဲ့ မြို့တော်ရဲ့အတွင်း၊ အပြင်ကိစ္စအားလုံးကို စီမံခန့်ခွဲရလိမ့်မယ်”

ဒီအချက်ကို ပြောလိုက်ရင်း နည်းပြဆရာကျူး နှင့် အာဏာပိုင်များကို ကြည့်ပြီး "အကြီးအကဲတို့၊ ဒါကို ဘယ်လိုမြင်ကြလဲ"

နည်းပြဆရာကျူး က ယုဝူရှမ် နှင့် ရှန်ချင်းယင် တို့နှစ်ယောက်အား စေ့စေ့ကြည့်ကာ ခေါင်းညိတ်လိုက်ပြီး

"ဝူရှမ်က အရည်အချင်းရှိသလို
အရမ်းတော်တယ်၊ ဒါက သူ့အတွက်
သင့်လျော်တဲ့ ရွေးချယ်မှုတစ်ခုဘဲလေ။
မိန်းကလေးရှုန် ကတော့ အကယ်ဒမီကို
ကောင်းကောင်းသိပါတယ်။ ဒီတော့ သူတို့က
အကယ်ဒမီနဲ့ မြို့ကို ကောင်းကောင်း
စီမံခန့်ခွဲနိုင်လိမ့်မယ်”
ဒီအထိပြောပြီးသွားသည့်နောက် ယန်ယဲ့ကို
တစ်ချက်ကြည့်လိုက်ပြီး "မင်းက အခု
ဌာနမှူးဖြစ်နေပြီ၊ ဒါကြောင့်

ဒီအသေးအဖွဲဆုံးဖြတ်ချက်တွေကို
မင်းကိုယ်တိုင် အပြည့်အဝ လုပ်နိုင်တယ်"

ယန်ယဲ့က "အကြီးအကဲကျူး၊ ငါက
ဌာနမှူးဖြစ်ဖို့ သင့်တော်တယ်လို့
မင်းထင်လား"

နည်းပြဆရာကျူး က
ခေါင်းကိုညင်ညင်သာသာ ခါလိုက်ပြီး
"မင်းမဟုတ်ဘူး! မင်းပြောတာကို
ငါနားလည်ပါတယ်။ ဒါပေမဲ့ အခုလက်ရှိ

မင်းကပဲ ငါတို့ရဲ့အကယ်ဒမီကို

ကယ်တင်နိုင်မှာ”

ယန်ယဲ့က အံ့သြသွားပြီး "အကြီးအကဲကျူး၊

ဘာကိုဆိုလိုတာလဲ"

နည်းပြဆရာကျူး က

အသက်ပြင်းပြင်းရှူရင်း "အစ်ကိုရှန်း

ဘာကြောင့် သူ့ကိုယ်သူ ဖောက်ခွဲခဲ့တာလဲ

သိလား"

ယန်ယဲ့က "ဒါက ငါ့ကို စိတ်ရှုပ်စေတယ်"

နည်းပြဆရာကျူး က “ရောက်လာတဲ့ သိုင်းသူတော်စင် ၄ ယောက်က သမင်ဖြူအကယ်ဒမီက ဆိုတော့.... ”

ယန်ယဲ့က မျက်မှောင်ကြုတ်ကာ "ဒါဆို သမင်ဖြူအကယ်ဒမီက ငါတို့ရဲ့တိမ်ပင်လယ်အကယ်ဒမီကို ချေမှုန်းချင်တာလား"

နည်းပြဆရာကျူး က ခေါင်းခါလိုက်ပြီး
"သမင်ဖြူအကယ်ဒမီက ငါတို့ကို
ဖျက်ဆီးချင်တယ်ဆိုရင် အခုအချိန်ထိ
ရှိနေနိုင်မှာမဟုတ်ဘူး။
သမင်ဖြူအကယ်ဒမီမှာ အဖွဲ့၂
ခုကွဲနေတယ်။ ဥပဒေထိန်းသိမ်းရေးအဖွဲ့ခွဲနဲ့
စာပေပညာရှင်အဖွဲ့ခွဲ ဆိုပြီး ရှိတယ်။
ဥပဒေထိန်းသိမ်းရေးအဖွဲ့ခွဲက
သမင်ဖြူအကယ်ဒမီကို
ဥပဒေစည်းမျဉ်းတွေနဲ့
အုပ်ချုပ်ဖို့ရည်ရွယ်နေတယ်။

အရာအားလုံးက သူတို့ရဲ့
စည်းမျဉ်းတွေအတိုင်းဘဲ
သွားရမယ်ဆိုတာဘဲ။ စာပေပညာရှင်အဖွဲ့ ခွဲ
ကတော့ စေတနာအပေါ် အလေးပေးတယ်။
စည်းမျဉ်းတွေနဲ့ ဥပဒေရေးရာကိစ္စတွေကို
မချမှတ်ခင် စည်းရုံးတတ်တယ်။ ဌာနမှူးက
သမင်ဖြူအကယ်ဒမီရဲ့စည်းမျဉ်းတွေကို
ချိုးဖောက်ခဲ့တာဆိုတော့
ဥပဒေထိန်းသိမ်းရေးအဖွဲ့ ခွဲက ငါတို့ကို
အပြစ်ပေးချင်တဲ့သဘောပေါ့။
သူတို့အမြင်အရတော့

တိမ်ပင်လယ်အကယ်ဒမီ

တည်ထောင်လိုက်တာက

သမင်ဖြူအကယ်ဒမီကို သစ္စာဖောက်တာနဲ့

တူတယ်”

နည်းပြဆရာကျူး က ဒီအထိပြောရင်း

စကားကို ခဏ ရပ်လိုက်ပြီး “ဒါပေမဲ့

စာပေပညာရှင်အဖွဲ့ခွဲကြောင့်ဘဲ

ငါတို့တိမ်ပင်လယ်အကယ်ဒမီက

အခုအချိန်အထိ တည်ရှိနေခဲ့တာ။

ဘာကြောင့်လဲဆိုတော့

စာပေပညာရှင်အဖွဲ့ခွဲက ငါတို့ကို
သမင်ဖြူအကယ်ဒမီရဲ့ပြိုင်ပွဲမှာ
အခွင့်အရေးပေးသင့်တယ်လို့
ထင်တဲ့အတွက်ဘဲ။ ငါတို့အကယ်ဒမီရဲ့
အဖွဲ့ဝင်တစ်ယောက်ယောက်က
ထိပ်ဆုံးအဆင့် ၁၀ ထဲကို ဝင်နိုင်သရွေ့တော့
ငါတို့က ဗဟိုနတ်ဘုရားစီရင်စုကို
ပြန်လာနိုင်တယ်။ ပြီးတော့
သမင်ဖြူအကယ်ဒမီကို ပြန်ဝင်ခွင့်ရပြီ။
ဒါကြောင့်မို့လို့ ဌာနမှူးက
သမင်ဖြူအကယ်ဒမီရဲ့ပြိုင်ပွဲမှာ ပါဝင်ဖို့

ကျောင်းသားတွေကို အဆက်မပြတ်
စေလွှတ်ခဲ့တာလေ။ ဘာကြောင့်လဲဆိုတော့
သမင်ဖြူအကယ်ဒမီကို ပြန်သွားမှဘဲ
ငါတို့ကအသက်ရှင်နိုင်မှာ"

ယန်ယွဲ့က လေးနက်စွာပြောလိုက်သည်
"ဒီကိုရောက်လာတဲ့ သူတွေက
ဥပဒေထိန်းသိမ်းရေးအဖွဲ့ခွဲက မဟုတ်လား"

နည်းပြဆရာကျူး က ခေါင်းညိတ်လိုက်ပြီး
"ဒီတစ်ကြိမ်တော့ သူတို့က

အရှုံးနဲ့ရင်ဆိုင်သွားရလို့ ဒီကိစ္စကို
သချောပေါက် မေ့ထားမှာ မဟုတ်ဘူး။
သိပ်မကြာခင်မှာ
တခြားတစ်ယောက်ယောက်ကို
ပို့ဦးမယ်လို့ထင်တယ်။ ဒါ့ပြင် နောက်ထပ်
စေလွှတ်တဲ့သူတွေက သချောပေါက်ကို
ထိပ်သီးအဆင့်တွေပဲ ဖြစ်မှာ။
သိုင်းသူတော်စင် ၁၀
ယောက်ထက်မနည်းတောင် ဖြစ်နိုင်တယ်”

ယန်ယဲ့၏ မျက်နှာသည် ချက်ချင်းပင် မည်းမှောင်သွားပြီး လေးနက်သောအသံဖြင့် ပြောလိုက်လေသည် “ငါ အခုအလုပ်ထွက်လို့ရမလား”

"သိုင်းသူတော်စင် ၁၀ ယောက် လား"

၎င်းက ဟာသတစ်ခုမဟုတ်ပေ။ တိမ်ပင်လယ်အကယ်ဒမီတွင် သိုင်းသူတော်စင် ၄ ဦးသာ ကျန်ခဲ့သည်။ ထို့အပြင် ၎င်းတို့အားလုံးကလည်း ဒဏ်ရာ အပြင်းအထန် ရထားခဲ့သည်။

ဒီအခြေအနေတွင်
တိမ်ပင်လယ်အကယ်ဒမီက အနိုင်ရဖို့
အခွင့်အရေး အနည်းငယ်မျှပင် မရှိပေ။

တစ်နည်းဆိုရသော်
တိမ်ပင်လယ်အကယ်ဒမီ၏ ဌာနမှူးဖြစ်သည့်
သူသည် အချိန်မရွေး အသတ်ခံရနိုင်သည် ။

နည်းပြဆရာကျူး က ယန်ယဲ့၏
စကားကြောင့် အချိန်တော်တော်ကြာထိ
နှုတ်ဆိတ်သွားကာ “ကောင်းပြီ၊

မင်းဆန္ဒရှိရင် ထွက်သွားနိုင်တယ်။

အစ်ကိုရှန်းကို ပြောလိုက်ပါ။

သူသဘောတူရင်

ငါတို့ကန့်ကွက်မှာမဟုတ်ဘူး”

ယန်ယဲ့ဟာ ပါးစပ်ထောင့်များ

တဆတ်ဆတ်တုန်လှုပ်သွားပါသည်။

၁၂၆၀

Almighty Sword Domain

အဆုံးမဲ့ဓားကမ္ဘာ

(ယန်ယဲ့)[ကောင်းကင်ပြင်ပ]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၁၂၆၀ - အဆုံးမဲ့နတ်ဆိုးဂိုဏ်းနဲ့ပူးပေါင်းမယ်

ယန်ယဲ့ဟာ ပါးစပ်ထောင့်များတုန်လှုပ်သွားသည်။ ထို့နောက် အချိန်အတော်ကြာကြာထိ အကူအညီမဲ့စွာ ရယ်မောနေလိုက်ပြီး “ကောင်းပြီ...ကောင်းပြီ နည်းပြဆရာကျူး နိုင်ပါတယ်။ ဒါပေမယ်လို့ အခု ငါတို့ ရင်ဆိုင်နေရတဲ့ အခြေအနေက တကယ့်ကို

ဆိုးရွားလွန်းတယ်။
ကောင်းကင်ဘုံနတ်ဘုရားခန်းမက ငါတို့ကို
သေချာပေါက် လွှတ်ထားမှာမဟုတ်ဘူး၊
သူတို့ အခွင့်အရေးရတာနဲ့ ငါတို့ကို
တိုက်ခိုက်လိမ့်မယ်။ တာအိုအမိန့်တော်နဲ့
ပတ်သက်ရင် ငါ့ကြောင့် ဒီကိစ္စကို
ဝင်ပါတော့မှာ မဟုတ်ဘူး။
သမင်ဖြူအကယ်ဒမီရဲ့
ဥပဒေထိန်းသိမ်းရေးအဖွဲ့ ခွဲပါ
ရှိနေသေးတယ်ဆိုတော့ ငါတို့က
အချိန်မရွေးသေသွားနိုင်တယ်"

နည်းပြဆရာကျူး က "မင်းက ဌာနမှူးဆိုတော့ မင်း ပဲဆုံးဖြတ်ချက်တွေ ချရမှာ"

ယန်ယဲ့၏ မျက်နှာသည် ချက်ချင်း မည်းမှောင်သွားသည်။ "ဒီယုတ်ညံ့တဲ့ လူအိုကြီးက အတော်လေးကို အရှက်မဲ့ပါလား "

ထိုအချိန်တွင် ယုဝူရှမ်က "တကယ်တော့
ငါတို့က မျှော်လင့်ချက်မဲ့တဲ့ အခြေအနေမှာ
မရှိသေးပါဘူး"

ယန်ယဲ့က "မင်းဘာကိုဆိုလိုတာလဲ"

ယုဝူရှမ်က ခဏလောက် လေးလေးနက်နက်
စဉ်းစားပြီးမှ စကားကိုပြန်ဆက်သည်
“သမင်ဖြူအကယ်ဒမီရဲ့
ဥပဒေထိန်းသိမ်းရေးအဖွဲ့ခွဲက ငါတို့ကို
ဖျက်ဆီး ချင်သလို သူတို့ရဲ့ဆန့်ကျင်ဖက်

စာပေပညာရှင်အဖွဲ့ခွဲက သူတို့ကို
အောင်မြင်ဖို့ သေချာပေါက်
ခွင့်ပြုမယ်မထင်ပါဘူး။
စာပေပညာရှင်အဖွဲ့ခွဲက ခွင့်ပြုခဲ့မယ်ဆိုရင်
သူတို့က ထင်းရှူးစီရင်စုကို
ဒီလိုလှည့်ကွက်တွေ ကစားမှာ မဟုတ်ဘူး။
သူတို့က အဆင့်မြင့်ပညာရှင်တွေ
စေလွှတ်ရုံနဲ့တင်
တိမ်ပင်လယ်အကယ်ဒမီတစ်ခုလုံးကို
အလွယ်လေး ဖျက်ဆီးပစ်နိုင်တာဘဲလေ"

"စာပေပညာရှင်အဖွဲ့ ခွဲကို အားကိုးဖို့ စိတ်ကူးထားရင် အဲဒီအတွေးကို ဖယ်ထားလိုက်လို့ရတယ်"

နည်းပြဆရာကျူး က “သူတို့က ငါတို့ကို အခွင့်အရေးပေးဖို့ ဆန္ဒရှိပေမဲ့ ငါတို့တိမ်ပင်လယ်အကယ်ဒမီက လွန်ခဲ့တဲ့နှစ်တွေမှာ ဒီအခွင့်အရေးကို ဆုပ်ကိုင်မထားနိုင်ခဲ့ဘူးလေ။ ဒါကြောင့် စာပေပညာရှင်အဖွဲ့ ခွဲရဲ့ အထက်အာဏာပိုင်တွေက ငါတို့ကို စိတ်ပျက်နေကြပြီ။ ဒါ့ပြင်

ဥပဒေထိန်းသိမ်းရေးအဖွဲ့ ခွဲက ငါတို့ကို

ဖယ်ရှားချင်နေတယ်ဆိုတာ

သိနေရင်တောင်မှ သူတို့က

ဥပဒေထိန်းသိမ်းရေးအဖွဲ့ ခွဲကို ဆန့်ကျင်မှာ

မဟုတ်ဘူး။ ဘာလို့လဲဆိုတော့ ငါတို့က

သူတို့အတွက် တန်ဖိုးမရှိသလို၊

ငါတို့အတွက်နဲ့

ဥပဒေထိန်းသိမ်းရေးအဖွဲ့ ခွဲကို

တိုက်ခိုက်ရတာ မထိုက်တန်ဘူးလေ”

"အကြီးအကဲ၊ ငါအဲဒါတွေအားလုံးကို ခန့်မှန်းပြီးပါပြီ" ယုဝူရှမ်က ဆက်ပြောလေသည် "ငါဆိုလိုတာက စာပေပညာရှင်အဖွဲ့ခွဲကို အားကိုးဖို့ ပြောနေတာ မဟုတ်ပါဘူး။ အနည်းဆုံးတော့ လောလောဆယ် ငါတို့က စာပေပညာရှင်အဖွဲ့ခွဲကို အားကိုးလို့ မရသလို၊ ဒါက ငါတို့တတ်နိုင်တဲ့ ဘောင်ထဲမှာလည်း မရှိဘူး”

နည်းပြဆရာကျူး က ယုဝူရှမ်ကို ကြည့်ကာ "သမီးငယ်လေး၊ ဒီမှာ ငါတို့လူတွေချည်းပဲရှိတာ။ အားလုံး ပြောချင်တာကို ပွင့်ပွင့်လင်းလင်းပြောပါ"

ယုဝူရှမ်က ခေါင်းညိတ်လိုက်ပြီး "အဆိုးမဲ့နတ်ဆိုးဂိုဏ်း နဲ့ ကောင်းကင်ဘုံနတ်ဘုရားခန်းမက သေခြင်းရှင်ခြင်းရန်သူတွေဆိုတာ စီရင်စုတစ်ခုလုံးလည်း သိနေတာဘဲ။ ဒါပေမဲ့ ကောင်းကင်ဘုံနတ်ဘုရားခန်းမက

တောင်ပိုင်းဒေသရဲ့စစ်ပွဲထဲမှာ ပါဝင်လာ
တာတောင်မှ အဆုံးမဲ့နတ်ဆိုးဂိုဏ်းက
လှုပ်ရှားမှုအရိပ်အယောင်မပြခဲ့ဘူး။ ဒါက
ထူးဆန်းတယ်လို့မထင်ဘူးလား"

ယန်ယဲ့က မျက်မှောင်ကြုတ်ကာ
"မင်းပြောချင်တာက သမင်ဖြူအကယ်ဒမီရဲ့
ဥပဒေထိန်းသိမ်းရေးအဖွဲ့ခွဲက
အဆုံးမဲ့နတ်ဆိုးဂိုဏ်းကို ဘာမှမလုပ်ဖို့
သတိပေးထားတာ ဖြစ်နိုင်တယ်လို့
ပြောမလို့လား"

"ဒါက ဖြစ်နိုင်ချေမဟုတ်ဘူး၊ သေချာတယ်"
ယုဝူရှမ်က ဆက်ပြောခဲ့သည်
"ကောင်းကင်ဘုံနတ်ဘုရားခန်းမက သူတို့ရဲ့
အဆင့်မြင့်အာဏာပိုင်တွေကို
ပေါ်တင်စေလွှတ်ခဲ့တာလေ။ အဲဒါက
အဆုံးမဲ့နတ်ဆိုးဂိုဏ်းအနေနဲ့ သူတို့ကို
တိုက်ခိုက်ဝံ့မှာမဟုတ်ဘူးဆိုတာ
သေချာပေါက်သိနေလို့ဘဲ။ ဒါပေမဲ့
အဆုံးမဲ့နတ်ဆိုးဂိုဏ်းက သူတို့ကို
မတိုက်ခိုက်ရဲအောင် ဖိအားပေးဖို့က

ကောင်းကင်ဘုံနတ်ဘုရားခန်းမမှာ
အဲလောက်အင်အားမရှိဘူး။ ဒီတော့
အကြောင်းပြချက်က တစ်ခုပဲရှိတယ်။
သမင်ဖြူအကယ်ဒမီရဲ့
ဥပဒေထိန်းသိမ်းရေးအဖွဲ့ခွဲက
သချာပေါက် ဝင်လာလို့ဘဲပေါ့"

ယုဂူရှမ်က ဤအထိ ပြောပြီးသည့်နောက်
ပါးစပ်ထောင့်တွင် အပြုံးတစ်ခု
ကောက်ကောက်ပါလျက် "ဒါကို
သေချာစဉ်းစားကြည့်ပါ။ တကယ်လို့

ငါတို့သာ အဆုံးမဲ့နတ်ဆိုးဂိုဏ်းဖြစ်ခဲ့ရင် အဲဒါကို လက်ခံဖို့ ဆန္ဒရှိမှာလား"

"ငါလက်မခံနိုင်ဘူး" နည်းပြဆရာကျူး က လေးနက်တည်ကြည်စွာပြောလိုက်သည် "ဒါပေမဲ့ သမင်ဖြူအကယ်ဒမီရဲ့ ဥပဒေထိန်းသိမ်းရေးအဖွဲ့ကို ဆန့်ကျင်ဝံ့မှာလား။ သမင်ဖြူအကယ်ဒမီတစ်ခုလုံးကို ကိုယ်စားမပြုနိုင်ပေမယ်လို့ သူတို့ရဲ့အင်အားက အဆုံးမဲ့နတ်ဆိုးဂိုဏ်း လို

ပလက်တီနမ်အဆင့်ဂိုဏ်းလေးတစ်ခုက
ရင်ဆိုင်နိုင်တဲ့ အရာမဟုတ်သေးပါဘူးလေ"

"အကြီးအကဲ ပြောတာလည်း မှန်ပါတယ်"
ယုဝူရှမ်က ပြုံးပြီး "ဒါကဒါပဲလေ...
တကယ်လို့ အကြီးအကဲက
အဆုံးမဲ့နတ်ဆိုးဂိုဏ်းရဲ့ဂိုဏ်းသခင်ဖြစ်ခဲ့ရင်
ကောင်းကင်ဘုံနတ်ဘုရားခန်းမ ဆက်ပြီး
အားကောင်းလာတာကို
စောင့်ကြည့်နေမှာလား။
ဉပဒေထိန်းသိမ်းရေးအဖွဲ့ခွဲကို

ကြောက်ရွံ့နေမှာလား ဒါမှမဟုတ် ဆန့်ကျင်မှာလား။ ဘာပဲဖြစ်ဖြစ်ပါလေ... သူတို့ နှလုံးသားထဲမှာ မကျေမနပ်နဲ့စိတ်တွေ ရှိနေသရွေ့တော့ ငါတို့မှာ အခွင့်အရေး ရှိမှာဘဲ"

နည်းပြဆရာကျူး က "အဆုံးမဲ့ နတ်ဆိုးဂိုဏ်းနဲ့ မဟာမိတ်ဖွဲ့ ဖို့ ပြောချင်တာလား"

ယုဝူရွှမ်က ခေါင်းညိတ်ပြီး ပြောလိုက်သည်

"ဒါက ငါတို့ရဲ့တိမ်ပင်လယ်အကယ်ဒမီ

ဒါမှမဟုတ် အဆုံးမဲ့ နတ်ဆိုးဂိုဏ်းပဲ ဖြစ်ဖြစ်

ငါတို့က ဥပဒေထိန်းသိမ်းရေးအဖွဲ့ခွဲကို

ဆန့်ကျင်လို့မရဘူး။ တစ်ဖက်က

ကောင်းကင်ဝါးမျိုးစပါးအုံးကလန်၊

သံမဏိမျောက်ဝံကလန်နဲ့

ကောင်းကင်ဘုံနတ်ဘုရားခန်း တို့က

သူတို့ရဲ့အမိန့်ကို နာခံတာမနာခံတာ

ဘေးဖယ်ထား။ သမင်ဖြူအကယ်ဒမီရဲ့

ဥပဒေထိန်းသိမ်းရေးအဖွဲ့ခွဲကို

ရင်ဆိုင်ဖို့ဆိုရင် နည်းလမ်းတစ်ခုပဲရှိတယ်။ အင်အားစုတွေ ပူးပေါင်းဖို့ဘဲ။ ဒီနည်းနဲ့ဆို ငါတို့က ဆက်ပြီးရပ်တည်ဖို့ အခွင့်အလမ်း ရှိနေတုန်းဘဲလို့ဆိုနိုင်တယ်"

နည်းပြဆရာကျူး က "ဒါဆို ငါ အဆုံးမဲ့နတ်ဆိုးဂိုဏ်းဆီ သွားလိုက်မယ်"

ယုဝူရှမ်က ခေါင်းခါပြီး "ငါတို့ သူတို့ဆီ မသွားနိုင်ဘူး"

နည်းပြဆရာကျူး က "ဘာလို့လဲ"

သူမက “ဘာလို့လဲဆိုတော့ ငါတို့ဖက်က စပြီးပြောမယ်ဆိုရင် သူတို့နဲ့ရင်ဆိုင်ရတဲ့အချိန်မှာ အနိမ့်ဖက်ကဖြစ်သွားလိမ့်မယ်။ ဒီတော့ ငါတို့ကို သူတို့လာရှာတဲ့အထိ စောင့်ရမယ်"

နည်းပြဆရာကျူး က "သူတို့ မလာရင် ဘာဆက်လုပ်မလဲ"

ယုဝူရွှမ်က ခေါင်းခါပြီး
"အဆုံးမဲ့နတ်ဆိုးဂိုဏ်းရဲ့ဂိုဏ်းသခင်က
ညာဏ်ကောင်းတဲ့သူဆိုရင် ငါတို့နဲ့တွေ့ဖို့
တစ်စုံတစ်ယောက်ကို စေလွှတ်မှာ
သေချာတယ်"

နည်းပြဆရာကျူး မပြုံးပြခင် ယုဝူရွှမ်ကို
အချိန်အတော်ကြာ စိုက်ကြည့်ရင်း
"သမီးငယ်လေး၊ မင်းက လုံးဝကို မဆိုးဘူး"

ယုဝူရှမ်က နှိမ့်ချသည်လည်း မဟုတ် မာနကြီးသည်လည်းမဟုတ်သော ပုံစံဖြင့် အနည်းငယ် ခေါင်းညိတ်လိုက်သည်။

"ဒါဆို တာအိုအမိန့်တော်က ဘယ်လိုလဲ" နည်းပြဆရာကျူး က ဆက်ပြောသည် “ဌာနမှူးယန်ယဲ့က သူတို့ရဲ့ သိုင်းသူတော်စင်တစ်ယောက်နဲ့ ချင်ဒေါင်ဖူကို သတ်ခဲ့တယ်။ ငါ့အထင် သူတို့ရဲ့အကျင့်စရိုက်အရဆို

တာအိုအမိန့်တော်က ဒီကိစ္စကို
ငြိမ်ခံမှာမဟုတ်ဘူး”

"သူတို့မှာ ရွေးချယ်စရာ ၃ ခုရှိတယ်"
ယုဝူရှမ်က “ပထမအချက်က
အရာအားလုံးကို လျစ်လျူရှုပြီး ငါတို့ကို
သေတဲ့အထိ တိုက်ခိုက်ဖို့။
ဒုတိယရွေးချယ်မှုက
အတိတ်ကိုအတိတ်မှာဘဲ ထားဖို့ဘဲ။ ငါတို့နဲ့
ငြိမ်းချမ်းရေးသဘောတူညီချက်လုပ်ပြီး
ပူးပေါင်းနိုင်တယ်။ နောက်ဆုံး

တတိယအချက်ကတော့ ဘာမှမလုပ်ဘဲ အခွင့်အရေးကောင်းကို စောင့်ပြီး အရေးကြီးတဲ့အချိန်မှာ နောက်ကျောကို ဓားနဲ့ထိုးမှာဘဲ"

နည်းပြဆရာကျူး က မျက်မှောင်ကြုတ်ကာ "ငါပြောတာမမှားရင် သူတို့က တတိယအချက်ကိုဘဲ ရွေးချယ်လိမ့်မယ်"

ယုဝူရှမ်က ခေါင်းညိတ်ပြီး "ဒါဆို၊ ငါတို့က သူတို့ကို ဒီလိုလုပ်ဖို့ အခွင့်အရေး လုံးဝ

မပေးနိုင်ဘူး။ တိမ်ပင်လယ်အကယ်ဒမီက
အဆုံးမဲ့နတ်ဆိုးဂိုဏ်း၊
ရှေးဟောင်းဓားကျောင်းတော်တို့နဲ့
မဟာမိတ်ဖွဲ့ထားသရွေ့တော့ သူတို့က
ငါတို့ကို ပေါ်တင်ဆန့်ကျင်မှာ မဟုတ်ဘူး။
ပြီးတော့ ကောင်းကင်ဘုံနတ်ဘုရားခန်းမနဲ့
ပူးပေါင်းဖို့လည်း မဖြစ်နိုင်ဘူး၊ ဒါပေမဲ့
တာအိုအမိန့်တော်က တောင်ပိုင်းဒေသကို
သစ္စာဖောက်ခဲ့ရင်တောင် သူတို့ကို
ကြောက်စရာမလိုပါဘူး။
ဘာဖြစ်လို့လဲဆိုတော့

ကောင်းကင်ဘုံနတ်ဘုရားခန်းမက ဒီနေရာနဲ့ အရမ်းအလှမ်းဝေးတယ်။ ငါတို့ကိုကူညီဖို့ အဆုံးမဲ့နတ်ဆိုးဂိုဏ်းရှိတယ်ဆိုတော့ ကောင်းကင်ဘုံနတ်ဘုရားခန်းမက တာအိုအမိန့်တော်ကို လုံးဝကူညီနိုင်မှာ မဟုတ်ဘူး”

နည်းပြဆရာကျူး က ယန်ယဲ့ကို လှည့်ကြည့်လိုက်ပြီး "မင်းဘယ်လိုထင်လဲ" ဟု မေးလိုက်ပါသည်။

ယန်ယဲ့က ခေါင်းကို
အနည်းငယ်ခါယမ်းလိုက်ပြီး "ဝူရှမ်
ပြောတဲ့အတိုင်းဘဲ ငါတို့လုပ်မယ်"

နည်းပြဆရာကျူး ခေါင်းညိတ်ပြီး "ဒါဆို
အဆုံးမဲ့ နတ်ဆိုးဂိုဏ်းရောက်လာတာကို
ငါတို့စောင့်နေကြတာပေါ့"

ခဏအကြာမှာဘဲ နည်းပြဆရာကျူး၊
ယုဝူရှမ် နှင့် တိမ်ပင်လယ်အကယ်ဒမီ၏
အာဏာပိုင်များအားလုံး  ခန်းမထဲကနေ

ထွက်သွားကြသည်။ ယန်ယဲ့ နှင့် ရှန်ချင်းယင်
တို့နှစ်ယောက်သာလျှင် ခန်းမထဲ၌
ကျန်ခဲ့၏။

ယန်ယဲ့က သူမကို အချိန်အကြာကြီး
စိုက်ကြည့်ရင်း "ငါက တခြားသူတွေကို
နှစ်သိမ့်ပေးတာ သိပ်တော့ မတော်ဘူး။
ငါပြောချင်တာက မင်းလက်စားချေချင်ရင်
ပိုသန်မာလာဖို့ ကြိုးစားရမယ်"

ထိုစကားပြောပြီးသည်နှင့် ခန်းမထဲကနေ လှည့်ထွက်လာလိုက်သည်။

ရှန်ချင်းယင်က ရုတ်တရက် ပြောခဲ့သည် "နင် သမင်ဖြူအကယ်ဒမီရဲ့ပြိုင်ပွဲမှာ ပါဝင်ဖို့ ဗဟိုနတ်ဘုရားစီရင်စုကို သွားတော့မယ် မဟုတ်လား"

ယန်ယဲ့က ရပ်လိုက်ပြီး "လူအိုကြီးရှန်းနဲ့ ဘာမှ ဆက်နွယ်မှု မရှိပေမဲ့ သမင်ဖြူအကယ်ဒမီက

သူ့သေဆုံးမှုအတွက် ရှင်းပြချက်
ပေးရမယ်လို့ ခံစားရတယ်"

ယန်ယဲ့က ပြောပြီးနောက် ခန်းမထဲကနေ
ထွက်လာခဲ့သည်။

ရှန်ချင်းယင်က ခန်းမထဲတွင်
ရပ်ကျန်နေခဲ့ပြီး သူမ၏လက်သီးများကို
တင်းတင်းဆုပ်ထားကာ "ဟုတ်တယ်....
သူတို့က ငါ့ကို ရှင်းပြချက်ပေးရမယ်!
ငါ့ကိုရှင်းပြရမယ်"

...

ယန်ယဲ့သည် တိမ်ပင်လယ်ခန်းမထဲသို့
ပြန်သွားပြီးနောက်
သူ့အခန်းထဲသို့တန်းဝင်ကာ
ဝက်ပါအစီအရင်တစ်ခုပါ
ချထားလိုက်သည်။

ချင်အမျိုးသမီး နှင့် ဟုန်အမျိုးသမီးတို့က
သူ့ကို အရောက်လာဖို့ သတင်းပို့ထားသဖြင့်
တိမ်ပင်လယ်ခန်းမကို ရောက်နေခြင်းပင်။

ယန်ယဲ့သည် ဟုန်အမျိုးသမီးကို
ကြည့်လိုက်ရာ သူမက သူ့အား
စူးစူးစိုက်စိုက်ကြည့်နေသည်ကို
သတိပြုမိသည်။ သိသာသွာပင် ထိုနေ့က
သူမကို မူလခရမ်းရောင်သလင်းကျောက်က
မပေးခဲ့သည့်အတွက် ဒေါသထွက်နေပုံပါ။

သို့သော်လည်း ယန်ယဲ့က သူမကို
ဂရုမစိုက်ဘဲ ချင်အမျိုးသမီးကို
တိုက်ရိုက်ကြည့်ကာ "ငါ သူမကို
သိုင်းသူတော်စင်အဆင့် ရောက်အောင်

ကူညီပေးနိုင်တယ်၊ ဒါပေမဲ့ အရင်လိုဘဲ
ငါ့မှာအခြေအနေတွေ ရှိတယ်။သူက ငါ့ကို ၃
ခါလောက် ကူညီရမယ်။ ငါယန်ယွဲ့က
ညှိနှိုင်းရတာ မကြိုက်ဘူး။ သဘောတူရင်
သူ့ကို
မူလခရမ်းရောင်သလင်းကျောက်တစ်တုံး
ပေးမယ်။ ငြင်းတယ်ဆိုရင်တော့
အခုချက်ချင်း ထွက်သွားနိုင်တယ်”

အဆုံးမဲ့ဓားကမ္ဘာ

(ယန်ယဲ့)[ကောင်းကင်ပြင်ပ]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၁၂၆၁ - တံခါးပိတ်ကျင့်ကြံခြင်း

"သူမသဘောတူတယ်" ချင်အမျိုးသမီးက ယန်ယဲ့ကို ပြန်ပြောလိုက်သည်

“စိတ်မပူပါနဲ့။ သူနဲ့ ငါ နှစ်ယောက်စလုံး ငါတို့စကားပြန်ပြောမှာမဟုတ်ဘူး။ အဲဒါကို ငါ အာမခံနိုင်ပါတယ်”

ယန်ယဲ့က ခေါင်းညိတ်ပြပြီး
မူလခရမ်းရောင်သလင်းကျောက်တစ်တုံးကို
ထုတ်၍ ချင်အမျိုးသမီး ထံ
ပစ်ပေးလိုက်သည်။ ဟုန်အမျိုးသမီး၏
အကြည့်သည်
မူလခရမ်းရောင်သလင်းကျောက် အပေါ်
ချက်ချင်းပင် ဆင်းသက်လာပါသည်။
သူမ၏ မျက်လုံးများတွင် စိမ်းလန်းသော
အရိပ်အယောင်တစ်ခု ရှိနေသည်။

ယန်ယဲ့က ရုတ်တရက် မေးလိုက်သည်
"မင်းက ကောင်းကင်ဝါးမျိုးစုပါးအုံးကလန်
ကလား"

ချင်အမျိုးသမီးက ခေါင်းညိတ်လိုက်ပြီး
"ဒါပေမဲ့ စိတ်မပူပါနဲ့။ ငါတို့က
ကောင်းကင်ဝါးမျိုးစုပါးအုံးကလန်နဲ့
ဆက်နွယ်မှု မရှိတော့ဘူး။ ဘာလို့လဲဆိုတော့
ကလန်ရဲ့လက်ရှိဘိုးဘေးက ငါတို့ကို
မျိုးနွယ်စုကနေ နှင်ထုတ်ထားတာလေ။
အဲဒါမှမဟုတ်ရင် ငါတို့ညီအစ်မတွေ

ဒီလိုဝေးလံခေါင်သီတဲ့အရပ်ထိ
လာပုန်းနေရမှာ မဟုတ်ဘူး”

ယန်ယဲ့က အံ့သြသွားကာ “ထုတ်ပယ်လိုက်
တာလား၊ ဘာကြောင့်များလဲ"

ချင်အမျိုးသမီးက မရှင်းပြခင် ခဏလောက်
လေးလေးနက်နက် စဉ်းစားနေလေသည်။
သူမက “ငါတို့အဖေက
ကောင်းကင်ဝါးမျိုးစုပါးအုံးကလန်ရဲ့
ဘိုးဘေးဖြစ်ခဲ့ပေမဲ့ သူ ဘိုးဘေးနေရာကနေ

ဖယ်မပေးခင်မှာ ငါတို့နှစ်ယောက်လုံး
သိုင်းသူတော်စင်အဆင့်ကို မတက်နိုင်ခဲ့ဘူး။
ကောင်းကင်ဝါးမျိုးစုပါးအုံးကလန်က
အားနည်းတဲ့သူကို ဘိုးဘေးနေရာထားဖို့
မဖြစ်နိုင်ဘူးလေ။ ဒီတော့ ငါတို့ရဲ့ဦးလေးက
ကလန်ရဲ့ဘိုးဘေးနေရာကို ယူလိုက်တယ်။
သူက ငါတို့ညီအစ်မတွေကို သတ်ဖို့
ရည်ရွယ်ထားတာ။ ဒါပေမဲ့ မျိုးနွယ်စုထဲက
သိုင်းသူတော်စင်တော်တော်များများက
ငါ့အဖေရဲ့
လက်အောက်ငယ်သားတွေဖြစ်ခဲ့တော့

ခွင့်မပြုခဲ့ကြဘူး။ ဒါကြောင့် အဆုံးမှာ ငါတို့ကို မသတ်နိုင်လို့ ကလန်ရဲ့အပြင်ကို နှင်ထုတ်ခဲ့တာဘဲ”

"ဒါဆို ဘာဖြစ်သလဲ" ယန်ယွဲ့က ခေါင်းညိတ်လိုက်သည်။
“မင်းရဲ့ဦးလေးဆီက ပြန်ယူချင်တာလား” ဟု ရုတ်တရက် မမေးမိ အချိန်အတော်ကြာ တိတ်ဆိတ်နေခဲ့သည်။

နှစ်ယောက်စလုံး အနည်းငယ်
ထိတ်လန့်သွားကာ ချင်အမျိုးသမီးက
တုန်တုန်ယင်ယင်အသံဖြင့် "နင် ငါတို့ကို
ကူညီမှာလား"

အတိတ်မှာသာဖြစ်ခဲ့လျှင် သူမက
ယန်ယဲ့နှင့်ပတ်သက်၍
မည်သည့်မျှော်လင့်ချက်တစ်စုံတစ်ရာကိုမျှ
ဆုပ်ကိုင်ထားဝံ့မည်မဟုတ်ပေ။
ယခုအချိန်တွင်မူ ယန်ယဲ့သည်
တိမ်ပင်လယ်အကယ်ဒမီ၏ ဥာနမှူးဖြစ်ကာ

ရှေးဟောင်းဓားကျောင်းတော်၏ အဓိက

တပည့်လည်း ဖြစ်နေသေးသည်။

ပလက်တီနမ်အဆင့်အင်အားစုကြီး နှစ်ခုမှ

သိုင်သူတော်စင်များ၏ အထောက်အပံ့က

မည်မျှထိ ကြောက်စရာကောင်းပါမည်နည်း။

အကယ်၍ ထိုပလက်တီနမ်အဆင့်

အင်အားစုကြီးနှစ်ခုသာ ဝင်ကူပါက

သူမအနေနှင့်

ကောင်းကင်ဝါးမျိုးစုပါးအုံးကလန်ကို

ပြန်ပြီးထိန်းချုပ်နိုင်ပါလိမ့်မည်။

"ငါကြိုးစားလို့ရတယ်" ယန်ယဲ့က
ပြောလိုက်သည်။အကယ်၍ သူသည်
ချင်အမျိုးသမီးနှင့် ဟုန်အမျိုးသမီးတို့အား
ကောင်းကင်ဝါးမျိုစပါးအုံးကလန်၏
ဘိုးဘေးနေရာသို့ ပို့ဆောင်ပေးနိုင်ပါက
တိမ်ပင်လယ်အကယ်ဒမီ အတွက်
သေချာပေါက်
မဟာမိတ်တစ်ခုရပါလိမ့်မည်။

ချင်အမျိုးသမီးက "နင်သာ ငါတို့ကို
ကူညီရင် ငါတို့ သေချာပေါက် ပြန်ဆပ်မယ်"

ယန်ယဲ့က “ဒါကို နောက်မှပြောကြတာပေါ့။
လက်တလောမှာ အရေးကြီးတာက
မင်းရဲ့အစ်မ သိုင်းသူတော်စင်အဆင့်
ရောက်ဖို့ပဲ။ သူမက
သိုင်းသူတော်စင်ဖြစ်တာနဲ့
မင်းတို့ညီအစ်မနှစ်ယောက်လုံး
ကောင်းကင်ဝါးမျိုးစုပါးအုံးကလန်ကို
ပြန်ပြီးထိန်းချုပ်ဖို့
အခွင့်အရေးပိုများလိမ့်မယ်"

ချင်အမျိုးသမီးက ခေါင်းညိတ်ပြီး

"နင်ပြောတာမှန်တယ်။ ငါသူမကို

သိုင်းသူတော်စင်အဆင့် ရောက်အောင်

ကျင့်ကြံဖို့ အခု ခေါ်သွားလိုက်တော့မယ်”

ထိုစကားပြောပြီးနောက် ချင်အမျိုးသမီးက

ဟုန်၏

လက်ကိုဆွဲယူကာ နေရာတွင်ပင်

ပျောက်ကွယ်သွားခဲ့သည်။

"ဘယ်လိုတောင်
အလောတကြီးနိုင်နေတာတုန်း"
ယနိယဲ့သည် ခေါင်းကို
အနည်းငယ်ခါယမ်းပြီး သူ့ညာလက်ကို
ဝှေ့ယမ်းလိုက်သည်။ ထို့နောက်
အဘိုးအိုကျူးယွမ်၏ အလောင်းက
သူ့ရှေ့တွင် ပေါ်လာသည်။

“စစ်မှန်တဲ့ သိုင်းသူတော်စင်အဆင့်
ဓားအစေခံ..." ယန်ယဲ့သည် စိတ်လှုပ်ရှားစွာ

ရေရွတ်ပြီး အဘိုးအိုကျူးယွမ်၏
အလောင်းကို စတင်သန့်စင်လိုက်သည်။

မေ့လျော့ခြင်းကောရီနှင့် ရှန်းယွန်ရှီ
တို့၏အဖြစ်အပျက်ပြီးနောက်တွင် သူဟာ
မကြုံစဖူးသော အန္တရာယ်ကို ခံစားမိခဲ့သည်။

အထူးသဖြင့် ရှန်းယွန်ရှီ၏
စိတ်ဝိညာဉ်လောင်ကျွမ်း၍ ကိုယ့်ကိုယ်ကို
ဖောက်ခွဲလိုက်သောအခိုက်အတန့်ပင်။

ရှန်းယွန်ရှီ သည် အဆင့်မြင့်သိုင်းသူတော်စင် တစ်ယောက် ဖြစ်နေသည့်တိုင် သမင်ဖြူအကယ်ဒမီနှင့် ရင်ဆိုင်ရချိန်တွင် စိတ်ဝိညာဉ်ကိုလောင်ကျွမ်း၍ သူ့ကိုယ်သူ ဖောက်ခွဲရန်မှတပါး ရွေးချယ်စရာမရှိခဲ့ပေ။ ထိုအခြေအနေက သမင်ဖြူအကယ်ဒမီဟာ မည်မျှ ကြောက်မက်ဖွယ်ကောင်းသည်ကို ရှင်းရှင်းလင်းလင်းပြသထား၏။

ထို့အပြင် ငရဲခန်းမ ပါရှိနေသေးသည်။ ငရဲခန်းမကနေ ပုံမှန်စေလွှတ်လိုက်သော

ပညာရှင်တစ်ယောက်ပင် သူ့အား
သတ်နိုင်လုနီးပါးဖြစ်သည်။ အကယ်၍
အဆင့်မြင့်ပညာရှင်ကို စေလွှတ်လိုက်ပါက
သူ့အနေနှင့် အသက်ရှင်ဖို့ အခွင့်အရေးပင်
မရှိနိုင်ပေ။

ဒီတစ်ကြိမ် ဖြစ်ပျက်ခဲ့သမျှ
အရာအားလုံးဟာ ယန်ယဲ့အတွက်
ရက်စက်ကြမ်းကြုတ်လွန်းသော
အမှန်တရားတစ်ခုဆိုသည်ကို
နားလည်သွားစေခဲ့သည်။

အမှန်ပင် သူက
အလွန်အားနည်းနေသေးသည်၊ လုံး၀ကို
အားနည်းလွန်းသေးသည်။

လူတစ်ယောက်ဟာ ခွန်အားနိမ့်ကျခြင်းက
ပြဿနာမဟုတ်ပေ။ သို့သော်လည်း
ထိုလူက ကိုယ့်အားနည်းချက်ကို
သတိမထားမိဘဲ အလွန်သန်မာနေကြောင်း
ယုံကြည်နေလျှင်တော့
သေချာပေါက်ပြဿနာကြီးတစ်ခုပါ။

ထိုကဲ့သို့လူက ကျင့်ကြံခြင်းလောက၌
အသက်ရှင်ဖို့မဖြစ်နိုင်ပေ။

ယန်ယွဲ့ဟာ အစွန်းရောက်တတ်သော
အကျင့်စရိုက်ရှိသော်လည်း
အခြေအနေမှန်ကို သတိထားမိသရွေ့တော့
အတတ်နိုင်ဆုံး ပြောင်းလဲပါသည်။

အကြောင်းအရင်းမှာ
လူတစ်ဦးတစ်ယောက်၏ ခွန်အားက
အကန့်အသတ်ရှိခဲ့သည်။

ဒီအခိုက်အတန့်လေးအတိုင်းပါပဲ။ သူသည် သိုင်းသူတော်စင်အဆင့် သို့မဟုတ် အင်ပါယာတစ်ပိုင်းအဆင့် ဖြစ်နေခဲ့လျှင် သမင်ဖြူအကယ်ဒမီ၊ ငရဲခန်းမ တို့ကိုမဆိုထားနှင့် ကောင်းကင်ဘုံနတ်ဘုရားခန်းမ ကို မြေလှန်ပစ်နိုင်ပေသည်။

ကောင်းကင်ဘုံနတ်ဘုရားခန်းသို့ သွား၍ အန်နန်ကျင်း နှင့် မုဟာန်ရှန်း တို့ကို ကယ်တင်ချင်ပါက လက်ရှိသူ့အတွက်

တစ်ခုတည်းသော ရွေးချယ်စရာမှာ
သူ့ကိုယ်ပိုင်ခွန်အားကို မြှင့်တင်ဖို့သာ။
သို့မဟုတ် အင်အားစုကြီးများနှင့်
မဟာမိတ်ဖွဲ့ဖို့ပင်။

ထို့ကြောင့် ယန်ယဲ့သည် ရုတ်တရက်
စိတ်ပြောင်းသွားပြီး ဟုန်အမျိုးသမီးကို
သိုင်းသူတော်စင်အဆင့်သို့ရောက်အောင်
ကူညီပေးဖို့ ရည်ရွယ်လိုက်ခြင်းပါ။
ထို့နောက် ချင်နှင့်ဟုန် တို့အား
ကောင်းကင်ဝါးမျိုစပါးအုံးကလန်ကို

ပြန်လည်ထိန်းချုပ်နိုင်ဖို့

ကူညီပေးရန်ဆုံးဖြတ်လိုက်၏။

အကြောင်းမှာ လက်ရှိအခြေအနေရ

သူ့ကိုယ်သူ သန်မာအောင်

ကြိုးစားရုံတင်မကဘဲ

အဆင့်မြင့်ပညာရှင်များပါ

စုဆောင်းထားရပေမည်။

...

မျက်စိတစ်မှိတ်အတွင်းမှာပဲ
တစ်ရက်တာဟူသောအချိန်က
ကုန်ဆုံးသွားခဲ့သည်။

ယန်ယဲ့သည် မရပ်မနားဖြင့် နေ့ရောညပါ
ခက်ခက်ခဲခဲ ကြိုးစားသန့်စင်ပြီးနောက်၊
နောက်ဆုံးတွင် အဘိုးအိုကျူးယွမ်အား
ဓားအစေခံအဖြစ်
အောင်မြင်စွာသန့်စင်နိုင်ခဲ့သည်။
စစ်မှန်သော သိုင်းသူတော်စင်အဆင့်
ဓားအစေခံကို သန့်စင်ခြင်းဟာ

သဘာဝအားဖြင့် အလွန်ခက်ခဲလှသည်။
ကံကောင်းစွာပဲ သူက ထိုအခြေအနေကို
ကျော်ဖြတ်နိုင်ခဲ့၏။

အဘိုးအိုကျူးယွမ်၏ ရုပ်အလောင်းကို
သန့်စင်ပြီးနောက်တွင် ယန်ယွဲ့သည်
အရှူးတစ်ယောက်လို ကျင့်ကြံခဲ့သည်။

သူတော်စင်တစ်ပိုင်းအဆင့်က
ထိပ်သီးပညာရှင်ဟုဆိုနိုင်သော်ငြား
သူ့အတွက် မလုံလောက်တော့ပါ၊

သူက တတ်နိုင်သမျှ
သိုင်းသူတော်စင်အဆင့်သို့
တက်လှမ်းထားရန် ဆုံးဖြတ်လိုက်ပါသည်။

အလယ်အလတ်သူတော်စင်တစ်ပိုင်းအဆင့်
သို့တက်လှမ်းပြီးနောက် ယန်ယဲ့ဟာ
အဆင့်တစ်ခုစီတိုင်းက ချိုးဖျက်ဖို့ရာ
အလွန်ခက်ခဲကြောင်း တွေ့ခဲ့သည်။
သို့သော်လည်း သူ့တွင် စနိုးလေး ရှိနေသဖြင့်
သိပ်ပြီးစိတ်ပူစရာမလိုခဲ့ပေ။

စနိုးလေးက ဝိညာဉ်စွမ်းအင်များကို

မူလခရမ်းရောင်စွမ်းအင်အဖြစ်ပြောင်းလဲ

ပြီး သူ့ထံ ပို့ပေးနေသည်ဖြစ်ရာ ယန်ယဲ့ဟာ

အလယ်အလတ်သူတော်စင်တစ်ပိုင်းအဆင့်

၏ထိပ်ဆုံးအဆင့်သို့

ရောက်လာရန်သိပ်မကြာလိုက်ပေ။

ဒီအချိန်တွင် ယန်ယဲ့သည်

အဆင့်မြင့်သူတော်စင်တစ်ပိုင်းအဆင့်

သို့ခြေလှမ်းဝက် ဝင်ရောက်နေပြီဟုပင်

ဆိုနိုင်၏။

ထို့နောက် သူက မူလစေတီကို
ဆင့်ခေါ် ဖို့ကြိုးစားလိုက်သော်လည်း
မည်သို့မျှ ထူးခြားမလာခဲ့ပေ။

မူလစေတီက မရေမတွက်နိုင်သော
ဝိညာဉ်စွမ်းအင်ပမာဏများစွာကို
စုပ်ယူထားခဲ့သော်လည်း
ပြန်လည်ကောင်းမွန်လာမည့်
အရိပ်အယောင်မပြသေးပါ။ထို့ကြောင့်
ယန်ယွဲ့သည် ဆန်းကြယ်ချီစွမ်းအင်များ
မပြတ်ပို့လွှတ်ပေးရုံသာတတ်နိုင်တော့သည်
။ ဒီအတွက် သူလည်း ရွေးချယ်စရာမရှိပေ။

လုံလောက်သော ဆန်းကြယ်ချီစွမ်းအင်ကို
ပို့လွှတ်နိုင်မှသာ မူလစေတီက
ပြန်ပွင့်လာမည်ကို သိနေခဲ့သည်။

သို့သော်လည်း လက်တွေ့တွင် သူ့အထင်က
မှားယွင်းကြောင်း သိလိုက်ရသည်။
မူလစေတီ ပြန်ပေါ်လာဖို့
မည်သည့်အရာများ လုပ်ဆောင်ရမည်ကို
သူလည်း မသိပေ။ ထိုအခြေအနေက
ယန်ယဲ့ကို ဒုက္ခပေးနေသည့် အကြီးမားဆုံး
ပြဿနာ ဖြစ်လာခဲ့သည်။

မူလစေတီက စုချင်းရှိ တို့၏ခွန်အား
တိုးမြင့်လာမှုနှင့် ဆက်စပ်နေရုံမျှမက နံပါတ်
၇ မင်းသမီးလည်း အထဲ၌ ရှိနေခဲ့၏။
အားလုံးက မူလစေတီ၏ ကမ္ဘာထဲ၌
အဆင်ပြေနေကြောင်း သိသော်လည်း
သူ့စိတ်ထဲတွင်
စိတ်မသက်မသာဖြစ်နေသေးသည်။

ယန်ယဲ့သည် မူလစေတီကို
ပြန်ပြီးဆင့်ခေါ်လိုသော်လည်း
ဘာထူးခြားမှုမှ ရှိမလာသောကြောင့်

အချိန်တစ်ခုထိ ဘေးဖယ်ထားဖို့သာ ဆုံးဖြတ်လိုက်ရသည်။ လက်ရှိတွင် အရေးကြီးဆုံးက သူ၏ရုပ်ခန္ဓာကိုမြှင့်တင်ဖို့ ကျင့်ကြံရန်သာဖြစ်သည်။

...

မျက်စိတစ်မှိတ်အတွင်းမှာ အချိန် ၁ လ ကျော်ကြာသွား၏။

ယန်ယွဲ့သည် တံခါးပိတ်ကျင့်ကြံနေဆဲပင်။

ဒီအချိန်အတောအတွင်း

တိမ်ပင်လယ်မြို့တော်ကား ကြီးမားသော

အပြောင်းအလဲများ ဖြစ်ပေါ် ခဲ့သည်။

တိမ်ပင်လယ်မြို့ကို ကာကွယ်ဖို့

သူတို့အားလုံး ရှိနေသရွေ့

တိမ်ပင်လယ်အကာယ်ဒမီက

သူတို့၏မျိုးဆက်များကို ကာကွယ်ပြီး

ပြုစုပျိုးထောင်ပေးမည်ဟု ယန်ယဲ့က

ကတိပေးထားခဲ့သည်။

ယုဝူရှမ်က တိမ်ပင်လယ်မြို့နှင့်
အကယ်ဒမီတွင် တန်းခွဲများစွာ
ဖွင့်လှစ်ပေးခဲ့၏။ ယခုအခါ တန်းခွဲပေါင်း
(၁၀၀၀) ကျော်ပင် ရှိနေခဲ့သည်။

ထို့အပြင် တိမ်ပင်လယ်အကယ်ဒမီတွင်
ဝင်ရောက်ဖို့ လုံလောက်သော
သဘာဝစွမ်းရည်
ပိုင်ဆိုင်ထားခြင်းမရှိသူများအတွက်
သိမ်ငယ်စရာမလိုတော့ပေ။
မရေမတွက်နိုင်သော ကျောင်းသားများက

ဖွင့်လှစ်ထားသော တန်းခွဲများ၌
သင်ယူနိုင်ပြီး အကယ်ဒမီမှ
ခန့်အပ်ထားသော နည်းပြဆရာများ၏
လမ်းညွှန်မှုကိုလည်း ရရှိခဲ့ကြသည်။

အတော်များများက
တိမ်ပင်လယ်အကယ်ဒမီသို့
တိုက်ရိုက်မဝင်ရောက်နိုင်သည့်တိုင်
အကယ်ဒမီမှ
စီစဉ်ပေးသည့်အရာကို လက်ခံကြသည်။
အကြောင်းမှာ အနည်းဆုံးတော့ သူတို့က

တိမ်ပင်လယ်အကယ်ဒမီသို့ဝင်ရောက်ဖို့

အခွင့်အရေးနှင့်မျှော်လင့်ချက် ဖြစ်နေလို့ပါ။

၁၂၆၂

Almighty Sword Domain

အဆုံးမဲ့ဓားကမ္ဘာ

(ယန်ယဲ့)[ကောင်းကင်ပြင်ပ]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၁၂၆၂ - ထင်းရှူးစီရင်စုရဲ့

နံပါတ်တစ်ပါရမီရှင်ကို ငါတွေ့ချင်တယ်

ထို့အပြင် တိုက်ခိုက်ရေးနည်းစနစ်ဌာန၊
ကျင့်ကြံခြင်းနည်းစနစ်ဌာနနှင့်
အခြားကျောင်းသားများအတွက်သာ
ဖွင့်လှစ်ထားသည့်
အကယ်ဒမီတန်းခွဲများကိုလည်း ယခုအခါ
အားလုံးလက်ခံနိုင်ပြီဖြစ်သည်။

သို့သော်လည်း
သတ်မှတ်ချက်တော့ရှိပေသည်။
လူတိုင်းက မစ်ရှင်ရမှတ်များကို
အသုံးပြုရပေမည်။

အကယ်ဒမီမှ ပေးအပ်သော မစ်ရှင်များကို
လုပ်ဆောင်ခြင်း၊
ရတနာများလဲလှယ်ပေးခြင်း အစရှိသည့်
နည်းလမ်းပေါင်းများစွာဖြင့် အမှတ်များကို
ရရှိနိုင်ပါသည်။

အတိုချုပ်ပြောရလျှင် တိမ်ပင်လယ်မြို့က
ယခုအခါ
တိမ်ပင်လယ်မြို့၏ထိန်းချုပ်မှုအောက်တွင်
အမှန်တကယ် ရှိနေသည်ဟု ဆိုနိုင်သည်။

ယုဝူရွမ်၏ အစီအစဉ်အစီအစဉ်များသည်
တစ်ချိန်က
ပူးပေါင်းလုပ်ဆောင်နိုင်စွမ်းမရှိသော
လေလွင့်ကျင့်ကြံသူများကို တဖြည်းဖြည်း
စည်းလုံးလာစေသည်။ထို့အပြင်
လေလွင့်ကျင့်ကြံသူအများစုသည်
တိမ်ပင်လယ်အကယ်ဒမီ၏
ထိန်းချုပ်မှုအောက်၌
မြို့၏စစ်မှန်သောအဖွဲ့ဝင်များ
ဖြစ်လာခဲ့ကြသည်။

အကယ်ဒမီတွင် မပါဝင်နိုင်ခဲ့သော

လေလွင့်ကျင့်ကြံသူများနှင့်

မျိုးနွယ်စုများအတွက်

တိမ်ပင်လယ်အကယ်ဒမီအကြား

ဆက်ဆံရေးကွန်ရက်တစ်ခုလည်း

ရှိပါသေးသည်။

ရိုးရိုးရှင်းရှင်းပြောရရင်

တိမ်ပင်လယ်အကယ်ဒမီ

ပျက်စီးသွားခဲ့ပါက

သူတို့ရခဲ့သည့်အရာအားလုံးလည်း

ပျောက်ကွယ်သွားပါလိမ့်မည်။

ယခုအချိန်တွင်
တိမ်ပင်လယ်မြို့တစ်မြို့လုံးရှိ မည်သူမျှ
တိမ်ပင်လယ်အကယ်ဒမီ၏ အမိန့်ကို
မနာခံဝံ့ဘဲမနေကြပေ။

ယုဝူရှမ်က အကျိုးကျေးဇူးကို ပံ့ပေးပြီး
မြို့တော်ရှိ
လူတိုင်းကို တိမ်ပင်လယ်အကယ်ဒမီနှင့်
ပေါင်းစည်းစေခဲ့သည်။ ထို့ကြောင့်
အရေးကြီးအခိုက်အတန့်တွင် အားလုံးက

အတူတကွ ရှင်သန်ကြမည် သို့မဟုတ်
အတူတကွ သေဆုံးကြပါလိမ့်မည်။

အတိတ်ကာလတွင်တော့
တိမ်ပင်လယ်အကယ်ဒမီဟာ
အားလုံး၏အထက်၌သာ ရပ်တည်ခဲ့ပြီး
မရေမတွက်နိုင်သော လူများကို
မျှော်ကြည့်ရစေခဲ့သည်။

ယခုဆိုလျှင် တိမ်ပင်လယ်အကယ်ဒမီသည်
အနီးပတ်ဝန်းကျင်ရှိ နယ်မြေနှင့် လုံးဝ

ရောနှောနေပါပြီ။အစပိုင်းတွင်
အကယ်ဒမီ၏ အဖွဲ့ဝင်အချို့က
ပြောင်းလဲမှုကို သဘောမကျကြပေ။
သို့သော် သိပ်မကြာလိုက်ပေ၊
ကန့်ကွက်သံများဟာ တစ်စတစ်စ
ပျောက်ကွယ်သွားပါတော့သည်။
အကြောင်းမှာ ယုဝ္ဝူရှမ်က ယန်ယဲ့၏
အထောက်ပံ့ကို ရထားသောကြောင့်ပင်။

ယန်ယဲ့ ပြောလိုက်သည့်အတိုင်း ယုဝ္ဝူရှမ်
လုပ်သမျှက သူလိုချင်သော အရာများပင်။

ယုဝူရွမ်က စီမံခန့်ခွဲမှုနှင့်
နည်းဗျူဟာပိုင်းများတွင် ကြီးမားသော
အရည်အချင်းများ ရှိသော်လည်း အဆုံးတွင်
သူမ၏ခွန်အားက နိမ့်ကျခဲ့သည်။
အဆင့်မြင့်ပညာရှင်များက
သူမ၏အမိန့်တိုင်းကို လိုက်နာဖို့
မဖြစ်နိုင်ပေ။ သို့သော်လည်း ယန်ယွဲ့
ဟူသောနာမည်ကို ကြားလိုက်သည်နှင့်
မည်သူမျှ ထိုမိန်းကလေးကို တစ်ချက်မျှ
မကြည့်ရဲခဲ့ပေ။
သူမ၏ကိုယ်ပိုင်စွမ်းရည်အပြင်

အခြားအရေးကြီးသောအကြောင်းပြချက်
တစ်ခုရှိနေသေးသည်။
ယန်ယဲ့သည်
ယုဝူရှမ်၏နောက်တွင်ရပ်နေခြင်းဖြစ်သည်။

တိမ်ပင်လယ်မြို့နှင့်
တိမ်ပင်လယ်အကယ်ဒမီတစ်ခုလုံးရှိ
လူတိုင်း၏ နှလုံးသားထဲတွင်
ယန်ယဲ့၏နာမည်ဂုဏ်သတင်းဟာ
နည်းပြဆရာကျူး နှင့် အခြားသော

သိုင်းသူတော်စင်များထက် သာလွန်သည်ဟု ဆိုနိုင် သည်။

အမှန်တော့ သူသည်
ထင်းရှူးစီရင်စုသမိုင်းတွင်
သိုင်းသူတော်စင်တစ်ဦးကို သတ်နိုင်သည့်
ပထမဆုံးသောသူတော်စင်တစ်ပိုင်းအဆင့်
ဖြစ်ခဲ့သည်။

........

လေ့ကျင့်ရေးခန်းမ......။

ယန်ယဲ့သည် မြေပြင်ပေါ်တွင်
တင်ပျဉ်ခွေလျက်ထိုင်နေခဲ့သည်။
တစ်ချိန်တည်းမှာပင် သူ၏အောက်ရာကလည်း
ပိုအားကောင်းလာပြီး တဖြည်းဖြည်း ပို
အားကောင်းလာသည်။

အစပိုင်းတွင် သူ့ခန္ဓာကိုယ်အတွင်းပိုင်းမှ
အငွေ့အသက်များ စိမ့်ထွက်လာပြီး
အခန်းတစ်ခုလုံး တုန်လှုပ်သွားစေသည်။
သို့သော်လည်း ဖြည်းဖြည်းချင်း ငြိမ်သက်ဖို့
အချိန်သိပ်မကြာလိုက်ပေ။

ခရမ်းရောင်မင့်ခ်ကလေးနှင့် စနိုးလေးတို့က ယန်ယွဲ့ ရှေ့တွင်ရှိနေသည်။

အငယ်လေးနှစ်ယောက်စလုံး ယန်ယွဲ့ကို မျက်တောင်မခတ်စတမ်း စိုက်ကြည့်နေကြသည်။

ယန်ယွဲ့ တံခါးပိတ်ကျင့်ကြံနေသည့် ဒီကာလတစ်လျှောက်လုံး သူတို့နှစ်ယောက်က ယန်ယွဲ့ နှင့်အတူ လိုက်ပါနေခဲ့၏။

ခရမ်းရောင်မင့်ခ်ကလေးက စနိုးကို
သူမနှင့်အတူ အပြင်ခေါ်သွားဖို့
ရည်ရွယ်ခဲ့သော်လည်း ယန်ယဲ့ဟာ
ခွင့်မပြုခဲ့ပေ။ ဇီအော နှင့် စနိုး
တို့၏ပုံရိပ်အမှန်က သူတို့နှစ်ယောက်လုံးကို
ဒုက္ခဖြစ်စေနိုင်သည်။

အထူးသဖြင့် စနိုး ပါ၊ သူမ
အပြင်ထွက်သွားသည်နှင့်
အလွန်ဆိုးရွားသော ပြဿနာများ
ဖြစ်ပေါ်လာနိုင်လေသည်။

သူမက ကမ္ဘာဦးဝိညာဉ်ဘုရင်
ဖြစ်နေသောကြောင့်ပါ။ ထို့အပြင်
သူမလေးက
မူလခရမ်းရောင်သလင်းကျောက်များကို
ဖန်တီးနိုင်စွမ်းရှိ၏။ သူမ၏အကြောင်းသာ
အပြင်ကို သတင်းရောက်သွားပါက
မှန်းဆမရနိုင်သော ဒုက္ခများ
ရောက်လာပါလိမ့်မည်။

ထိုအချိန်တွင် စနိုးက
တစ်ခုခုကိုပြောချင်နေဟန်ဖြင့် သူမ၏

လက်သည်းလေးကို ဖြောက်ပြီး ယန်ယဲ့ကို ညွှန်ပြလိုက်သည်။

သို့သော်လည်း ခရမ်းရောင်မင့်ခ်ကလေးက ခေါင်းခါလိုက်သည်။

ထိုကဲ့သို့ပင် အငယ်လေး ၂ ယောက်က တစ်ယောက်ကို တစ်ယောက် အဆက်မပြတ် လက်ဟန်ခြေဟန်ဖြင့် ပြောဆိုနေကြသည်။

နောက်တစ်နေ့အကြာ...။

ရှူး....

ယန်ယဲ့သည် မျက်လုံးကို
ဖြည်းညှင်းစွာဖွင့်လိုက်ရင်း လေကို
ခပ်ပြင်းပြင်း ရှူထုတ်လိုက်ပါသည်။
သူလှုပ်ရှားလိုက်သည်နှင့် တပြိုင်နက်
ခရမ်းရောင်မင့်ခ်ကလေးက
သူ့ညာဖက်ပုခုံးဆီသို့ ပျံတက်သွားသည်။
ထို့နောက် သူမ၏ခေါင်းလေးနှင့်

ယန်ယဲ့၏မျက်နှာကို အဆက်မပြတ် ပွတ်သတ်နေတော့သည်။

စနိုးကလည်း ခဏကြာ
တုံ့ဆိုင်းသွားပြီးနောက် ယန်ယဲ့၏
ဘယ်ဘက်ပခုံးဆီသို့ ပြေးတက်သွားပြီး
ခရမ်းရောင်မင့်ခ်ကလေးအတိုင်း
ယန်ယဲ့၏မျက်နှာကို
ပွတ်သပ်လိုက်ပါတော့သည်။

ဖပ်!

ခရမ်းရောင်မင့်ခ်ကလေးက သူမ၏
လက်သည်းကို ရုတ်တရက်
မြှောက်လိုက်ပြီး စနိုးကို ရိုက်လိုက်သည်။
စနိုးက ခေါင်းမော့ကာ
ခရမ်းရောင်မင့်ခ်ကလေးအား
စိုက်ကြည့်နေလေသည်။
ထိုအချိန်တွင် ခရမ်းရောင်မင့်ခ်ကလေးက
ယန်ယဲ့ကိုလက်ညှိုးထိုးပြပြီး သူမသာ
ဒီလိုလုပ်ဆောင်နိုင်သည်ဟု ပြောနေပုံပါ။

စနိုးက ယန်ယဲ့ကို ငုံ့ကြည့်ကာ

ခရမ်းရောင်မင့်ခ်ကလေးကို

တစ်ချက်ကြည့်လိုက်ပြီး

ခေါင်းညိတ်ပြလိုက်ရာ

ခရမ်းရောင်မင့်ခ်ကလေးက သူမကို

စိုက်ကြည့်နေသည်။

သို့သော်လည်း သူမက

ယန်ယဲ့၏လည်ပင်းကို

ဆုပ်ကိုင်ထားဆဲဖြစ်သည်။

သူမ၏မျက်နှာနှင့် ခေါင်းကို

အကြိမ်အနည်းငယ် ပွတ်သပ်နေသေးသည်။

သူမလေးက
ခေါင်းညိတ်လိုက်သည့်တိုင်ခရမ်းရောင်မင့်ခ်
ကလေး ဘာကိုဆိုလိုသည်ကို မသိခဲ့ပေ။

ဒီမြင်ကွင်းကိုမြင်လိုက်သောအခါ
ခရမ်းရောင်မင့်ခ်ကလေးက
ဒေါသထွက်သွားသည်။

သူမ၏ လက်သည်းကို မြှောက်လိုက်ပြီး
စနိုးကို ရိုက်နှက်ဖို့ပြင်လိုက်သည်။ သို့သော်
ယန်ယဲ့သည် ရုတ်တရက် သူ့လက်များကို
ဆန့်ထုတ်လိုက်ပြီး လက်နှစ်ဖက်လုံးကို

ဆုပ်ကိုင်လိုက်သည်။ သူ့မျက်နှာက
အပြုံးနှင့်အတူ
အသေးလေးနှစ်ကောင်လုံးကို
ဖက်နမ်းလိုက်၏။ "မျက်လုံးဖွင့်လိုက်တာနဲ့
မင်းတို့နှစ်ယောက်ကို တွေ့ရတာ တကယ်ကို
ကြည်နူးဖို့ကောင်းတယ်" အမှန်ပင်၊
ယန်ယဲ့ဟာ အေးချမ်းသာယာသော
ဘဝမျိုးကို သဘောကျနှစ်ခြိုက်ပေသည်။
ယန်ယဲ့သည် နမ်းလိုက်သောအခါ
ခရမ်းရောင်မင့်ခ်ကလေး၏မျက်နှာသည်
ချက်ချင်းနီမြန်းသွားသည်။ ထို့နောက်

ရှက်ကိုးရှက်ကန်းဖြင့် ယန်ယဲ့ကိုကြည့်ကာ ခရမ်းရောင်အလင်းတန်းတစ်ခုအဖြစ်ပြောင်း၍ ယန်ယဲ့၏ ဝတ်ရုံများကြားသို့ ဝင်ရောက်သွားသည်။

စနိုးက ခဏကြာ ထိတ်လန့်သွားပြီး ခရမ်းရောင်မင့်ခ်ကလေး လုပ်သည့်အတိုင်း လိုက်လုပ်လေသည်။

သူမက ယန်ယဲ့ကို စိုက်ကြည့်ကာ အဖြူရောင်အလင်းတန်းတစ်ခုအဖြစ်

ပြောင်းလဲသွားပြီး ယန်ယဲ့၏ ဝတ်ရုံထဲ ဝင်ရောက်သွားသည်။

သူတို့နှစ်ဦးစလုံး ထိုနေရာတွင် နေထိုင်ဖို့က သဘာဝအားဖြင့် မဖြစ်နိုင်ပေ။ သို့သော် ခရမ်းရောင်မင့်ခ်ကလေးက သေးငယ်သောလေဟာနယ်တစ်ခုကိုဖန်တီး ထားသဖြင့် နှစ်ယောက်လုံး နေနိုင်ပေသည်။

ယန်ယဲ့သည် အငယ်လေးနှစ်ယောက်လုံး အထဲပြန်ဝင်သွားသည်ကို မြင်သောအခါ

တဟားဟား ရယ်မောလိုက်လေသည်။
ထို့နောက် မတ်တပ်ထရပ်ကာ
သူ့ခန္ဓာကိုယ်ကို
အညောင်းအညာဖြေလျှော့လိုက်၏။
ချက်ချင်းပင် သူ့ခန္ဓာကိုယ်အနှံ့
ဖြိုးဖြိုးဖြစ်ဖြစ်မြည်သံများ
ထွက်ပေါ်လာပါသည်။

"ငါက အခု
အလယ်အလတ်သူတော်စင်တစ်ပိုင်းအဆင့်
ဖြစ်နေပြီ။ မဟုတ်သေးဘူး၊

အဆင့်မြင့်သူတော်စင်တစ်ပိုင်းအဆင့်လို့
ဆိုနိုင်တယ်။ သိပ်မဝေးတော့ပါဘူးလေ"
ယန်ယဲ့က ပြုံးလိုက်သည်။ အချိန် ၁
လကျော်ကြာ
အပြင်းအထန်တံခါးပိတ်ကျင့်ကြံပြီးနောက်
နောက်ဆုံးတွင်
အလယ်အလတ်သူတော်စင်တစ်ပိုင်းအဆင့်
သို့ တက်လှမ်းနိုင်ခဲ့သည်။

ထိုအချိန်တွင် အခန်း၏အပြင်မှ
အသံတစ်သံ ရုတ်တရက်

ပွဲတင်ထပ်လာသည် “ဒါက

အလယ်အလတ်သူတော်စင်တစ်ပိုင်းအဆင့်

ပဲ ရှိသေးတယ်မဟုတ်လား။ ကိုယ့်ကိုကိုယ်

အရမ်းအထင်ကြီးနေတာ ရပ်လိုက်ပါ။

ဒီကိုထွက်လာခဲ့… ထင်းရှူးစီရင်စုရဲ့

နံပါတ်တစ်ဂျီးနီးယက်ဖြစ်တဲ့

အလယ်အလတ်သူတော်စင်တစ်ပိုင်းအဆင့်

ကိုတွေ့ပါရစေ"

ဒီစကားကိုကြားသောအခါ ယန်ယဲ့၏

မျက်လုံးများသည် အနည်းငယ်

ကျဉ်းမြောင်းသွားသည်။

သူ့အခန်းတံခါးအပြင်ဖက်တွင်တစ်ယောက်

ယောက် ရှိနေသည်ကို သတိမထားမိဘဲ

ထိုလူရောက်လာခြင်းကိုပင်

သတိမပြုမိလိုက်သောကြောင့်ပါ။

သို့သော်လည်း ထိုလူ၏အသံကိုအခြေခံ၍

လူငယ်တစ်ယောက်ဖြစ်ပုံရသည်။

"ဘယ်သူလဲ.... လော့ချန်းရှောင် လား "

ယန်ယဲ့သည် အခန်းအပြင်သို့
ထွက်လာလိုက်ရာ
ခြံဝင်းအဝင်ဝတွင် လူငယ်တစ်ဦးက
ဝင်းတံခါးနံရံကို မှီလျက်နေသည်ကို
တွေ့လိုက်ရသည်။

လူငယ်က အနက်ရောင်ဝတ်ရုံရှည်ကို
ဝတ်ဆင်ထားကာ
သူ၏အနက်ရောင်ဆံပင်များက
လေနှင့်အတူ လွတ်လွတ်လပ်လပ်

လွင့်မျောနေလေသည်။ ထို့အပြင်
သူ့ပါးစပ်ထောင့်က အပြုံးမပျက်
ချိတ်ဆွဲထားသည်။လူငယ်၏အပြုံးက
တော်တော်လေးကို ဖော်ရွေပုံပါ။

ယန်ယဲ့က အနက်ဝတ်လူငယ်ကို
စူးစိုက်ကြည့်လိုက်ပြီး "လော့ချန်းရှောင်
လား"

ထိုလူငယ်က ယန်ယဲ့ကို ပြန်စိုက်ကြည့်ရင်း
သူ့မျက်နှာပေါ် ရှိ အပြုံးက ပို၍

ကျယ်လာကာ "သိုင်းသူတော်စင်တွေကို သတ်နိုင်တဲ့ သူတော်စင်တစ်ပိုင်းအဆင့်က ငါတို့ စီရင်စုမှာ ပေါ်လာလိမ့်မယ်လို့ ငါ ဘယ်တုန်းကမှ မမျှော်လင့်ထားဘူး။ မဆိုးပါဘူး။ လာ..... မင်း ဘယ်လောက် သန်မာတယ် ဆိုတာ ကြည့်ရအောင်"

ထိုစကားပြောပြီးသည်နှင့် တပြိုင်နက် သူ့လက်ထဲ၌

အနက်ရောင်ထီးတစ်ချောင်းပေါ်လာပြီး

ယန်ယဲ့ဖက်လှည့်၍

ဆတ်ခနဲဖွင့်ချလိုက်သည်။

၁၂၆၃

Almighty Sword Domain

အဆုံးမဲ့ဓားကမ္ဘာ

(ယန်ယဲ့)[ကောင်းကင်ပြင်ပ]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၁၂၆၃ - ဟင်းလင်းပြင်သခင်လေး

လူငယ်၏ လှုပ်ရှားမှုက လျင်မြန်သည်ဟု မပြောနိုင်သော်လည်း သိပ်ပြီး နှေးကွေးမနေပေ။ သို့သော် လည်း ယန်ယဲ့ အတွက်က

အချိန်မှီရှောင်တိမ်းခြင်းမပြုပါက
သေသွားနိုင်ပေသည်။

"အန္တရာယ်..အငွေ့အသက် "

ယန်ယဲ့၏မျက်လုံးများက
လေးနက်သောအမူအရာများရှိနေသည်။
ထိုလူငယ်၏ အော်ရာက အမှန်တကယ်
ကြောက်မက်ဖွယ်ရာ အတိုင်းအတာအထိ
အားကောင်းလာမည်ဟု သူ
မမျှော်လင့်ခဲ့ပေ။ သူ၏အော်ရာက

ဟင်းလင်းပြင်တစ်ပိုင်းအဆင့် ဓားစိတ်ဆန္ဒ ထက်အနည်းငယ်သာနိမ့်ကျခဲ့သည်။

ယန်ယွဲ့လည်း ထိုလူငယ်၏တိုက်ခိုက်မှုကို လျှော့မတွက်ဝံ့ပေ။ အဝါရောင်စမ်းရေကို ထုတ်ယူပြီး ဟင်းလင်းပြင်အဆင့် ဓားစိတ်ဆန္ဒနှင့်ပေါင်းကာ ရှေ့သို့ ခြေတစ်လှမ်း တိုးလိုက်ပြီးနောက် လူငယ်၏ တိုက်ခိုက်မှုကို ထိပ်တိုက်ရင်ဆိုင်လိုက်လေသည်။

ချွမ်....ချွင်....!

စူးစူးရှရှပွတ်တိုက်သံများ၊ ဓားအူသံများ
အနည်းငယ်ထွက်ပေါ်လာပြီးနောက်
အနီးတစ်ဝိုက်
အာကာသဟင်းလင်းပြင်သည်
ပြင်းထန်စွာတုန်ခါသွား၏။

ခဏကြာတွင်တော့ ထီးကိုင်လူငယ်က
မူလရပ်နေသည့်နေရာသို့ ပြန်ဆုတ်သွားကာ
သူ့ခြေထောက်အောက်ရှိ

ထုံးကျောက်တုံးဟာ ချက်ချင်းဆိုသလို
အမှုန့်ဖြစ်သွားခဲ့သည်။

ယန်ယဲ့ ကတော့
ခြေတစ်လှမ်းသာဆုတ်လိုက်ရပြီး
မည်သည့်အရာမျှ
ထူးထူးခြားခြားမဖြစ်ခဲ့ပေ။

"ဟင်းလင်းပြင်အဆင့် ဓားစိတ်ဆန္ဒ"
အနက်ဝတ်လူငယ်၏မျက်နှာတွင်
သိမ်မွေ့သောအရိပ်အယောင်တစ်ခုရှိနေသ

ည်။ သူက ယန်ယဲ့ကို စိုက်ကြည့်ရင်း "မင်းငါ့ကိုတကယ်အံ့သြသွားစေတာဘဲ။ မင်းဟာ တကယ်ပဲ ဟင်းလင်းပြင်အဆင့် ဓားစိတ်ဆန္ဒကို နားခည်ခဲ့ပြီကိုး။ ဒါက လော့ချန်းရှောင် နဲ့ ငါတောင် မလုပ်နိုင်သေးဘူး။ ဟုတ်ပါတယ်၊ ဒါက ငါတို့ မင်းကို ရှုံးနိမ့်ရမယ်လို့တော့ မဆိုလိုဘူး။ ငါတို့အတွက်တော့ စိတ်ဆန္ဒတွေက အရန်စွမ်းရည်တွေဘဲ”

ယန်ယဲ့က "မင်းဟာ လော့ချန်းရှောင် မဟုတ်ဘူး"

အနက်ရောင်ဝတ်လူငယ်က “ငါသာ သူဖြစ်ရင် မင်းသေလိမ့်မယ်” ဟုပြောလိုက်သည်။

"ဟုတ်ရဲ့လား" ယန်ယဲ့က လူငယ်ကို စိုက်ကြည့် "မင်းက လော့ချန်းရှောင် မဟုတ်ရင် အဆုံးမဲ့နတ်ဆိုးဂိုဏ်းရဲ့

ဟင်းလင်းပြင်သခင်လေး ရှုဝူရှန်း ဘဲ ဖြစ်ရမယ်"

"မင်းတော်တယ်"

ဟင်းလင်းပြင်သခင်လေးက အနည်းငယ် လျှောင်ပြောင်ရယ်မောရင်း “ငါက ထင်းရှူးစီရင်စုရဲ့နံပါတ်နှစ် ပါရမီရှင်ပါ။ မင်းဘယ်လိုထင်လဲ၊ ငါတို့တွေ အခု တွေ့ရတာ မပျော်ဘူးလား"

"မင်းက လုဝမ်အာ နဲ့ တခြားသူတွေထက် အများကြီး ပိုသန်မာတယ်" ယန်ယဲ့က တိုးညှင်းသော အသံဖြင့် ပြောလိုက်သည်။ သူသည် ရှုဝူရှန်း နှင့် တစ်ချက်သာ ဖလှယ်ခဲ့သော်လည်း ယန်ယဲ့၏စိတ်ထဲ၌ တောင်ပိုင်းဒေသရှိ မဟာထိပ်သီးပါရမီရှင် (၃)ဦးစလုံး မယှဉ်နိုင်မှန်း သိလိုက်သည်။

"လော့ချန်းရှောင်နဲ့ ငါ ဗဟိုနတ်ဘုရားစီရင်စုကို သွားခဲ့တယ်" ရှုဝူရှန်း၏အပြုံးသည်

တဖြည်းဖြည်းပျောက်ကွယ်သွားပြီး
"အဲဒီကိုသွားလိုက်မှ ငါတို့စီရင်စုရဲ့
ပါရမီရှင်တွေ
ဘယ်လောက်ရယ်စရာကောင်းလဲဆိုတာ
မင်းသိလာလိမ့်မယ်။ မင်းလိုပဲ။ မင်းရဲ့
ဓားတာအိုက
ထင်းရှူးစီရင်စုရဲ့လူငယ်မျိုးဆက်မှာ
ထိပ်ဆုံးအဆင့်ပါဘဲ။ ဒါပေမယ်လို့
ဗဟိုနတ်ဘုရားစီရင်စုမှာဆိုရင် မင်းက
ထိပ်တန်းအဆင့် ၁၀ ထဲမှာတောင်
မဝင်နိုင်လောက်ဘူး"

ယန်ယဲ့က ခေါင်းညိတ်ပြပြီး "ဒါကို
ငါတကယ် သဘောတူပါတယ်"

"အဲ့ဒါကြောင့် ငါတို့ရဲ့အချိန်တွေကို
မဖြုန်းမိစေနဲ့" ရှုဝူရှန်းက သူ့လက်ကို
ဝှေ့ယမ်းပြီး "အဆုံးမဲ့နတ်ဆိုးဂိုဏ်းကိုယ်စား
ငါ ဒီမှာ ရောက်လာတယ်။ ငါ့ရဲ့အဆုံးမဲ့
နတ်ဆိုးဂိုဏ်းက တခြားသူတွေကို ကူညီဖို့
အမြဲတမ်းအသင့်ရှိနေတယ်။
တိမ်ပင်လယ်အကယ်ဒမီက

ကောင်းကင်ဘုံနတ်ဘုရားခန်းမ၊
ကောင်းကင်ဝါးမျိုစပါးအုံးကလန်၊
သံမဏိမျောက်ဝံကလန် တွေရဲ့
ဝိုင်းပြီးအနိုင်ကျင့်တာကို ခံရတယ်လို့
ငါသိထားတယ်။ ဒီတော့ မင်းတို့က
လက်တစ်ဖက်ငှားဖို့ ငါ ဒီကိုရောက်လာပြီ။
ဟုတ်တယ်၊
မင်းရဲ့တိမ်ပင်လယ်အကယ်ဒမီက
ငါ့အဆုံးမဲ့နတ်ဆိုးဂိုဏ်းရဲ့
လက်အောက်ခံအဖြစ် သဘောတူသရွေ့

ငါ့ဂိုဏ်းက မင်းတို့ကို
အခုကနေစပြီးကာကွယ်ပေးတော့မှာ"

"မင်းရဲ့ကြင်နာတဲ့
ရည်ရွယ်ချက်တွေအတွက်
ကျေးဇူးတင်ပါတယ်" ယန်ယွဲ့ က “ဒါပေမဲ့
ငါတို့က ဘယ်သူ့ရဲ့အကာအကွယ်မှ
မလိုဘူး။ ဒါဆို မင်းပြန်လို့ရပြီ"

ရှုဝူရှန်းက ယန်ယွဲ့ကို စိုက်ကြည့်လိုက်ပြီး
"တိမ်ပင်လယ်အကယ်ဒမီက အခု

သိုင်းသူတော်စင် ၄ ယောက်ပဲ ရှိတော့တယ်။
မင်းကို ကူညီနေတဲ့ တခြား သိုင်းသူတော်စင်
ပါရင်တောင်မှ ၅ ယောက်ပဲ ရှိသေးတယ်။
ဒါပေမဲ့ ကောင်းကင်ဘုံနတ်ဘုရားခန်းမ၊
ကောင်းကင်ဝါးမျိုးစပါးအုံးကလန်၊
သံမဏိမျောက်ဝံကလန် နဲ့
တာအိုအမိန့်တော် တို့က မင်းရဲ့
တစ်ခုတည်းသော ရန်သူတွေ မဟုတ်ဘူး။
ဗဟိုနတ်ဘုရားစီရင်စုက လူတွေလည်း
ရှိတယ်။ ရိုးရိုးသားသားပြောရရင်
တိမ်ပင်လယ်အကယ်ဒမီက

မင်းရဲ့ရှေးဟောင်းဓားကျောင်းတော်နဲ့
မဟာမိတ်ဖွဲ့ထားရင်တောင် အသက်ရှင်ဖို့
အခွင့်အရေးရှိမှာမဟုတ်ဘူး”

"တကယ်လို့ ငါ့မှာ ရွေးချယ်စရာမရှိရင်
ငါ့အကယ်ဒမီကို
ကောင်းကင်ဘုံနတ်ဘုရားခန်းမမှာဘဲ
လက်နက်ချလိုက်မယ်" ယန်ယွဲ့က “သူတို့က
ငါတို့ကို ငြင်းမှာမဟုတ်ဘူးလို့ ငါထင်တယ်”

ရှူဝူရှန်းက ယန်ယဲ့ကို အချိန်အတော်ကြာ စိုက်ကြည့်နေရင်း ရုတ်တရက် ပြုံးလိုက်ကာ “ခုနတုန်းက ငါနောက်နေတာ။ အခုတော့ ကောင်းကောင်းပြောနိုင်ပါပြီ။ ငါတို့မှာ နှစ်ဖက်ရန်သူရှိတယ်၊ ဒါကြောင့် ဒီကိစ္စနဲ့ ပတ်သက်ပြီး မှန်ကန်တဲ့ ဆွေးနွေးမှုတွေ လုပ်နိုင်တယ်လို့ ငါထင်ပါတယ်။ ဟုတ်တယ်မလား"

"တန်းတူညီမျှတဲ့မဟာမိတ်" ယန်ယဲ့သည် ရှူဝူရှန်းကို ကြည့်ကာ "နှစ်ဖက်စလုံးက

တန်းတူညီတူရှိလိမ့်မယ်။
ငါ့တောင်းဆိုချက်က ရိုးရှင်းပါတယ်"

"ဒါက ငါ့ရဲ့အဆုံးမဲ့နတ်ဆိုးဂိုဏ်းအတွက်
အားနည်းချက်ဘဲ" ရှုဝူရှန်းက
ဆက်ပြောလိုက်သည်
"ရှေးဟောင်းဓားကျောင်းတော်
ပါဝင်လာရင်တောင် မင်းရဲ့အင်အားက
ငါတို့လောက် မပြင်းထန်ဘူးမဟုတ်လား"

ယန်ယဲ့က ခေါင်းညိတ်ပြပြီး “ဒါဆို
ဒီအတိုင်းလုပ်ရအောင်။
အဆုံးမဲ့နတ်ဆိုးဂိုဏ်းက
ကောင်းကင်ဘုံနတ်ဘုရားခန်းမနဲ့
ရင်ဆိုင်ရလိမ့်မယ်။
ငါ့တိမ်ပင်လယ်အကယ်ဒမီ ကတော့
ကောင်းကင်ဝါးမျိုစပါးအုံးကလန်၊
သံမဏိမျောက်ဝံကလန်
နဲ့ရင်ဆိုင်လိုက်မယ်။ ဗဟိုနတ်ဘုရားစီရင်စုနဲ့
ပတ်သက်လာရင်တော့

နှစ်ဖက်လုံးပေါင်းကြတာပေါ့။
အဆင်ပြေလား"

"ဒါက မတရားသေးဘူး" ရှုဝူရှန်းက
ခေါင်းခါရင်း စကားဖြတ်ပြောလိုက်သည်
"မင်းရဲ့အကယ်ဒမီက
ဗဟိုနတ်ဘုရားစီရင်စုက အဲဒီတည်ရှိမှုရဲ့
ပစ်မှတ်လေ။ ငါတို့ရဲ့အဆုံးမဲ့နတ်ဆိုးဂိုဏ်း
မဟုတ်ဘူး"

“သူတို့က တိမ်ပင်လယ်အကယ်ဒမီနဲ့
ရှေးဟောင်းဓားကျောင်းတော်ကို
ကိုင်တွယ်ဖို့
ကောင်းကင်ဘုံနတ်ဘုရားခန်းမကို
အသုံးချထားတယ်ဆိုတော့ သေချာပေါက်
ကတိတစ်ခုတော့ပေးထားမှာဘဲ။
ဘာပဲဖြစ်ဖြစ် ဒါက
မင်းရဲ့အဆုံးမဲ့နတ်ဆိုးဂိုဏ်းအတွက်
ကောင်းတဲ့အရာတော့မဟုတ်နိုင်ဘူးလေ။
ဒါဆို ကောင်းကင်ဘုံနတ်ဘုရားခန်းမ နဲ့
လက်တွဲဖို့ သူတို့ရွေးချယ်လိုက်တဲ့

အခိုက်အတန့်က မင်းရဲ့
အဆုံးမဲ့နတ်ဆိုးဂိုဏ်း နဲ့ ရန်သူတွေ
ဖြစ်သွားတာဘဲ မဟုတ်လား" ယန်ယဲ့က
ပြောလိုက်ပါသည်။

"ဒါတွေက ဒါပဲလေ...." ရှူဝူရှန်းက
တစ်ခုခုပြောဖို့ ပြင်လိုက်သော်လည်း
ယန်ယဲ့က စကားဖြတ်ပြောလိုက်ပြန်သည်
"မင်းပြောချင်တာကို ငါနားလည်ပါတယ်၊
ဒါပေမဲ့ ငါပြောချင်တာက
လက်ရှိအခြေအနေဟာ ငါတို့အတွက်ကော

အဆုံးမဲ့နတ်ဆိုးဂိုဏ်းအတွက်ပါ
အန္တရာယ်အရှိဆုံးအချိန်ကို ရောက်နေပြီ။
အသေးအမွှားကိစ္စတွေကို ဆက်ပြီး
ငြင်းခုံနေမယ်ဆိုရင် သေခြင်းတရားက
ငါတို့ဆီ တံခါးလာခေါက်တာနဲ့
ဘာမှတတ်နိုင်မှာမဟုတ်ဘူး။ ဒါပေမဲ့ ငါတို့
အနိုင်ရရင် မင်းရဲ့အဆုံးမဲ့နတ်ဆိုးဂိုဏ်းက
မြောက်ပိုင်းဒေသတစ်ခုလုံးရဲ့အရှင်သခင်
ဖြစ်လာလိမ့်မယ်”

ရှုဝူရှန်းက "ဒါဆို မင်းတို့အဖွဲ့က
မြောက်ပိုင်းဒေသကို
ဝင်မလာတော့ဘူးတဲ့လား"

ယန်ယဲ့က "ငါမလိုချင်ဘူးလို့ပြောရင်
ငါလိမ်ရာကျလိမ့်မယ်။ ဒါပေမဲ့
ကိုယ့်ကန့်သတ်ချက်တွေကို သိတယ်"

ရှုဝူရှန်းက ယန်ယဲ့ကို
အချိန်တော်တော်ကြာထိ
စိုက်ကြည့်နေခဲ့သည်။ "ဒါဆို ဆုံးဖြတ်ပြီးပြီ။

ငါဒီကိုမလာခင်

ကောင်းကင်ဘုံနတ်ဘုရားခန်းမက

ပညာရှင်တချို့ကို တောင်ပိုင်းဒေသဆီ

စေလွှတ်ပြီး ထူးခြားတဲ့

ကိုယ်လုံးကိုယ်ပေါက် ပိုင်ဆိုင်ထားတဲ့

အဲဒီကလေးမ ယုဝူရှမ်ကို

ဖမ်းဆီးဖို့ပြင်နေတယ်။ အရင်တုန်းကဆိုရင်

ဒါက ငါတို့နဲ့မဆိုင်ဘူး၊ အခုတော့

ဆက်စပ်နေပြီလို့ဆိုရမှာပေါ့။ ဒါကြောင့်

စိတ်မပူပါနဲ့၊ အဲဒီပညာရှင်တွေက

တောင်ပိုင်းဒေသကို ရောက်နိုင်လာမှာ
မဟုတ်ဘူး”

ယန်ယဲ့က
မှုလခရမ်းရောင်သလင်းကျောက်တစ်တုံးကို
ထုတ်ပြီး ရှုဝူရှန်း ထံ ပစ်ပေးကာ "ဒါက ငါ့ရဲ့
သေးငယ်တဲ့ လက်ဆောင်လေးတစ်ခုပါ။
မငြင်းပါနဲ့"

ရှုဝူရှန်းက ယန်ယဲ့ကို
လေးလေးနက်နက်အကြည့်ဖြင့်

တော်တော်ကြာအောင် စိုက်ကြည့်နေပြီး "ကောင်းပြီ၊ မင်းက တော်တော်ဉာဏ်ကောင်းတဲ့ကောင်ဘဲ" စကားပြောပြီးသည်နှင့် သူ့ညာလက်ကို ဝှေ့ယမ်းကာ ချက်ချင်း ပျောက်သွားသည်။

ရှူဝူရှန်း ထွက်သွားသည်နှင့် ယုဝူရှမ်က ခြံဝင်းထဲသို့ ဝင်လာခဲ့သည် "ကြည့်ရတာ ကောင်းကင်ဘုံနတ်ဘုရားခန်းမက ငါ့ကိုဖမ်းဖို့ လက်မလျှော့ကြသေးဘူးပဲ"

ယန်ယဲ့က "စိတ်ချ.... သူတို့
အရှုံးမပေးမချင်း ငါသူတို့ကို သတ်ပစ်မယ်"

ယုဝူရှမ်က ယန်ယဲ့ကို
တစ်ချက်ကြည့်လိုက်ပြီး "နင့်မှာ အမြဲတမ်း
ယုံကြည်မှုအပြည့်ရှိတယ်"
ဟုပြောလိုက်ပါသည်။

သူမ ပြောပြီးသည်နှင့်
သားရဲအရေခွံအလိပ်တစ်ခုကို ထုတ်ယူပြီး
ယန်ယဲ့ ဆီ ပေးလိုက်သည်။

ယန်ယဲ့က အနည်းငယ်အံ့သြသွားပြီး
"ဒါကဘာလဲ"

"ဒါက အချစ်ဇစ်သာ ရဲ့မြေပုံနဲ့
အဲဒီကိုအရောက်သွားနိုင်ဖို့လမ်းပါ။
သိပ်ပြီးပြည့်စုံတာတော့မဟုတ်ပေမဲ့
အချစ်ဇစ်သာကို ရောက်ဖို့တော့
လုံလောက်ပါတယ်” ထိုစကားပြောရင်း
ယန်ယဲ့နှင့် မျက်လုံးချင်းဆိုင်ကြည့်ကာ
ဆက်ပြောလေသည် “နင်က
စမ်းကြည့်ခွင့်မပေးမချင်း ဘယ်တော့မှ

စိတ်ကျေနပ်မှာမဟုတ်ဘူးဆိုတာ
ငါသိတယ်။ ဒါပေမဲ့ မဖြစ်နိုင်ရင်
ချက်ချင်းပြန်လာပါ့မယ်လို့ ကတိပေးရမယ်။
အန္တရာယ်များလွန်းတဲ့လမ်းကို သွားတဲ့အခါ
မဖြစ်နိုင်တော့ရင် ဆက်မသွားဖို့
ကတိပေးပါ။ အဆင်ပြေတယ်မဟုတ်လား"

ယန်ယဲ့သည် သားရေလိပ်ကို
အချိန်အကြာကြီး စိုက်ကြည့်ပြီးနောက်
လက်ကိုဆန့်ထုတ်ကာ ယုဝူရှမ်၏ ခေါင်းကို
ပွတ်သပ်လိုက်သည်။ သူက စကားပြောရင်း

ပြုံးလိုက်ပြီး “ငါတို့ဝူရှမ်က ပိုပိုပြီး ညဏ်ကောင်းလာပြီ။ အချိန်ကြာလေလေ လုဝမ်အာ အတွက် ပိုဆိုးလာလေလေဖြစ်မှာ။ ဒါကြောင့် ငါထွက်လာတာနဲ့ အချစ်ဇစ်သာကိုသွားပြီး ဖန်ဆင်းခြင်းသစ်သီးကိုရှာဖွေဖို့ ဆုံးဖြတ်ထားတယ်။ ဒါပေမဲ့ စိတ်မပူပါနဲ့၊ ငါ ကိုယ့်အကန့်အသတ်ကိုတော့ ကောင်းကောင်းသိပါတယ်လေ"

ယုဝ္ဂရှမ်က ပြောသည်
“အင်မော်တယ်ကျွန်းရဲ့နတ်ဆိုးဘုရင်ကို အသူရာဘုရင်မ လို့ခေါ်တယ်။ သူမက ထင်းရှူးစီရင်စုရဲ့နတ်ဆိုးဘုရင် ၁၂ ပါးမှာ အစွမ်းထက်ဆုံးနဲ့ အထူးဆန်းဆုံးဘဲ။ ဘာကြောင့်လဲ ဆိုတော့ သူမရဲ့ခွန်အားနဲ့ နောက်ခံ အစစ်အမှန်ကို ဘယ်သူမှ မသိနိုင်လို့လေ။ သူမ အုပ်ချုပ်နေတဲ့ ပင်လယ်ပြင်တစ်ခုလုံးက လူသားတွေဝင်လာတာကို လုံးဝ ကန့်သတ်ထားတယ်လို့

စီရင်စုတစ်ခုလုံးသိထားတယ်။ ပြီးတော့
အချစ်ဇစ်သာနယ်မြေကို ခြေချဝံ့တဲ့
ဘယ်လူသားပညာရှင်မဆို
အသတ်ခံရမယ်လို့ ထုတ်ပြန်ထားတာ။
တစ်နည်းပြောရရင်တော့ အချစ်ဇစ်သာနဲ့
အင်မော်တယ်ကျွန်းက
လူသားမျိုးနွယ်အတွက်
တားမြစ်နယ်မြေတစ်ခုဘဲ။ ဒီတော့
နင်အဲဒီကို သွားချင်ရင်တောင်
ပွင့်ပွင့်လင်းလင်း လုပ်လို့မရဘူး"

Almighty Sword Domain

အဆုံးမဲ့ဓားကမ္ဘာ

(ယန်ယဲ့)[ကောင်းကင်ပြင်ပ]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၁၂၆၄ - လူသားမျိုးနွယ်၏ သင်္ချိုင်း

ယန်ယဲ့က ခေါင်းညိတ်ပြပြီး "ငါ့မှာ အမှောင်တာအိုနိယာမနဲ့ ဓားနယ်မြေရှိတယ်။ ငါကိုယ်တိုင်လူလုံးမပြရင် ငါရှိနေတာကို

ဝိုင်းသူတော်စင်တောင်

သတိမထားမိနိုင်ဘူး"

"အဲဒါကြောင့် နင့်ကို သွားခွင့်ပြုတာပေါ့ "

ယုဝူရှမ်က တိုးတိုးလေးပြောခဲ့သည်

"တကယ်တော့ ငါနင့်ကို အခု

မသွားစေချင်ဘူး။ ဘာလို့လဲဆိုတော့ နင့်ရဲ့

လက်ရှိခွန်အားက

အားနည်းနေသေးလို့လေ။ ဒါပေမဲ့

ငါခွင့်မပြုရင် နင်စိတ်မကျေမနပ်ဖြစ်နေမှာ

သေချာတယ်။ ပြီးတော့ ငါနင့်ကို
မတားနိုင်ဘူးဆိုတာလည်း ငါသိတယ်"

ယန်ယဲ့က ပြုံးလိုက်မိသည် “စိတ်မပူပါနဲ့။ ငါ
အဲဒါကို စမ်းကြည့်မယ်။ တကယ်ခက်ခဲရင်
ကိုယ့်အသက်ကို မစွန့်ပါဘူးလေ"

ယုဝူရှမ်က "အကယ်ဒမီ၊ အစ်မကြီးဝမ်အာ
နဲ့ ငါတို့အားလုံး နင်အသက်ရှင်နေမှဘဲ
မျှော်လင့်ချက်ရှိမယ်ဆိုတာ သတိရပါ။
နင်တစ်ခုခုဖြစ်သွားရင် ငါတို့အားလုံး

ဘာဖြစ်မယ်ဆိုတာ
နင်စိတ်ကူးကြည့်သင့်တယ်"

ယန်ယဲ့က လေးနက်စွာ
ခေါင်းညိတ်လိုက်သည်။

ယုဝူရှမ်က ဆက်ပြောလိုက်သည်
"ကောင်းပြီ၊ ဒါဆို နင်
တံခါးပိတ်ကျင့်ကြံနေတုန်းပဲလို့ အားလုံးကို
ငါပြောလိုက်မယ်။ နင်က အခု အကယ်ဒမီနဲ့
တိမ်ပင်လယ်မြို့ရဲ့ကျောရိုးဖြစ်နေပြီ။

နင်ဒီမှာ ရှိနေတယ်လို့သိထားရင် သူတို့က သက်တောင့်သက်သာ ရှိလိမ့်မယ်။ ဒါ့အပြင် နင်က အစ်မဝမ်အာ ကိုလည်း နှုတ်ဆက်စရာ မလိုတော့ဘူး၊ ဒါဆို သူမလည်း နင့်ကို စိတ်ပူစရာ မလိုတော့ဘူးလေ"

ယန်ယဲ့သည် သူ၏ညာလက်ကို ဝှေ့ယမ်းလိုက်ရာ အဘိုးအိုကျူးယွမ်က ယုဝူရှမ် ရှေ့၌ ပေါ်လာသည်။ ယန်ယဲ့က သူမကို ကြည့်ကာ "ငါထွက်သွားပြီးတာနဲ့

မင်းနဲ့ ဝမ်အာ ကို
တိတ်တဆိတ်ကာကွယ်ပေးခဲ့မှာပါ။ ငါ
အင်မော်တယ်ကျွန်းကိုသွားတာက
တိုက်ခိုက်သတ်ဖြတ်ဖို့မဟုတ်လို့ မငြင်းပါနဲ့၊
ပြီးတော့ အကူအညီခေါ်သွားဖို့ဆိုတာလည်း
ငါ့အတွက် အဓိပ္ပါယ်မရှိဘူး။ ဒါ့အပြင် မင်းနဲ့
ဝမ်အ ကို ကာကွယ်ဖို့
သိုင်းသူတော်စင်တစ်ယောက်
အမြဲတမ်းရှိနေမှသာ ငါဘယ်သွားသွား
ဘာလုပ်လုပ် စိတ်ချနိုင်မှာ"

ယုဝ္မူရှမ်က ခဏကြာတိတ်ဆိတ်သွားပြီးမှ "နင်ဘယ်လောက်ကြာကြာခရီးထွက်မှာလဲ" ဟု မေးလိုက်သည်။

"အနည်းဆုံး တစ်လခွဲ ဒါမှမဟုတ် အများဆုံး တစ်လ လောက်ပေါ့" ယန်ယဲ့က ဆက်ပြောလိုက်သည် "မြို့ထဲမှာ တစ်ခုခုဖြစ်ရင် မင်းငါ့ကို အသံပို့လို့ရတယ်" ဒီအထိ စကားပြောပြီးနောက် ယုဝ္မူရှမ်အနားကပ်သွားပြီး သူမ၏နဖူးလေးကို

အသာအယာနမ်းလိုက်ကာ "မင်းနဲ့ ဝမ်အာ
တို့ ဂရုစိုက်ပါ" တစ်ချိန်တည်းမှာပင်
ယန်ယဲ့ဟာ နေရာတွင်ပင်
ပျောက်ကွယ်သွားသည်။

ထိုအချိန်တွင် ယုဝူရှမ်က
သူမ၏နဖူးကိုထိလိုက်ပြီး ယန်ယဲ့
ထွက်သွားသည့်ဖက်ကို
အချိန်အတော်ကြာအောင်
စိုက်ကြည့်နေခဲ့သည်။

...

နောက်ထပ် နှစ်ရက်ခန့်အကြာ....။

ယန်ယဲ့သည် အချစ်ဇစ်သာနယ်မြေနှင့်

သိပ်မဝေးသော မြို့တစ်မြို့သို့

ရောက်လာခဲ့သည်။

မြို့သည် အလွန်သေးငယ်ပြီး

တိမ်ပင်လယ်မြို့၏အရွယ်အစားထက်

ဆယ်ပုံတစ်ပုံမျှပင် မရှိပေ။ထို့အပြင်

မြို့အနေအထားက အတော်လေး

စုတ်ပြတ်ချာလန်နေ၏။

မြို့ရိုးများကအစ ပျက်စီးယိုယွင်းနေပြီး အက်ရာများဖြင့်ဖုံးလွှမ်းထားခဲ့သည်။ မြို့ရိုးများဟာ အချိန်မရွေး ပြိုကျလာတော့မည်ဟုပင် ထင်ရလေသည်။

ထို့နောက် ယန်ယဲ့၏ အကြည့်သည် သံချေးတက်နေသော မြို့တံခါးအထက်မှ သွေးရောင်လွှမ်းနေသော စကားလုံး ၄ လုံးကို မြင်တွေ့သွားသည်။ ထိုစကားလုံးများကား

"လူသားတွေအတွက်ငရဲလမ်း(လူသားမျိုးနွယ်၏သင်္ချိုင်း)" ဟူ၍ပင်။

"လူသားတွေရဲ့သင်္ချိုင်းကုန်းလား" ယန်ယွဲ့သည် ခဏကြာ လေးလေးနက်နက် စဉ်းစားပြီးနောက် မြို့ထဲသို့ ဝင်လာခဲ့သည်။ မြို့ထဲ ဝင်လာသည်နှင့် သူ့မျက်စိတစ်ဆုံးမြင်တွေ့ရသော မြင်ကွင်းကြောင့် ယန်ယွဲ့၏အမူအရာသည် သိသိသာသာ ပြောင်းလဲသွားခဲ့ပါသည်။

မရေမတွက်နိုင်သော
လူသေအလောင်းများက သူ့
အမြင်အာရုံတစ်ဆုံးထိ
ပြည့်နှက်နေလေသည်။
သူ့ရှေ့တွင် မြင်နေရသောမြင်ကွင်းက
အနည်းဆုံး လူသေအလောင်း (၁၀၀,၀၀၀)
ကျော်ရှိခဲ့သည်။

ထို့အပြင် အလောင်းများကို
လမ်းဘေးဝဲယာနှစ်ဖက်၌ တံစို့ဖြင့်
ထိုးဖောက်သီတန်းထားသည်။

နေရာတစ်ဝိုက်တွင်လည်း မည်သည့်
အဆောက်အအုံမျှ မရှိပေ။ ကျောက်စာတိုင်
မြောက်မြားစွာသာရှိ၍
ထိုတိုင်များသည်လည်း
လူသေကောင်များဖြင့် ဖုံးလွှမ်းထားသည်။
အများစုမှာ လူသားကျင့်ကြံသူများဖြစ်ပြီး
ကျင့်ကြံမှုအဆင့်ကလည်း မနိမ့်ကျလှပေ။
သောင်းချီသော လူသေအလောင်းများထဲ
အနိမ့်ဆုံးက သိုင်းဧကရာဇ်အဆင့်
ဖြစ်သည်။

ရုတ်တရက်ဆိုသလိုပင် ယန်ယဲ့သည်
အတန်းရှေ့နှစ်ဖက်မှ လူသေအလောင်း ၄
လောင်းကို သတိပြုမိလိုက်၏။
ထိုအလောင်း ၄ လောင်းက
သိုင်းသူတော်စင်များဖြစ်သည်။

လမ်းမအလယ်တွင်
ကျောက်စာတန်းတစ်ခုရှိနေသည်ကိုပါ
ထပ်ပြီးသတိပြုမိခဲ့သည်။
ထိုကျောက်ပြားချပ်ပေါ်တွင်
သွေးဖြင့်ရေးထားသော

စကားလုံးများရှိနေ၏။ "
အချစ်ဇစ်သာနယ်မြေကို
ကျူးကျော်တဲ့သူတိုင်း အကုန်သေရမယ်"

ယန်ယွဲ့သည် ကျောက်ပြားချပ်ကို
စိုက်ကြည့်ရင်း လက်သီးများကို
ဖြည်းညှင်းစွာ ဆုပ်ထားလိုက်မိသည်။
သူ့မျက်စိရှေ့မှမြင်ကွင်းဟာ
အသူရာဘုရင်မက လူသားမျိုးနွယ်အပေါ်
မည်မျှမုန်းတီးကြောင်း
အတိအကျပြောပြနေခဲ့သည်။

တစ်ဆက်တည်း အသူရာဘုရင်မ
မည်မျှအစွမ်းထက်သည်ကို
မှန်းဆကြည့်နိုင်၏။

ယန်ယဲ့အတွက်
အဆင့်ကျော်တိုက်ခိုက်ပြီး
သိုင်းသူတော်စင်များကိုသတ်နိုင်ခဲ့သော်လ
ည်း သိုင်းသူတော်စင်အချို့က
သူထင်သလောက် အားမနည်းကြောင်း
သိထားပါသည်။

ရှန်းယွန်ရှီ နှင့် ကျန့်ဝူချန်း တို့ကဲ့သို့ပင်။
အကယ်၍ သူသည် ထိုအဆင့်

သိုင်းသူတော်စင်များနှင့် တိုက်ခိုက်ရပါက
ကောင်းကင်ဘုံအုတ်ဂူကို အသုံးမပြုလျှင်
အနိုင်ရဖို့ အခွင့်အလမ်း မရှိတော့ပေ။

အသူရာဘုရင်မက ထင်းရှူးစီရင်စု၏
နံပါတ်တစ် နတ်ဆိုးဘုရင်ဟု ဆိုကြသည်။
၎င်းသည် ထင်းရှူးစီရင်စု၏
နံပါတ်တစ်ပညာရှင်ဟု ဆိုလိုပေသည်။
သူ၏လက်ရှိခွန်အားကိုအခြေခံ၍
ကောင်းကင်ဘုံအုတ်ဂူနှင့်ပေါင်းစပ်ထားလျှ

င်ပင် အသူရာဘုရင်မကို
လက်ရည်တူတိုက်ခိုက်ဖို့ရာ မဖြစ်နိုင်ပေ။

"ဒါဆို ကျန့်ဝူချန်း၊ နည်းပြဆရာကျူး နဲ့
တခြားသူတွေအားလုံးကို
ဒီကိုလာခိုင်းလိုက်ရမလား" ယန်ယဲ့၏
စိတ်ထဲ၌ အတွေးတစ်ခုပင်
ပေါ်လာလေသည်။

အသူရာဘုရင်မက မည်မျှပင်
သန်မာနေပါစေ သိုင်းသူတော်စင် ၁၀
ယောက်ကို ရင်ဆိုင်နိုင်ပါမည်လော။

သို့သော်လည်း ယန်ယဲ့သည် သူ့စိတ်ထဲက

အတွေးကို ချက်ချင်း ရှင်းထုတ်လိုက်၏။

ကျန့်ဝူချန်း နှင့်

ရှေးဟောင်းဓားကျောင်းတော်၏

အာဏာပိုင်များ သို့မဟုတ်

နည်းပြဆရာကျူး၊

တိမ်ပင်လယ်အကယ်ဒမီ၏

အာဏာပိုင်များဖြစ်စေ

လက်ရှိအခြေအနေက

ထွက်လာနိုင်မည်မဟုတ်ပါ။

သက်ဆိုင်ရာဌာနချုပ်များတွင်

သိုင်းသူတော်စင်များ မရှိပါက
ဖြစ်လာနိုင်မည့် နောက်ဆက်တွဲ
အကျိုးဆက်များဟာ
မှန်းဆ၍ပင်မရနိုင်ပေ။
ထို့အပြင် တိမ်ပင်လယ်အကယ်ဒမီနှင့်
ရှေးဟောင်းဓားကျောင်းတော်က
အချစ်ဇစ်သာနယ်မြေ၏ နတ်ဆိုးမျိုးနွယ်နှင့်
ပဋိပက္ခစစ်ပွဲစတင်ဖို့ မတတ်နိုင်ပါ။

လက်ရှိအခြေအနေအရတော့
သူ့ကိုယ်သူသာ အားကိုးရပါမည်။

ယန်ယှဲ့သည် သူ့အတွေးများကို ထိန်းထားပြီး သိုင်းသူတော်စင်အလောင်း ၄ လောင်းကို စိုက်ကြည့်နေ သည်။ ထို့နောက် သူ့ပါးစပ်ထောင့်၌ အပြုံးတစ်ခုက ရစ်ဝဲလာပါသည်။ နောက်ဆုံးတွင် သူက သိုင်းသူတော်စင်အဆင့် ဓားအစေခံများအဖြစ် သန့်စင်ဖို့ရလိုက်ပြီမဟုတ်ပါလား။

သို့သော်
အလောင်းများရှေ့ရောက်လာသောအခါတွင်
ယန်ယဲ့၏အပြုံးသည် ရုတ်ချည်းပင်
အေးခဲသွားသည်။ သိုင်းသူတော်စင် ၄
ယောက်စလုံးဟာ စိတ်ဝိညာဉ်များ
ဖျက်ဆီးခံရရုံသာမကဘဲ ခန္ဓာကိုယ်များပါ
တစ်စစီ ပျက်စီးနေခဲ့လေသည်။
အလောင်း၏ မျက်နှာပြင်ပေါ်က
ထိခိုက်မှုမရှိသယောင် ထင်ရသော်လည်း
သူ့လက်ဖြင့် အနည်းငယ်မျှထိလိုက်ချိန်တွင်
ပြာမှုန်အဖြစ် ပြောင်းလဲသွားခဲ့သည်။

"သနားဖို့ကောင်းလိုက်တာ " ယန်ယဲ့ဟာ အတော်လေး စိတ်ပျက်သွားသလို ခံစားလိုက်ရသည်။

အကြောင်းမှာ သိုင်းသူတော်စင်အလောင်း ၄ လောင်းကို ဓားအစေခံအဖြစ် သန့်စင်နိုင်မည်ဆိုပါက သူ့ဘေးနားတွင် သိုင်းသူတော်စင် ၄ ဦး အစောင့်ထားခြင်းနှင့်အတူတူပင်။

သို့သော်လည်း.....။

ယန်ယဲ့သည် နေရာတွင် ခဏကြာရပ်နေပြီး
အလောင်းများကို ဝမ်းနည်းစွာဖြင့်
စိုက်ကြည့်ကာ နေရာတွင်ပင်
ပျောက်ကွယ်သွားခဲ့သည်။

........

ချစ်ခြင်းမေတ္တာ၏ဇစ်သာ(အချစ်
ဇစ်သာနယ်မြေ) တစ်နည်း
မေတ္တာသံစဉ်နယ်မြေ...။

အချိန်တော်တော်ကြာသွားသည့်နောက်တွင်
ယန်ယဲ့သည် ပင်လယ်ပြင်ကြီး ရှေ့သို့
ရောက်လာခဲ့၏။

သူ့မျက်စိရှေ့၌ အကန့်အသတ်မဲ့သော
ရေပြင်ကျယ်ကြီးကို မြင်တွေ့လိုက်ရသည်။
ယန်ယဲ့သည် ပင်လယ်ပြင်ကို
စစ်ဆေးကြည့်နေရင်း
သူ့အမြင်အာရုံအဆုံး၌ ကျွန်းတစ်ကျွန်း၏
အရိပ်အယောင်ကို ဖျတ်ခနဲ
သတိထားမိလိုက်သည်။

ယန်ယဲ့သည် ကမ်းခြေတွင်

အချိန်တော်တော်ကြာသည်ထိ ရပ်နေပြီးမှ

သူ့အဝတ်အစားများကို

ရုတ်တရက်ဖယ်လိုက်ပြီး

သူ့ခန္ဓာကိုယ်အောက်ပိုင်းကို

သားရဲအရေခွံနှင့် ဖုံးလိုက်ပါသည်။

သူ့ခန္ဓာကိုယ်အပေါ် ပိုင်းကတော့

လုံးဝဗလာသာထားခဲ့သည်။ ထို့အပြင်

သူ့မျက်နှာတစ်ခြမ်းကိုပါ

ပုံစံပြောင်းထားလိုက်၏။

သူ့မျက်နှာတစ်ခြမ်းကို အကြေးခွံများဖြင့်

ဖုံးအုပ်ထားသော်လည်း မျက်နှာတစ်ဝက်ကို
သပ်သပ်ရပ်ရပ် ဖော်ထားသောကြောင့်
သူနှင့် နဂါးမျိုးနွယ်ကြား ဆက်စပ်မှုကို
ရှင်းရှင်းလင်းလင်း ပိုင်းခြားရန် မဖြစ်နိုင်ပေ။

အသူရာဘုရင်မက လူသားမျိုးနွယ်ကို
ရန်လိုခဲ့သော် လည်း
နတ်ဆိုးမျိုးနွယ်ကိုတော့ မတိုက်ခိုက်ခဲ့ပေ။
နတ်ဆိုးမျိုးနွယ်ဝင်တိုင်း
အချစ်ဇစ်သာနယ်မြေကို လာနိုင်ကြသည်။

ထို့ကြောင့် အချစ်ဇစ်သာနယ်မြေသည်
နတ်ဆိုးများ အများအပြား
ပုန်းအောင်းရာနေရာ၊ အထူးသဖြင့်
လူသားမျိုးနွယ်နှင့် နက်နဲစွာ
ရန်ငြိုးဖွဲ့ထားသူများ
နေထိုင်သောနေရာလည်း ဖြစ်သည်။

"ဟော့... ကလေး ဒီကိုလာခဲ့။ မင်း
စိမ်းပြာကျွန်းကို သွားမလို့လား"
ရုတ်တရက်ဆိုသလိုပဲ အသံတစ်ခု
ထွက်ပေါ်လာသည်။ ယန်ယဲ့သည်လည်း

အသံလာရာဆီသို့ကြည့်လိုက်ရာ
လှေတစ်စင်းနှင့် လှေပေါ်ပေါ်တွင်
အဘိုးအိုတစ်ဦးနှင့် အမျိုးသမီးတစ်ဦး
လိုက်ပါလာသည်ကို တွေ့လိုက်ရသည်။
တစ်ချိန်တည်းတွင် သူတို့နှစ်ယောက်လုံးက
ငါးပုံစံတူနေသည်ကိုပါ သတိထားမိခဲ့သည်။

"ဒီနှစ်ယောက်က ရေသူမကလေန်ရဲ့
အဖွဲ့ဝင်တွေလား"

ယန်ယဲ့သည် တစ်ခဏမျှ တုံ့ဆိုင်းသွားသည်။
ထို့နောက် သူ့ခန္ဓာကိုယ်သည်
တဖျပ်ဖျပ်တောက်ပလာပြီး လေ့ဆီသို့
ပျံသန်းသွားဖို့ ပြင်လိုက်၏။ သို့သော်
မြေပြင်မှ ထွက်ခွာခါနီးတွင် မမြင်နိုင်သော
စွမ်းအားတစ်ခုက သူ့ကို အောက်သို့
ချက်ချင်း တွန်းချလိုက်သည်ကို
သတိထားမိသဖြင့် အတော်လေး
အံ့အားသင့်သွားသည်။

"ကြည့်ရတာ ဒီနယ်မြေမှာက
ကန့်သတ်ချက်တွေ၊
စည်းမျဉ်းတွေရှိတယ်နဲ့တူတယ် "
ထိုအချိန်တွင် အဘိုးအိုနှင့် အမျိုးသမီးက
လှေကို ကမ်းပေါ်သို့ ရွှေ့ကပ်လာခဲ့သည်။
အဘိုးအိုက လှေပေါ်ကနေဘဲ ယန်ယဲ့ကို
လှမ်းကြည့်ကာ "ငါ့အထင် မင်း အခုမှ
ဒီကိုရောက်ဖူးတာထင်တယ်"ဟုရယ်မောကာ ပြောလိုက်လေသည်။

၁၂၆၅

Almighty Sword Domain

အဆိုးမဲ့ဓားကမ္ဘာ

(ယန်ယွဲ့)[ကောင်းကင်ပြင်ပ]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၁၂၆၅ - အချစ်ဇစ်သာ(မေတ္တာသံစဉ်)

နယ်မြေ

ယန်ယွဲ့က ခေါင်းညိတ်လိုက်ပြီး

"မင်းဘယ်လိုသိတာလဲ"

"မင်း ပုံသန်းဖို့ ကြိုးစားတာကို ကြည့်ရင်

ငါသိတယ်" အဘိုးအိုက

“မေတ္တာသံစဉ်နယ်မြေရဲ့နယ်ခံတွေသာ ဒီနေရာကို မပျံ့သန်းနိုင်ဘူးဆိုတာ သိထားတယ်လေ”

ယန်ယဲ့က အံ့သြသွားပြီး "ဘာလို့လဲ"

အဘိုးအိုက “မင်းတို့အားလုံး ပျံသန်းနိုင်ရင် ငါ့ရဲ့ရေသူမကလေးက သားရဲအမြုတေတွေ ဘယ်လိုရနိုင်မှာလဲ"

ယန်ယဲ့က ရုတ်တရက်
စကားမပြောနိုင်သေးပေ။

"စိမ်းပြာကျွန်းခရီးစဉ်အတွက်
ချီးမြှောက်ခြင်းနယ်ပယ်အဆင့်
သားရဲအမြုတေ ၅ ခု ကျမယ်။ ဟုတ်တယ်၊
ဒါပုံမှန်ဘဲ... တကယ်လို့ မင်းငြင်းရင်
ငါတို့ထွက်သွားမယ်"
အဘိုးအိုကပြောသည်။

ယန်ယွဲ့သည် ကောင်းကင်ယံအထက်ကို
ရုတ်တရက် မော့ကြည့်လိုက်သည်။
ကောင်းကင်ယံအထက်က
ရှင်းလင်းနေသော်လည်း မမြင်နိုင်သော
ဝက်ပါအစီအရင်တစ်ခု ရှိနေသည်ကို
သတိထားမိခဲ့သည်။ သူ၏
လက်ရှိခွန်အားဖြင့် ၎င်းကို ဖြတ်ကျော်ဖို့
သိပ်မခက်ခဲပါ။ သို့သော်လည်း သူသည်
မလိုအပ်သောအာရုံစိုက်မှုကို မလိုချင်ပေ။
ဒီတစ်ကြိမ်မှာတော့ ယန်ယွဲ့ဟာ သူ့ကိုယ်သူ

အတတ်နိုင်ဆုံး ထိန်းချုပ်ထားဖို့
ရည်ရွယ်ထားခဲ့သည်။
ယန်ယဲ့သည် လှေပေါ်ခုန်တက်ပြီးနောက်
သားရဲအမြှေတေတစ်ခုကို ထုတ်ယူကာ
အဘိုးအိုထံသို့ ကမ်းပေးလိုက်သည်။
အဘိုးအိုနှင့် အမျိုးသမီး တို့ဟာ ယန်ယဲ့
ထုတ်ပေးသည့် သားရဲအမြှေတေကို
မြင်သောအခါ အနည်းငယ်
ထိတ်လန့်သွားကြသည်။ ထိုအချိန်တွင်
အမျိုးသမီးက ယန်ယဲ့ထံ ရုတ်တရက်
ပြန်ပေးကာ “ငါတို့က

ချီးမြှောက်ခြင်းနယ်ပယ်အဆင့်
သားရဲအမြုတေ ၅ ခုပဲတောင်းတာ။
ဒါ...ဒါက သိုင်းကျေရာဇ်အဆင့်
သားရဲအမြုတေတစ်ခုဘဲ"

ယန်ယဲ့က "ဒါက
မလုံလောက်ဘူးထင်လို့လား"

အမျိုးသမီးက ခေါင်းကို
အလျင်စလိုခါယမ်းလိုက်သည်။
“မဟုတ်ဘူး၊ လုံးဝမပေးမလိုပါဘူး။

အရမ်းများတယ်။ သိုင်းကေရာဇ်အဆင့်
သားရဲအမြုတေတစ်ခုကတင်
ချီးမြှောက်ခြင်းနယ်ပယ်အဆင့်
သားရဲအမြုတေ (၁,၀၀၀)လောက်
လဲလှယ်လို့ရတယ်။ နင်ပေးတာက
အရမ်းများသွားပြီ"

ယန်ယဲ့က အံ့သြသွားပြီး "ဒါက
ကောင်းတာမဟုတ်ဘူးလား"

အမျိုးသမီးက ယန်ယဲ့ကို
တစ်ချက်ကြည့်ကာ ခေါင်းကို မော့လိုက်ပြီး
"ငါတို့ ရေသူမမျိုးနွယ်စုက ဂုဏ်သိက္ခာ
အလေးအနက်ထားသလို ငါတို့နဲ့
ထိုက်တန်တာကိုဘဲ လက်ခံတယ်"

ယန်ယဲ့သည် သူမ၏
စကားကိုကြားသောအခါ
အံ့အားသင့်သွားပြီး အနည်းငယ်ပင်
မျက်ခုံးပင့်တင်လိုက်မိသည်။ အမျိုးသမီးက

ချိုးမြှောက်ခြင်းနယ်ပယ်သာရှိသဖြင့်
အတော်လေးအားနည်းခဲ့သည်။

သူမ၏ အသွင်အပြင်က လှပသော်လည်း
အရမ်းကြီးချောလှသည်ဟုတော့
မယူဆနိုင်ပေ။ သို့သော် အရမ်းကြီးလည်း
ရုပ်ဆိုးသည်မဟုတ်ပေ။
သူမ၏မျက်နှာကအချိန်တော်တော်ကြာသ
ည်ထိ စိုက်ကြည့်ရကောင်းပေသည်။

အမျိုးသမီးက ယန်ယဲ့၏အကြည့်ကို
သတိပြုမိသောအခါ အနည်းငယ်

ရှက်သွားပြီး သားရဲ့အမြုတေကို ပြ
န်ပေးကာ အဘိုးအို၏
နောက်သို့အမြန်ပြန်သွားလိုက်သည်။

အဘိုးအိုက အခြေအနေကို
သဘောပေါက်သွားပြီး
အနည်းငယ်သတိထားဟန်ဖြင့် ယန်ယဲ့ကို
စိုက်ကြည့်နေသည်။

ယန်ယဲ့လည်း အခုမှသာ သတိဝင်လာပြီး
အတော်လေး ရှက်ရွံ့သွားမိသည်။

သို့သော်လည်း သူက အရေထူသည့်အတွက်
ဘာမှမဖြစ်သလိုသာ
ဟန်ဆောင်လိုက်လေသည်။

ထို့နောက်တွင်တော့ သူက
သိုင်းကေရာဇ်အဆင့် သားရဲအမြုတေကို
အမျိုးသမီးဆီ ပြန်ပေးလိုက်ပြီး
 "ငါ့မှာ တခြားရည်ရွယ်ချက်တွေ မရှိပါဘူး၊
တချို့ကိစ္စတွေကိုပဲ မေးချင်ပါတယ်။
အဲဒါကို မင်းအတွက်လျော်ကြေးအဖြစ်
ယူလိုက်ပါလား"

အမျိုးသမီးက
"ဒါကအရမ်းများနေသေးတယ်"

ယန်ယဲ့သည်ပင် ပါးစပ်ထောင့်များ
အနည်းငယ်လှုပ်ယမ်းသွားသည်။
ထိုသားရဲအမြုတေကို ယူဖို့
အတင်းအကျပ် ခိုင်းစေလိုခြင်းမဟုတ်ပါ။
သူ့တွင် အနိမ့်ဆုံး သားရဲအမြုတေက
သိုင်းကေရာဇ်အဆင့် သားရဲအမြုတေ
ဖြစ်နေသောကြောင့်ပင်။

ယန်ယဲ့က သူ့မျက်နှာကို အတင်းပြုံးပြပြီး
"အများကြီးမဟုတ်ပါဘူး၊ လုံးဝမပါဘူး"

အမျိုးသမီးက တခြားတစ်ခုခုပြောဖို့
ရည်ရွယ်ထားသော်လည်း ယန်ယဲ့
ရုတ်တရက် စကားဖြတ်ပြောလိုက်၏
"ကောင်းပြီ၊ ရိုးရိုးသားသားပြောပါရစေ။
ငါ့မှာ ချီးမြှောက်ခြင်းနယ်ပယ်အဆင့်
သားရဲအမြုတေ
များများစားစားမရှိဘူးလေ၊ ငါ့မှာ
သိုင်းကေရာဇ်အဆင့်

သားရဲ့အမြုတေတွေဘဲ ရှိတယ်။
မင်းငြင်းရင် ဒီလေ့က ထွက်သွားဖို့ကလွဲလို့
ငါ့မှာ ရွေးချယ်စရာမရှိတော့ဘူး"

နှစ်ယောက်စလုံး အနည်းငယ်
ထိတ်လန့်သွားကြသည်။
ရှင်းရှင်းပြောရလျှင် ယန်ယွဲ့ဟာ
ကြွယ်ဝလိမ့်မည်ဟု သူတို့
မမျှော်လင့်ထားခဲ့သည်မှာ သိသာပေသည်။
အမျိုးသမီးက ခဏတာတုံ့ဆိုင်းသွားပြီး
အဘိုးအိုကို ကြည့်လိုက်သည်။

နောက်ခဏကြာမှ သူက ပေါ့ပေါ့ပါးပါး ခေါင်းညိတ်သည်။ အဘိုးအိုက ခေါင်းညိတ်ပြပြီး သိုင်းကေရာဇ်အဆင့်သားရဲ့အမြုတေကို သိမ်းလိုက်သည် ။ ထို့နောက် သူမက “ပြော...ဆက်ပြောပါ။ ငါ့ကို ဘာတစ်ခုမှ မမေးနဲ့။ အဖြေသိချင်ရင် သူမကို သေချာမေးလိုက်။ မင်းသိချင်တာတွေ ဖြေပေးလိမ့်မယ်"

သားရဲအမြုတေကို ယူပြီးနောက်
ရေထဲတွင်ရှိနေသော အဘိုးအို၏အမြီးသည်
ဘယ်မှညာသို့ ယိမ်းထိုးသွားကာ လှေက
မြှားတစ်စင်းကဲ့သို့ ရှေ့သို့
ချက်ချင်းပြေးထွက်သွားသည် ။

ယန်ယဲ့က မမေးခင်
ခဏာတာတုံ့ဆိုင်းသွားပြီး
"အင်မော်တယ်ကျွန်းက ဒီနေရာနဲ့
ဘယ်လောက်ဝေးသလဲ" ဟု မေးလိုက်၏။

"အင်မော်တယ်ကျွန်း" အမျိုးသမီးက အလွန်အံ့အားသင့်သွားပြီး "နင်က အင်မော်တယ်ကျွန်းကို သွားချင်နေတာလား"

ယန်ယွဲ့က “မရဘူးလား” ဟုမေးလိုက်သည်။

"ဟုတ်တယ် နင်မသွားနိုင်ဘူး" အမျိုးသမီးက ဆက်ပြောလိုက်သည် “အဲဒါက အသူရာဘုရင်မရဲ့နယ်မြေလေ။ ပင်လယ်ပြင်က နတ်ဆိုးမျိုးနွယ်စုတွေကို

ထည့်မပြောနဲ့၊
မေတ္တာသံစဉ်နယ်မြေမှာနေတဲ့ ငါတို့တောင်
အဲဒီကို သွားခွင့်မပေးဘူး"

ယန်ယဲ့က အံ့သြသွားပြီး "ဘာလို့လဲ"

အမျိုးသမီးက “အင်မော်တယ်ကျွန်းက
ကျင့်ကြံခြင်းနတ်နယ်မြေဖြစ်လို့
နတ်ဆိုးမျိုးနွယ်စုအသီးသီးရဲ့
ထိပ်ဆုံးအဆင့်ပါရမီရှင်တွေဘဲ
အဲဒီနေရာကို သွားခွင့်ရလို့ပါ”

ယန်ယဲ့က ဒီစကားကိုကြားလိုက်သည့်အခါ ဝမ်းသာသွားပြီး "ငါက ပါရမီရှင်လို့ မင်းထင်လား" ဟု မေးလိုက်သည်။

အမျိုးသမီးက ယန်ယဲ့ကို စိုက်ကြည့်ကာ “နင့်ရဲ့ကျင့်ကြံမှုအဆင့်က ဘာလဲ” ဟု တိုးတိုးလေး မေးသည်။

ဒီမေးခွန်းကို မေးလာမှဘဲ ယန်ယဲ့သည်

သူ၏အရှိန်အဝါကို ဓားနယ်မြေနှင့်

ဖုံးကွယ်ထားကြောင်း သတိရသွားသည်။

သူက ဓားနယ်မြေကို ရုတ်သိမ်းခါနီးတွင်

အမျိုးသမီးက ဆက်ပြောလိုက်သည်

“တကယ်တော့ နင် ဘယ်လောက်

သန်မာနေပါစေ နင် အဲဒီကို သွားလို့မရဘူး”

ယန်ယဲ့လည်း ထပ်မံ အံ့သြသွားသည်။

"ဘာလို့လဲ"

“မေတ္တာသံစဉ်နယ်မြေရဲ့
နတ်ဆိုးမျိုးနွယ်စုတွေသာ
ဝင်ရောက်ခွင့်ပြုထားတယ်"ဟု
ပြန်ပြောခဲ့သည်။

ယန်ယဲ့က "တခြားနည်းလမ်း မရှိဘူးလား"
ဟု မမေးမီ အချိန်အတော်ကြာအောင်
ငြိမ်သက်သွားခဲ့သည်။

အမျိုးသမီးက "တစ်ခုရှိသေးတယ်"
ဟုပြန်ဖြေသည်။ သူမက "နင်က

မေတ္တာသံစဉ်နယ်မြေရဲ့
နတ်ဆိုးမိန်းမပျိုတစ်ယောက်ယောက်နဲ့
လက်ထပ်နိုင်တယ်။ ပြီးရင်
အင်မော်တယ်ကျွန်းကို သွားလို့ရပြီ။
ဟုတ်တယ်
ကြိုတင်သတ်မှတ်ချက်အနေနဲ့က နင့်မှာ
လုံလောက်တဲ့ ခွန်အားရှိဖို့ဘဲ။ မဟုတ်ရင် နင်
ပယ်ချခံရလိမ့်မယ်"

"မေတ္တာသံစဉ်နယ်မြေရဲ့
အမျိုးသမီးတစ်ယောက်ယောက်နဲ့

လက်ထပ်ရမှာလား" ယန်ယဲ့သည်
အတော်လေး အံ့အားသင့်သွားပြီး
သူ့အကြည့်များက အမျိုးသမီးဆီ
ကျဆင်းသွားသည် ။ သူ့အကြည့်ကို
သတိပြုမိသောအခါတွင် အမျိုးသမီး
၏မျက်နှာသည် ဖြူဖျော့သွားသည်။
ထို့နောက်တွင် သူမက ခေါင်းကို
အလျင်စလိုခါယမ်းကာ “ငါ... ငါ...
မလုပ်နိုင်ဘူး။ ငါ....”

ယန်ယဲ့သည် အမျိုးသမီးက
အထင်လွဲသွားသည်ကို
သိလိုက်သောကြောင့် အကူအညီမဲ့စွာသာ
ရယ်မောလိုက်သည်။

ဝုန်း....

ထိုအချိန်တွင် ပင်လယ်ပြင်အထက်သို့
ရေတိုင်လုံးတစ်ခု ထိုးထွက်လာပြီး
သူတို့၏လှေကို ချက်ချင်းပိတ်ဆို့ထားသည်။

ရေတိုင်လုံးက ပြန့်ကျဲသွားပြီးနောက် သံမဏိခက်ရင်းခွများ ကိုင်ထားသည့် လူအနည်းငယ်က ပင်လယ်မျက်နှာပြင်ပေါ်၌ ပေါ်လာသည်။

အများစုက လူသားခန္ဓာကိုယ်နှင့် ငါးမန်းခေါင်းများပါရှိသည်။ အားလုံးက သိုင်းကျေရာဇ်အဆင့် ပင်လယ်မျိုးနွယ်ဝင်များဖြစ်သည်။

ထိုလူအုပ်စုကို မြင်သောအခါ အဘိုးအိုနှင့် အမျိုးသမီး၏ အမူအရာသည် သိသိသာသာ ပြောင်းလဲသွားသည်။

ရှေ့ဆုံးကနေ ဦးဆောင်လာသူက ယန်ယွဲ့ နှင့် အဘိုးအိုကို ဖြတ်ကျော်ကာ ကြည့်လိုက်ပြီးနောက် သူ၏ အကြည့်သည် အမျိုးသမီးအပေါ်သို့ ကျဆင်းသွားသည်။

အမျိုးသမီးကိုတွေ့လိုက်သောအခါ သူ့မျက်လုံးများက ချက်ချင်းတောက်ပလာပြီး “ငါကံကောင်းဖို့

ဘယ်တုန်းကမှ မမျှော်လင့်ထားဘူး။

ဒီလောက်လှပတဲ့ ရေသူမလေးကို

တကယ်တွေ့ခဲ့တယ်။ ဟားဟား…

ဒီကောင်နဲ့ လူအိုကြီးကို သတ်လိုက်။

ဟိုအမျိုးသမီးကိုတော့

အသက်ရှင်လျက်ချန်ထားကြ။

ငါတို့ပျော်ပြီးရင် သူမကို

ဈေးကောင်းကောင်းနဲ့ ရောင်းနိုင်တယ်”

ထိုစကားကိုကြားသောအခါ
အမျိုးသမီး၏မျက်နှာသည်
ဖြူဖျော့သွားလေသည်။

ယန်ယဲ့သည် မျက်မှောင်ကြုတ်ကာ
သူ့ညာလက်သီးကို ဖြည်းညှင်းစွာ
အသင့်ဆုပ်ကိုင်ထားလိုက်သည်။

အဖွဲ့ကိုဦးဆောင်သည့် ငမန်းလူသားက
သူ့ညာလက်ကို ဝှေ့ယမ်းပြီး
"တိုက်ခိုက်ကြစမ်း"

“ခဏစောင့်” အဘိုးအိုက ယန်ယဲ့ကို ရုတ်တရက် လက်ညှိုးထိုးပြပြီး “သူ့မှာ သားရဲအမြုတေတွေအများကြီးရှိတယ်။ သူတို့အထဲမှာ အနိမ့်ဆုံးက သိုင်းကျောက်ဇအဆင့်တွေချည်းဘဲ"

ထိုစကားများ ပြောရင်း သူ့လက်ကိုဝှေ့ယမ်းလိုက်ရာ အမျိုးသမီး၏ လက်ထဲမှ သိုင်းကျောက်ဇအဆင့် သားရဲအမြုတေက အဘိုးအို၏လက်ထဲ

ရောက်လာသည်။ အဘိုးအိုက
“ဒါကိုတွေ့လား၊ ဒါက ငါတို့ကို
သူပေးထားတာဘဲ။ သူ့မှာ
သိုင်းကေရာဇ်အဆင့် သားရဲအမြုတေတွေ
တကယ်ရှိတာ။ ပြီးတော့
အများကြီးရှိနိုင်တယ်"

အဘိုးအို ပြောလိုက်သော စကားကြောင့်
တိုက်ခိုက်ဖို့ ပြင်နေသည့် ယန်ယဲ့ဟာ
ချက်ချင်းပင် အံ့အားသင့်သွားသည်။

"သူတို့က နတ်ဆိုးတွေမဟုတ်ဘဲနဲ့
လူသားတွေများလား" ယန်ယဲ့က
တွေးလိုက်မိသည်။ သူ ထင်ထားသလောက်
တော့ နတ်ဆိုးများက
လှည့်ကွက်များကိုမသုံးဘဲ
ပေါ်တင်သာပြုမူတတ်ကြသည်။
ဒီအခြေအနေက သူ့ကို အတော်လေး
အံ့အားသင့်သွားစေသည်။ သို့ရာတွင်
အခြေအနေမှန်က လူသား သို့မဟုတ်
နတ်ဆိုးပင်ဖြစ်စေ သေခြင်းရှင်ခြင်းနှင့်

ရင်ဆိုင်တွေ့သည့်အခါ လွတ်အောင်
ရှောင်ထွက်ကြသည်ချည်းသာ။

အမျိုးသမီးကလည်း အဘိုးအို၏
လုပ်ရပ်ကြောင့်
အံ့သြတကြီး ငေးကြည့်နေပြီး မျက်လုံးထဲ၌
မယုံကြည်နိုင်ဟန်များပင် ပေါ်နေခဲ့သည်။
သူမလည်း အဘိုးအိုက
ဒီလိုမျိုးလုပ်ဆောင်လိမ့်မည်ဟု
မမျှော်လင့်ထားခဲ့သည်က သိသာပေသည်။

သို့သော် အဘိုးအိုက အမျိုးသမီးအား ဂရုမစိုက်ဘဲ ယန်ယဲ့ကို လက်ညှိုးထိုးပြကာ "သူက သေချာပေါက် လူသားကမ္ဘာကကနေ ထွက်ပြေးလာတာပဲဖြစ်ရမယ်။ ပြီးတော့ သူ့မှာ သူတော်စင်တစ်ပိုင်းအဆင့် သားရဲအမြုတေတွေတောင် ရှိကောင်းရှိနိုင်တယ်"

၁၂၆၆

Almighty Sword Domain

အဆုံးမဲ့ဓားကမ္ဘာ

(ယန်ယဲ့)[ကောင်းကင်ပြင်ပ]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၁၂၆၆ - ငါတို့စပြီးထွက်လို့ရပြီလား

အဘိုးအို၏ စကားကိုကြားသောအခါ မြန်းလူသားများက ယန်ယဲ့ကို စိုက်ကြည့်နေကြသည်။ အဖွဲ့ကို ဦးဆောင်သူ မြန်းလူသားက စကားပြောဖို့ပြင်လိုက်စဉ် ယန်ယဲ့သည် သူ၏လက်သီးကို ရှေ့သို့ လျှပ်တစ်ပြက်ထိုးလိုက်လေသည်။

ဖောင်း!

ယန်ယဲ့၏ လက်သီးချက်မှ အားပြင်းသော
လက်သီးချီလှိုင်းများ ထွက်လာပြီးနောက်
ငမန်းလူသားများကို ထိမှန်သွားသည်။
ယန်ယဲ့၏ တိုက်ခိုက်မှုဟာ
အလွန်လျင်မြန်နေသဖြင့် အားလုံး
တုံ့ပြန်နိုင်စွမ်းမရှိဘဲ
သွေးမြူများအဖြစ်ပြောင်းလဲကာ
ပင်လယ်မျက်နှာပေါ် ကျဆင်းလာပြီး
ရေပြင်ဟာ နီရဲသွားလေတော့သည်။

ထိုမြင်ကွင်းကြောင့် အဘိုးအိုသည် လေပေါ်
"ဘိုင်းခနဲ" လဲကျသွားပြီး အမျိုးသမီး
ကတော့ အံ့အားသင့်နေကာ မျက်လုံးထဲ၌
ကြောက်ရွံ့မှုတို့ဖြင့် ပြည့်နှက်သွားသည်။
သူမ၏ မျက်နှာသည် တလိပ်လိပ်
ဖြူဖျော့နေခဲ့သည်။

ယန်ယဲ့က လက်သီးကို ပြန်ရုတ်လိုက်ကာ
အမျိုးသမီးနှင့် အဘိုးအိုကို
တစ်ချက်ကြည့်လိုက်ပြီး “ငါတို့
အခုသွားလို့ရပြီလား”

နှစ်ယောက်စလုံး
မလှုပ်မယှက်ဖြစ်နေကြသည်။
"ငါတို့အခုသွားလို့ရပြီလို့ ငါပြောနေတယ်၊
မင်းတို့မကြားဘူးလား" ယန်ယဲ့က
ရေသူမမျိုးနွယ်ဝင်နှစ်ယောက်ကို ကြည့်ကာ
အနည်းငယ်စိတ်မရှည်နိုင်ဖြစ်လာပြီး
အေးစက်စက်အသံနှင့် ပြောလိုက်သည်။

နှစ်ယောက်စလုံး၏ ခန္ဓာကိုယ်များ
အနည်းငယ်တုန်ခါသွားသည်။

အချိန်တော်တော်ကြာပြီးနောက်
အဘိုးအိုသည် ယန်ယဲ့ကို ကြောက်ရွံ့စွာ
ကြည့်လိုက်၏။ ယန်ယဲ့က ဒီကိစ္စကို
ရှင်းပြချက်မတောင်းကြောင်း မြင်လိုက်ရာ
သူ၏ငါးအမြီးကို ရေထဲ ပစ်ချလိုက်ပြီး
လှေကို တွန်းထုတ်ပါတော့သည်။

လှေသည် ပျံသန်းနေသကဲ့သို့
ရွေ့လျားသွားကာ လှိုင်းလုံးများပင်
တလိပ်လိပ် ထွက်လာသည်။

လှေပေါ်က အချိန်အတော်ကြာ

တိတ်ဆိတ်သွားပြီးနောက် ယန်ယဲ့သည်

ထိုကိစ္စကို ဆက်လက်လုပ်ဆောင်ရန်

ရည်ရွယ်ချက်မရှိသည်ကို

သတိပြုမိသောအခါ အမျိုးသမီးလည်း

သက်ပြင်းချနိုင်ခဲ့သည်။ အမျိုးသမီးက

ခဏတာ တုံ့ဆိုင်းသွားပြီး ယန်ယဲ့ ဆီသို့

လျှောက်သွားကာ

“ဒီအတွက်...တောင်းပန်ပါတယ်....”

ယန်ယဲ့က အဘိုးအိုကို
တစ်ချက်ကြည့်လိုက်ပြီး "သူတို့ကို ငါ့အပေါ်
အာရုံစူးစိုက်မှုရှိအောင် လုပ်လိုက်တာ၊
တကယ်တမ်းကျ မင်း သူမနဲ့အတူ
ပြေးနိုင်ပါ့မလား"

အဘိုးအိုသည် ခဏမျှ တုံ့ဆိုင်းသွားပြီး
ခေါင်းညိတ်ကာ “သူတို့က ငါတို့ကို
ပစ်မှတ်ထားမယ်ဆိုရင် ငါတို့ အသက်ရှင်ဖို့
အခွင့်အရေးနည်းနည်းလေးမှ
ရှိမှာမဟုတ်ဘူး။ ဒါတွေအားလုံးက

ငါ့အမှားဘဲ၊ မင်းငါ့ကို
ဘာမဆိုလုပ်လို့ရတယ်။ ဒါပေမဲ့ ရှောင်လန်း
ကို လွှတ်ပေးလိုက်ပါ။ သူက
ကြင်နာတတ်တဲ့ မိန်းမပျိုဖြစ်ပြီး မင်းကို
ထိခိုက်စေလိုတဲ့ ရည်ရွယ်ချက်
လုံးဝမရှိဘူး”

ယန်ယဲ့သည် အဘိုးအိုနှင့် ရှောင်လန်း
ဟုခေါ်သော အမျိုးသမီးကို
တစ်ချက်ကြည့်လိုက်ပြီး "စိတ်မပူပါနဲ့၊
မင်းနှစ်ယောက်လုံးကို ငါမသတ်ပါဘူး"

သူသည် ကြင်နာသူမဟုတ်ခဲ့ပါ။
အတိတ်ကဖြစ်ခဲ့လျှင် အဘိုးအိုကို ချက်ချင်း
သတ်ပစ်ပါလိမ့်မည်။

သို့သော်လည်း အခုအချိန်မှာတော့
ထိုအတွေးမျိုး
ရှိမနေခဲ့ပေ။

အဘိုးအို၏ လုပ်ရပ်သည်
အရှက်မရှိသော်လည်း
သနားစရာကောင်းလှသည်။ အဘိုးအိုက
သူ့ကိုယ်သူနှင့် ရှောင်လန်း တို့ကို ကာကွယ်ဖို့
ခွန်အားမရှိသော ကြောင့် အရှက်မဲ့စွာ

ပြုမူရန်မှတပါး ရွေးချယ်စရာမရှိပေ။
မည်သို့ပင်ဖြစ်စေကာမူ ကျင့်ကြံ
ခြင်းလောကဟာ
ခွန်အားနိမ့်ကျသူများအတွက်
နေရာမရှိပေ။သနားစရာကောင်းလှ၏။
ဒီအခိုက်အတန့်ကဲ့သို့ပင်၊ သူတို့တွင်
လုံလောက်သော ခွန်အားမရှိသောကြောင့်
ယန်ယဲ့ မကျေနပ်၍ သတ်ပစ်မည်ကို
အလွန်ကြောက်ရွံ့နေကြသည်။
နှစ်ယောက်လုံး အသံကျယ်ကျယ်ပင်
မပြောဝံ့ကြပေ။

မတူညီသောရှုထောင့်ကနေ
တွေးကြည့်ပါက ငရဲခန်းမ၊
သမင်ဖြူအကယ်ဒမီ တို့နှင့်
ရင်ဆိုင်နေရသော ယန်ယဲ့က သနားစရာပင်
မဟုတ်ပါလား။

"အားနည်းလွန်းတယ် !
ဆိုးရွားလိုက်တဲ့အားနည်းချက်"
ယန်ယဲ့သည် သူ၏မျက်လုံးများကို
ဖြည်းညှင်းစွာမှိတ်လိုက်သည်။ လက်ရှိ
သူသည် အလွန်အားနည်းနေသေးသည်!

အားနည်းရုံသာမကဘဲ
အင်အားကြီးနောက်ခံပင် မရှိခဲ့ပေ။

"ငါ့ရဲ့ခွန်အားကို တတ်နိုင်သမျှ
မြှင့်တင်ရမယ်" ယန်ယဲ့သည်
မျက်လုံးများကိုဖွင့်ကာ
သူ့လက်ဝါးကိုလှန်ပြီး
ရှေးဟောင်းဓားအိမ်ကို ထုတ်ယူလိုက်၏။
လက်ရှိ သူ့တွင် ဝှက်ဖဲ ၂ ခု ရှိထားသည်။
တစ်ခုမှာ ရှေးဟောင်းဓားအိမ်နှင့်
နတ်ဓားဖြစ်သည်။

ဓားဝိညာဉ်နိုးထလာပါက
သိုင်းသူတော်စင်တစ်ဦးကို
သတ်ပစ်နိုင်သည့်အပြင် စစ်မှန်သော
ကောင်းကင်ဘုံဖျက်ဆီးခြင်းဓား
သိုင်းသူတော်စင်အဆင့်
အထက်ပညာရှင်များကိုပင်
တိုက်ခိုက်နိုင်သည်။ သို့သော်
ယခုအချိန်တွင်မူ ဓားဝိညာဉ်သည်
အိပ်မောကျနေသောကြောင့် စစ်မှန်သော
ကောင်းကင်ဘုံဖျက်ဆီးခြင်းဓားကို
မလုပ်ဆောင်နိုင်ခဲ့ပါ။ ထို့အပြင်

ကောင်းကင်ဘုံဖျက်ဆီးခြင်းခားး၏
စစ်မှန်သောစွမ်းအားက
အလွန်ပြင်းထန်သောကြောင့်
ခားဝိညာဉ်နိုးထလာလျှင်ပင် အလွယ်တကူ
ထုတ်သုံးဖို့ရာ မဖြစ်နိုင်ပေ။

ဒုတိယဝှက်ဖဲက အင်ပါယာတစ်ပိုင်းဆင့်
လက်နက်ဖြစ်သည့် ကောင်းကင်ဘုံအုတ်ဂူ
ပင်။ ထိုနေ့တွင် မေ့လျော့ခြင်းကောရီ နှင့်
တိုက်ခိုက်ချိန်က ကောင်းကင်ဘုံအုတ်ဂူကို
အသုံးချခဲ့မည်ဆိုလျှင် သူမကို သတ်ပစ်ဖို့က

လုံးဝခက်ခဲလိမ့်မည်မဟုတ်ပေ။ကောင်းကင်

ဘုံအုတ်ဂူ၏စွမ်းအားသည်

အဆင့်မြင့်သိုင်းသူတော်စင်

ထက်မနိမ့်ကျပေ။ အကယ်၍ သူသည်

ကောင်းကင်ဘုံအုတ်ဂူနှင့်ပေါင်းစပ်မည်ဆို

လျှင် သူ၏ခွန်အားက

တဟုန်ထိုးမြင့်တက်သွားပါလိမ့်မည်။

နောက်ဆုံးတွင် သူသည်

ဟင်းလင်းပြင်အဆင့်

သတ်ဖြတ်ခြင်းစိတ်ဆန္ဒနှင့်

သတ်ဖြတ်ခြင်းတာအိုနှလုံးသား

ကိုပိုင်ဆိုင်ထားသည်။ ထို့အပြင် သူက
ဟင်းလင်းပြင်အဆင့် ဓားစိတ်ဆန္ဒကိုပါ
ပိုင်ဆိုင်ထားသေး၏။ ထို ၃ခုလုံးကို
ပေါင်းစပ်လိုက်လျှင်
သိုင်းသူတော်စင်များကို
ချက်ချင်းသတ်ပစ်ဖို့က
လုံးဝခက်ခဲမည်မဟုတ်ပေ။

သို့သော် ပြဿနာမှာ သူသည်
ကောင်းကင်ဘုံအုတ်ဂူကို
အသုံးပြုနိုင်မည်လား။ အဖြေမရှိခဲ့ပေ။

လက်ရှိ သူ့ခွန်အားဖြင့်
ကောင်းကင်ဘုံအုတ်ဂူကို အသုံးချပါက
သေခြင်းနှင့်သာရင်ဆိုင်ရပေမည်။

သူက စစ်မှန်သော
ကောင်းကင်ဘုံဖျက်ဆီးခြင်းဓားကို
မသုံးနိုင်ခဲ့သည့်အပြင်
ကောင်းကင်ဘုံအုတ်ဂူကိုလည်း
အသုံးမပြုနိုင်ပေ။

ယန်ယဲ့သည် သူ၏
အစွမ်းထက်ဆုံးဝှက်ဖဲများကို အမှန်တကယ်
ထိန်းချုပ်နိုက်စွမ်းမရှိကြောင်း

သတိပြုမိခဲ့သည်။ သူသည်
ပြင်ပအကူအညီနှင့်
ရတနာလက်နက်များကိုသာ မှီခိုနေရ၏။

တစ်ချိန်တည်းမှာပင် ယန်ယဲ့သည်
အတိတ်ကာလမသိခဲ့သောအချိန်မှစပြီး
ပြင်ပအကူအညီများကို သုံးလာခဲ့ကြောင်း
သတိပြုမိသွားသည် ။

နတ်ဘုရားအဆင့်ရတနာလက်နက်များ
မရှိပါက လက်ရှိသူ့ခွန်အားဖြင့်

သိုင်းသူတော်စင်များကို
သတ်နိုင်ပါမည်လော။

ပြင်ပအကူအညီနှင့် ရတနာများသည်
ကြီးမားသောအကန့်သတ်ဖြင့်
အချိန်တိုအတွင်း သူ၏ခွန်အားကို
မြှင့်တင်ပေးနိုင်သော်လည်း အဆုံးသတ်၌
သူ့ကိုယ်ပိုင်ခွန်အားမဟုတ်ပေ။

"ကျင့်ကြံမှုနယ်ပယ်၊ စိတ်ဆန္ဒ၊
ဥပဒေသစွမ်းအင်များ၊ ဓားနည်းစနစ်များ၊

ရုပ်ခန္ဓာကိုယ်နှင့် အရှိန်" ဒီအရာများကသာ သူ၏စစ်မှန်သောအခြေခံအုတ်မြစ်ပါ။

ယန်ယွဲ့သည် အချိန်တော်တော်ကြာအောင် စဉ်းစားနေပြီးနောက် အသက်ပြင်းပြင်းရှူရင်း “ငါ လမ်းမှားနေပြီ” ဟု တိုးတိုးလေးပြောလိုက်ပါသည်။ ပြင်ပစွမ်းအားများနှင့် ရတနာများကို အရန်ခွန်အားပံ့ပိုးအဖြစ်သာအသုံးချနိုင်သည် ။ ၎င်းတို့သည် လူတစ်ဦးတစ်ယောက်၏ ပင်မစွမ်းအားအရင်းအမြစ်ဖြစ်လာရန်

လုံးဝမဖြစ်နိုင်ပါ။ အကြောင်းမှာ
၎င်းတို့သည်
အဓိကအရင်းအမြစ်ဖြစ်လာပါက၊
မှန်ကန်နေသော အခြေခံအုတ်မြစ်က
ယိုင်နဲ့သွားပေလိမ့်မည်။

ယန်ယဲ့သည် ရှေးဟောင်းစားအိမ်ကို
စိုက်ကြည့်ကာ
ကောင်းကင်ဘုံဖျက်ဆီးခြင်းစား၏
သာမာန်ပုံစံကို တွေးတောလိုက်သည်။

လက်ရှိတွင် သူသည်
အလယ်အလတ်သူတော်စင်တစ်ပိုင်းအဆင့်
ဖြစ်နေပါပြီ။ ထို့အတူ သူ၏ရုပ်ခန္ဓာကလည်း
ယခင်ကထက် ပို၍သန်မာလာခဲ့သည်။

ထို့ကြောင့်
ကောင်းကင်ဘုံဖျက်ဆီးခြင်းဓားကြိုး ၅၀
ထပ်ကို ထုတ်ဖော်ခြင်းက
ပြဿနာမဟုတ်တော့ပေ။ မှန်သည်။
ကောင်းကင်ဘုံဖျက်ဆီးခြင်းဓားကြိုး ၅၀
ထပ်က ကြောက်စရာကောင်းသော်လည်း

သိုင်းသူတော်စင်များအတွက်
လုံးဝခြိမ်းခြောက်နိုင်မည်မဟုတ်ပါ။

သို့သော်လည်း
ကောင်းကင်ဘုံဖျက်ဆီးခြင်းဓားကြိုး ၆၀
ထပ်ပါက မည်သို့ဖြစ်မည်နည်း။
ကောင်းကင်ဘုံဖျက်ဆီးခြင်းဓားကြိုး ၆၀
ထပ်က သိုင်းသူတော်စင်များကို
ခြိမ်းခြောက်နိုင်စွမ်းမရှိလျှင်.....၊
ကောင်းကင်ဘုံဖျက်ဆီးခြင်းဓားကြိုး ၇၀

ထပ်၊ ၈၀ သို့မဟုတ် ၁၀၀ ထပ်၊ ၂၀၀ထပ်
လျှင်ကော...

အကယ်၍ သူသည်
ကောင်းကင်ဘုံဖျက်ဆီးခြင်းဓားကြီး ၂၀၀
ထပ် ပေါင်းစပ်နိုင်လျှင်
ဓားတစ်ချက်တည်းဖြင့် သိုင်းသူတော်စင်
တစ်ဦးကို  သတ်ပစ်ဖို့ လုံးဝမခက်ခဲပေ။
ခြွင်းချက်မှာ သူ၏လက်ရှိခွန်အားဖြင့်
ကောင်းကင်ဘုံဖျက်ဆီးခြင်းဓားကြီး ၂၀၀
ထပ်နေဖို့က သေချာပေါက်

အလွန်ခက်ခဲပါသည်။ တစ်နည်းပြောရလျှင် မဖြစ်နိုင်ပေ။

ကောင်းကင်ဘုံဖျက်ဆီးခြင်းဓား အပြင် ယန်ယဲ့သည် "အတွေးဖြင့်သတ်ဖြတ်ခြင်း" ကို အဆင့်မြှင့်တင်နိုင်သေးသည်။ အတွေးတစ်ချက်က သေခြင်းတရား၏ အရှိန်ကို အလေးပေးထားသည်။ သူ့အရှိန်ကို ၁၀ ဆ တိုးနိုင်ပါက သိုင်းသူတော်စင်တစ်ယောက်ဟာ အတွေးတစ်ချက်တည်းဖြင့် တန်းပြီးအသတ်ခံရပါလိမ့်မည်။

အခြားသူ သို့မဟုတ် ကျန့်ဝူချင်း
ဖြစ်နေလျှင်ပင် သူတော်စင်တစ်ဦးကို
အတွေးတစ်ချက်ဖြင့် သတ်ပစ်ဖို့ရာ
လုံးဝမဖြစ်နိုင်ပေ။ သို့သော် သူ ကတော့
အောင်မြင်ဖို့ အခွင့်အရေးရှိသည်။
အကြောင်းမှာ သူက အမြန်နှုန်းဥပဒေသကို
နားလည်ထားပြီး
မည်သည့်နည်းစနစ်၏အမြန်နှုန်းကိုမဆို
အရှိန်ဖြင့်
မြှင့်တင်နိုင်စွမ်းရှိသောကြောင့်ပင်။

ရိုးရိုးရှင်းရှင်းပြောရလျှင်
အတွေးဖြင့်သတ်ဖြတ်ခြင်း နှင့်
ကောင်းကင်ဘုံဖျက်ဆီးခြင်းစားကိုကန့်သ
တ်ချက်များအထိ လေ့ကျင့်နိုင်ခဲ့လျှင်
ဟင်းလင်းပြင်အဆင့် စားစိတ်ဆန္ဒ နှင့်
အမြန်နှုန်းဥပဒေသ တို့ဖြင့်
မြှင့်တင်နိုင်သည်။ ထို့နောက် စားနယ်မြေကို
သုံး၍ ပြိုင်ဖက်များကို ဖိနှိပ်ကာ
တစ်ခါတည်းသတ်ပစ်နိုင်ပေသည်။

သိုင်းသူတော်စင်များဟု မဆိုလိုပါ၊
မေ့လျော့ခြင်းကေရီ ကဲ့သို့
ထူးခြားသောတစ်စုံတစ်ဦးကို
သတ်ပစ်ရန်ပင် လွယ်ကူလှပေသည်။

အကြောင်းမှာ သူ၏တိုက်ခိုက်မှုကို
မချေဖျက်ခင်
သူ့အရှိန်က သူမကို
အဆုံးသတ်နိုင်စွမ်းရှိခဲ့လို့ပါ။

သူသည် ဥပဒေသ ၃ ခု၊
ဟင်းလင်းပြင်အဆင့် စိတ်ဆန္ဒ ၂ ခုတို့ကို

နားလည်ထားခဲ့သည်။ ထို့အပြင် သူသည် အရာအားလုံး၏ အချုပ်ဖြစ်သော ဓားနယ်မြေကို ပိုင်ဆိုင်ထားသည်။

နောက်ဆုံးတွင် နတ်ဘုရားအဆင့်ရတနာလက်နက်များမပါဘဲ သိုင်းသူတော်စင်များကို အလွယ်တကူ သတ်နိုင်စွမ်းရှိခဲ့သည်။ သို့သော် ၎င်းတို့ထံမှ ရရှိသော ခွန်အားက သူ့ကိုယ်ပိုင် စွမ်းရည်အစစ်အမှန်ကို လျစ်လျူရှုသွားမိစေခဲ့သည်။

ဒီအရာအားလုံးကို သတိပြုမိလိုက်သည်နှင့်

ယန်ယဲ့ဟာ ပါးစပ်ထောင့်တွင်

အပြုံးအနည်းငယ် ရစ်ဝဲလာသည်။

ယခုအချိန်တွင် မကျင့်ကြံနိုင်သော်လည်း

အချိန်ရှိနေသေးသဖြင့် သိပ်ပြီး

အရေးမကြီးလှပေ။

၁၂၆၇

Almighty Sword Domain

အဆုံးမဲ့ဓားကမ္ဘာ

(ယန်ယဲ့)[ကောင်းကင်ပြင်ပ]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၁၂၆၇ - လှည့်စားခံရလုနီးပါးဘဲ

ယန်ယဲ့သည် တစ်ကိုယ်တည်း
အတွေးများနေစဉ် ရှောင်လန်း၏ အသံကို
ရုတ်တရက် ကြားလိုက်ရသည်။ သူမက
"တကယ်လို့ နင် အင်မော်တယ်ကျွန်းကို
သွားချင်တယ်ဆိုရင်.... ငါ... နင့်ကို
ရောက်အောင် ကူညီပေးနိုင်တယ်"

ယန်ယဲ့သည်
ထိုစကားကိုကြားသောအခါတွင်

သူ့အတွေးများကို ထိန်းထားကာ သူမကို
စိုက်ကြည့်နေသည်။
နှင်းဆီရောင်မျက်နှာလေးကို
မြင်လိုက်ရသည့် သူမ
ဆိုလိုသည့်အဓိပ္ပါယ်ကို
ချက်ချင်းနားလည်သွားပြီး
ခေါင်းညိတ်လိုက်သည် "ကောင်းပြီ"

သူသည် အင်မော်တယ်ကျွန်းသို့ ခိုးဝင်ရန်
ရည်ရွယ်ထားသော်လည်း
အန္တရာယ်များလွန်းလှသည်။ ထို့အပြင်

သူသည် အင်မော်တယ်ကျွန်းအကြောင်းကို
ဘာမှသိမထားသောကြောင့်
ခိုးဝင်နိုင်လျှင်တောင်
ဘယ်လမ်းကသွားရမည်ကို မသိနိုင်ပေ။
အင်မော်တယ်ကျွန်းကို
ပေါ်တင်ဝင်ရောက်နိုင်ပါက
ဖန်ဆင်းခြင်းသစ်ပင်ကို ရှာဖို့ သူ့အတွက်
ပိုအဆင်ပြေပါလိမ့်မည်။

ရှောင်လန်းက "ဒါဆို ရေသူမကျွန်းကို
အရင်ပြန်ကြရအောင်။ ဘာလို့လဲဆိုတော့

အဲဒီကိုပြန်သွားမှဘဲ
နှင်လိုအပ်တဲ့အထောက်အထားကို
ငါတို့ပေးလို့ရတယ်"

ယန်ယဲ့က သဘောတူဟန်ဖြင့်
ခေါင်းညိတ်ပြလိုက်သည်။

အဘိုးအိုက ရှောင်လန်းနှင့် ယန်ယဲ့ တို့ကို
စိုက်ကြည့်နေသည်။ အကြိမ်ကြိမ်
စကားပြောချင်သော်လည်း
စကားမပြောဖြစ်လိုက်ပေ၊ အဘိုးအိုက

အဆုံးတွင် သက်ပြင်းချကာ
တိုးတိုးလေးသာ ပြောလိုက်သည်။

နောက်ထပ် ၄ နာရီကြာ သွားလာပြီးနောက်
လှေသည် မြေပြင်အောက်သို့ ရုတ်တရက်
ပြုတ်ကျသွားသည်။

ပင်လယ်မျက်နှာပြင်အောက်ထိ
နက်နက်ရှိုင်းရှိုင်း ထိုးဆင်းလာရင်း
နောက်ထပ် ၁ နာရီနီးပါးကြာသောအခါ
အခွံမာ၊ စပျစ်နွယ်ပင်များနှင့်

တည်ဆောက်ထားသည့်
အဆောက်အဦးများက ယန်ယဲ့၏
မျက်စိရှေ့၌ ဘွားခနဲပေါ်လာခဲ့သည်။

"ဒါ ငါတို့အိမ်၊ ရေသူမရွာ" ရှောင်လန်းက
ခပ်လှမ်းလှမ်းမှ အဆောက်အဦးများကို
ညွှန်ပြပြီး ပြုံးပြလိုက်သည်။ "လာပါ၊
နင့်ရဲ့အထောက်အထားကိုပြင်ဆင်ဖို့အတွက်
ငါတို့ဘိုးဘေးဆီ ခေါ်သွားမယ်"
စကားပြောနေရင်းနှင့် အဝေးကို
ပြေးထွက်သွားသည်။

ယန်ယဲ့က တစ်ချက်ပြုံးပြီး အဘိုးအိုကို ရုတ်တရက် ကြည့်လိုက်ကာ "မင်း ကြည့်ရတာ ငါတို့ ခရီးတစ်လျှောက်လုံး တစ်ခုခု ပြောချင်နေပုံဘဲ"

အဘိုးအိုက “မင်း တစ်ခုခုအတွက် မေတ္တာသံစဉ်နယ်မြေကို သေချာပေါက် လာခဲ့တာ... ဟုတ်ရဲ့လား”

ယန်ယဲ့သည် အဘိုးအိုကို
တစ်ချက်ကြည့်လိုက်ပြီးနောက် ရှာဖက်သို့
မသွားမီ ဘာမှပြန်မပြောပေ။

အဘိုးအိုသည် ယန်ယဲ့၏နောက်ကျောကို
ကြည့်ရင်း လက်သီးများကို
ဖြည်းညှင်းစွာဆုပ်ထားသည်။

သိပ်မကြာလိုက်ပေ၊ ယန်ယဲ့သည်
ရှောင်လန်း နောက်ကနေ လိုက်ပါလာပြီး
သန္တာကျောက်များဖြင့် ဖန်တီးထားသည့်

ခန်းမကျယ်ကြီးတစ်ခုရှေ့
ရောက်လာပါသည်။

“ဒီမှာ ခဏစောင့်။ ငါ ဘိုးဘေးကို
သွားတွေ့လိုက်မယ်" ရှောင်လန်းက
တစ်ချက်ပြောပြီးသည်နှင့် ခန်းမထဲကို
ဝင်သွားသည်။

ထိုခဏလေးမှာဘဲ သံမဏိခက်ရင်းခွများ
ကိုင်ဆောင်ထားသော ရေသူရဲ အယောက်
၁၀၀ လောက်က ရုတ်တရက် ပေါ်လာပြီး

ယန်ယဲ့ကို ဝိုင်းရံထားကြသည်။ ထို့အပြင်
အဝေးမှလည်း စွမ်းအင်လှိုင်းများ
တလဟော တိုးဝင်လာသည်။

တစ်ချိန်တည်းမှာပင် အောက်မြေပြင်မှ
လျှို့ဝှက်ဆန်းကြယ်သော
စပျစ်နွယ်ပင်များစွာ ရုတ်တရက်
ထွက်ပေါ်လာပြီး ယန်ယဲ့၏
ခြေထောက်များကို လျင်မြန်စွာ
ချုပ်နှောင်လိုက်ကြသည်။

ထို့နောက်တွင်
အပြာရောင်မီးတိုင်လုံးတစ်ခုဟာ လေထဲသို့
ပစ်လွှင့်လာပြီး ယန်ယဲ့ကို
ဖုံးအုပ်လိုက်သည်။

ယန်ယဲ့သည် မျက်လုံးများ အနည်းငယ်
မှိတ်သွားပြီး သူ့ရှေ့ကို တစ်ချက်
လှမ်းကြည့်လိုက်သည်။ ခန်းမထဲကနေ
လှပသော အမျိုးသမီးတစ်ဦး
ထွက်လာသည်ကို မြင်လိုက်ရသည်။
ရှောင်လန်း နှင့်င့် အဘိုးအိုတို့

နှစ်ယောက်လုံး သူမ နံဘေးတွင် ရှိနေကြသည်။

လှပသောအမျိုးသမီးက “အပြင်မှာ နင်တို့ပြောနေတဲ့စကားတွေအရ ငါထင်တာမမှားဘူးဆိုရင် နင်က ဖန်ဆင်းခြင်းသစ်သီးအတွက် အင်မော်တယ်ကျွန်းကိုသွားချင်နေတာဘဲမဟုတ်လား”

ယန်ယဲ့သည် လှပသော အမျိုးသမီးကို
ဂရုမစိုက်ပေ။သူက ရှောင်လန်းကို
အချိန်တော်တော်ကြာထိ စိုက်ကြည့်နေရင်း
ရုတ်တရက် ရယ်မောလိုက်သည်
"မင်းတို့နှစ်ယောက်လုံးက တကယ်တော်တဲ့
ပင်လယ်မျိုးနွယ်ဝင်တွေပါ။ အခုကစပြီး
နတ်မိစ္ဆာမျိုးနွယ်က
လိမ်ညာလှည့်ဖြားတာမဟုတ်ဘူးလို့
ငါ့ကိုပြောတဲ့သူကို ငါ
အရင်ဆုံးသတ်ပစ်မှာဘဲ”

ချောမောလှပသောအမျိုးသမီးက

“သူ့ကိုဖမ်းပြီး ဆုလာဘ်ယူဖို့

အင်မော်တယ်ကျွန်းကို ပို့လိုက်”

ဘမ်း!

ယန်ယွဲ့၏ခန္ဓာကိုယ်ကနေ

ကြောက်မက်ဖွယ်ရာအော်ရာတစ်ခု

ရုတ်တရက် ထွက်ပေါ်လာပြီး

ပတ်ဝန်းကျင်ဆီသို့ ရွေ့လျားသွားကာ

အနီးတစ်ဝိုက်ကို ဖုံးအုပ်သွားသည်။

စွမ်းအင်လှိုင်းလုံးများသည် အထပ်ထပ်
ပေါ်လာကာ စပျစ်နွယ်ပင်များကို ချက်ချင်း
ဖောက်ခွဲပစ်လိုက်သည်။ တစ်ဆက်တည်း
သူ့ကို ပတ်ပတ်လည် ဝိုင်းရံထားသည့်
ရေသူရဲ အယောက် ၁၀၀ ကျော်ပါ
လွင့်ထွက်သွားခဲ့သည်။

စွမ်းအင်လှိုင်းလုံးများနှင့်အတူ သွေးမိုးများ
အဆက်မပြတ် ကျဆင်းလာပါတော့သည်။

လှပသောအမျိုးသမီး၊ ရှောင်လန်း နှင့်
အဘိုးအိုတို့လည်း
သူတို့ရှေ့ကမြင်ကွင်းကြောင့်
အံ့အားသင့်သွားကြသည်။

အမှန်တော့ ယန်ယဲ့ကို ဝိုင်းရံထားသည့်
ရေသူရဲများထဲ၌ အားအနည်းဆုံးက
သိုင်းကေရာဇ်အဆင့်ရှိကာ
သူတော်စင်တစ်ပိုင်းအဆင့် ရေသူရဲ၂
ယောက်ပင်ရှိပါသေးသည်။

သို့သော်လည်း ရေသူရဲ အယောက် ၁၀၀ လုံးက တစ်ချက်မျှပင် ပြန်မတိုက်ခိုက်နိုင်ဘဲ ချက်ချင်းအသတ်ခံခဲ့ရသည်။

ယန်ယဲ့သည် သူတို့သုံးယောက်ဆီသို့ စတင်လျှောက်လာကာ ရှောင်လန်းကို စိုက်ကြည့်ရင်း "မင်း ငါ့ကို အင်မော်တယ်ကျွန်းဆီ မခေါ်သွားချင်ရင် ပွင့်ပွင့်လင်းလင်းပြောလို့ရပါတယ်။ ငါ မင်းကို အတင်းအကြပ် လုပ်ခဲ့တာ မဟုတ်ဘူး။ မင်းကဘာလို့ ငါ့ကိုလှည့်စားပြီး

ဒီကိုလာခိုင်းတာလဲ။ မင်း အဲဒါကို ချမ်းသာဖို့
ဒါမှမဟုတ် တခြားတစ်ခုခုအတွက်
လုပ်ခဲ့တာလား ငါမသိဘူး။
ငါသိတာတစ်ခုက အဲဒါက ငါ့ရဲ့အချိန်တွေ
အများကြီးကို ဖြုန်းတီးခဲ့တာဘဲ။
အခုအချိန်မှာ ငါက အချိန်တွေ
အရေးတကြီးလိုအပ်နေတာ”

ထိုအတောအတွင်း အဘိုးအိုက
ရှောင်လန်း၏ ရှေ့၌ ကာရပ်လိုက်ပြီး "ဒါက
ငါ့အကြံပဲ။ မင်းငါ့ကိုဘာမဆိုလုပ်နိုင်တယ်၊

ဒါပေမဲ့ ရှောင်လန်းက

ဒါတွေအားလုံးနဲ့မဆိုင်ဘူး။ ဒါကြောင့်

သူမကို သနားလိုက်ပါ”

ယန်ယွဲ့သည် သူ့လက်ကို ရုတ်တရက်

ဆန့်ထုတ်ကာ ဆုပ်ကိုင်လိုက်လေသည်။

သူ့လက်ဝါးမှ စုပ်ယူအားတစ်ခု

ထွက်ပေါ်လာပြီးနောက် အဘိုးအို၏

လည်ပင်းကို ဖမ်းဆုပ်လျက်သားဖြင့်

သူ့ရှေ့တွင် ချက်ချင်းရောက်လာသည်။

ယန်ယဲ့က အဘိုးအိုကို စိုက်ကြည့်ရင်း ပြုံးပြီး "ဒါက ငါ့ကိုယ်ငါ မိုက်မဲပြီး နှစ်ယောက်လုံးကို လွှတ်ခိုင်းမယ်လို့ မင်းထင်နေတာလား။ ဒါ မင်းရဲ့အစီအစဉ်ဖြစ်ရင် ငါပြောနိုင်တာက မင်းအိပ်မက်မက်နေတာဘဲ"

ယန်ယဲ့က စကားပြောပြီးသည်နှင့် လက်ကို အနည်းငယ် ဖိလိုက်သည်။

ခွပ်....

အရိုးကွဲအက်သံများ
ပဲ့တင်ထပ်လာပြီးနောက်
အဘိုးအို၏ခါင်းသည်
ဘေးဖက်သို့စောင်းသွားကာ
သူ့ခန္ဓာကိုယ်ထဲကနေ အသက်စွမ်းအင်များ
လျင်မြန်စွာကုန်ဆုံးသွားပါတော့သည်။

လှပသောအမျိုးသမီး၏ ခန္ဓာကိုယ်သည်
သိသိသာသာ တုန်ယင်သွားကာ ရှောင်လန်း
ကတော့ မြေပြင်ပေါ်သို့ လဲကျသွားခဲ့သည်။

ဒီအခိုက်အတန့်တွင် သူမ၏အကြံအစည်က လွဲမှားခဲ့ကြောင်း သိလိုက်ရပါပြီ။ ယန်ယဲ့၏ ခွန်အားကို လုံးဝ လျှော့တွက်မိသွားခြင်းပင်။ ယန်ယဲ့သည် ငမန်းလူသားများကို ချက်ချင်း သတ်လိုက်သော်လည်း ၎င်းတို့က အဆင့်နိမ့်ပင်လယ်မျိုးနွယ်များဖြစ်ရာ ဘာမှ အဓိပ္ပါယ်မရှိပေ။

ယန်ယဲ့က အလွန်သန်မာသည်ကို သူမ သိသော်လည်း
သာမန်နတ်ဆိုးသားရဲများထက်

အနည်းငယ်သာ သာလွန်သည်ဟု
ယူဆခဲ့သည်။
ယခုအချိန်တွင်မူ သူမ၏ ယူဆချက်က
မှားသွားမှန်း သဘောပေါက်သွားခဲ့သည်။
သူမရှေ့တွင် ရပ်နေသော လူက သာမန်
နတ်ဆိုးသားရဲများ ထက် အနည်းငယ်
သန်မာရုံသာမကဘဲ
အလွန်ကြောက်စရာကောင်းခဲ့သည်။

"ဒါက နားလည်မှုလွဲနေတာဘဲ"
ထိုအချိန်တွင် ချောမောလှပသော

အမျိုးသမီးက ရုတ်ချည်းပြောလာခဲ့သည်

"ငါ့ရဲ့ရေသူမမျိုးနွယ်က နင့်အပေါ်

မကောင်းတဲ့ ရည်ရွယ်ချက် မရှိပါဘူး။

တကယ် တကယ်ပဲ

ဘာစိတ်ထားမှမရှိပါဘူး။ ဟုတ်တယ် နင်

ရှောင်လန်းကို မကြိုက်ဘူးလား။ အဲဒါ

လုံးဝပြဿနာမဟုတ်ဘူး။ သူမက

အခုကစပြီး နင့်အတွက်ဘဲ။ နင်လိုချင်တာ

သူမကို ဘာမဆို လုပ်လို့ရတယ်"

ယန်ယဲ့သည် လှပသော အမျိုးသမီးကို
စိုက်ကြည့်ကာ "မင်းက ရေသူမမျိုးနွယ်ရဲ့
ဘိုးဘေးလား" ဟု မေးလိုက်သည်။

သူမက ကမန်းကတန်း ခေါင်းညိတ်လိုက်ပြီး
“ငါ…။ အခုလေးတင် ဖြစ်ပျက်ခဲ့တာက
နားလည်မှုလွဲနေတာ။ ငါ….”

ယန်ယဲ့သည် သူမရှေ့တွင်
ရုတ်တရက်ပေါ်လာပြီး လည်ပင်းကို
ဆုပ်ကိုင်ထားသောကြောင့်

အမျိုးသမီး၏အသံသည်
ရုတ်ချည်းရပ်တန့်သွားသည်။
အမျိုးသမီးက ထိတ်လန့်သွားသည်။
သူမဟာ သူတော်စင်တစ်ပိုင်းအဆင့်
ဖြစ်သော်လည်း ယန်ယွဲ့ကို ခုခံဖို့
ခွန်အားအနည်းငယ်ပင်မရှိခဲ့ပေ။ "သူ....
သူက သိုင်းသူတော်စင်များ လား "

"ပြောစရာမလိုအောင်
မင်းတို့ရေသူမကလန်က ပျက်စီးသွားပြီ"
ယန်ယွဲ့က ခေါင်းယမ်းလိုက်ပြီး သူ့လက်ကို

ရုတ်တရက် အောက်သို့
ဖိကပ်လိုက်သည်။လှပသော အမျိုးသမီး၏
လည်ပင်းက ချက်ချင်းပင် ကျိုးသွားပြီး
မျက်လုံးများ ပြူးကျယ်ကာ နေရာတွင်ပင်
သေဆုံးသွားခဲ့သည်။ သေချာသည်မှာ၊
သူမသည် ထာဝရနောင်တဖြင့်
သေဆုံးသွားခဲ့သည်။

ယန်ယဲ့က အမျိုးသမီး၏ အလောင်းကို
မြေပြင်ပေါ် ပစ်ချလိုက်သည်။ ထို့နောက်
ရှောင်လန်းကို စိုက်ကြည့်ရင်း "မင်းက

သရုပ်ဆောင်ကောင်းလွန်းတယ်လို့
ငါပြောရမယ်။
မင်းငါ့ကိုတောင်လှည့်စားနိုင်တယ်။ ဒါပေမဲ့
မင်းဘာကြောင့်ဒီလိုလုပ်ခဲ့တာလဲဆိုတာ
ငါမသိနိုင်ဘူး။ ချမ်းသာကြွယ်ဝဖို့လား"

ရှောင်လန်းက ခေါင်းမော့လာပြီး ယန်ယဲ့ကို
မဝံ့မရဲ စိုက်ကြည့်ကာ
သူမ၏မျက်လုံးများက
အသက်ရှင်လိုစိတ်များ ပေါ်လာသည်။
"နင့်ကိုပြောရင် ငါ့ကို လွှတ်ထားပေးမလား"

“မဟုတ်ဘူး၊ အခုတော့ ငါ သိချင်စိတ်တွေ ပျောက်သွားတယ်။ အမိပ္ပါယ်မဲ့နေလို့ဘဲ” ယန်ယဲ့သည် ပြောပြီးသည်နှင့် နောက်လှည့်၍ ပင်လယ်မျက်နှာပြင်ပေါ်သို့ ခုန်တက်လိုက်သည်။

ရှောင်လန်းက ဒီမြင်ကွင်းကိုမြင်လိုက်သောအခါ သက်ပြင်းတစ်ချက်ချလိုက်သည်။ သို့သော် အဝေးဆီကနေ ရေတိုင်လုံးတစ်လုံး

ပြေးဝင်လာပြီး ချက်ချင်းပင် သူမ၏
နဖူးအလယ်ဗဟိုသို့ ဝင်ရောက်သွားသည်။
သူမ၏ခန္ဓာကိုယ်က တောင့်တင်းသွားပြီး
မြေပြင်ပေါ်သို့ လဲကျသွားခဲ့သည် ။

၁၂၆၈

Almighty Sword Domain

အဆုံးမဲ့ဓားကမ္ဘာ

(ယန်ယွဲ့)[ကောင်းကင်ပြင်ပ]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၁၂၆၈ - အသူရာဘုရင်မနန်းတော် နှင့် ချုပ်နှောင်ထားသောအမျိုးသမီး

ယန်ယဲ့သည် အနီးနားရှိ
ရေသူမလေးတစ်ဦးကို အမြန်ဆွဲဖမ်းကာ
အင်မော်တယ်ကျွန်း
အကြောင်းမေးမြန်းပြီးနောက်
ပင်လယ်ပြင်အထက်ကနေ ထိုးထွက်ကာ
ထွက်ခွာသွားတော့သည်။

ရေသူမကလန်မှ အဖြစ်အပျက်သည်
သူ့အတွက် အသေးအဖွဲ
အဖြစ်အပျက်မျှသာ ဖြစ်သည်။ အမှန်တော့

ရှောင်လန်း နှင့် အဘိုးအိုတို့

လှည့်စားခဲ့သည့်အကြောင်းအရင်းကို

သူလည်း အကြမ်းဖျင်း ခန့်မှန်းမိပေသည်။

သူက ရက်ရောလွန်းသည်ဖြစ်ရာ

သူ့ပိုင်ဆိုင်မှုများကို

လောဘတက်လာခြင်းပင်။

လောဘ၊ အလိုရမက်ဟာ လူသားများသာ

ပြုလုပ်သော အရာမဟုတ်ဘဲ

နတ်ဆိုးသားရဲများကြားတွင်ပါ ရှိပေသည်။

...

တစ်ရက်အကြာတွင်
ယန်ယဲ့၏အမြင်အာရုံထဲ၌
ကျွန်းတစ်ကျွန်းပေါ်လာသည်။

ကျွန်းသည် အကန့်အသတ်မရှိ
ကြီးမားကျယ်ပြန့်ခဲ့သည်။ သူ၏
လက်ရှိအမြင်ဖြင့်ပင်
ကျွန်း၏အဆုံးသတ်ကို မမြင်နိုင်ပေ။
ကျွန်းပေါ်တွင် ကြီးမားရှည်လျားသော
တောင်တန်းများ အများအပြားရှိကာ
ရောမနတ်ဆိုးနဂါးကြီးတစ်ကောင်

ရစ်ခွေနေကဲ့သို့ ဝေ့ဝိုက်တည်ရှိနေပါသည်။
ထို့အပြင် ရောမကြိုးကြာဖြူများက
တောင်တန်းတစ်လျှောက်
အထက်လေထုထဲသို့ ဆက်တိုက်
ပျံသန်းနေခဲ့ပြီး ကျွန်း၏ ပတ်ပတ်လည်
မှာတော့ တိမ်ဖြူများ ဖုံးလွှမ်းနေပါသည်။
အဝေးကနေလှမ်းမျှော်ကြည့်ပါက
အင်မော်တယ်တို့ နေထိုင်ရာ
နတ်နယ်မြေကြီးတစ်ခုလိုပင်။

ယန်ယဲ့သည် ခဏကြာ လေးလေးနက်နက်
စဉ်းစားကြည့်ပြီးနောက် နေရာတွင်ပင်
ပျောက်ကွယ်သွားခဲ့သည်။

အင်မော်တယ်ကျွန်း သို့ ဝင်လာပြီးနောက်
ယန်ယဲ့၏ မျက်နှာတွင်
အလွန်လေးနက်သော အမူအရာ ရှိနေသည်။
အဘယ်ကြောင့်ဆိုသော် ကျွန်းပေါ်သို့
ခြေချလိုက်သည်နှင့်တပြိုင်နက်
သူရပ်နေသည့်နေရာတစ်လျှောက်တွင်
နတ်ဘုရားစိတ်အာရုံအသိတစ်ဒါဇင်ကျော်

ရောက်လာသည်ကို

သတိပြုမိခဲ့သည်။ကံကောင်းထောက်မစွာ၊

အင်မော်တယ်ကျွန်းသို့

မဝင်ရောက်ခင်ကတည်းက ဓားနယ်ကို

အသက်သွင်းပြီးသူ့ကိုယ်သူ

ဖုံးကွယ်ထားခဲ့၍သာ တော်တော့သည်။

စိတ်အာရုံအသိများ ဆက်တိုက် ကျရောက်

လာသော်လည်း ယန်ယွဲ့၏တည်နေရာကို

မတွေ့ခဲ့ပေ။

ဓားနယ်မြေက သိုင်းသူတော်စင်များပင်

အာရုံမခံနိုင်သည့်အထိ

ဖုံးကွယ်ထားနိုင်သော်လည်း ယန်ယဲ့အတွက်

အန္တာရယ်မကင်းသေးပေ။

သိုင်းသူတော်စင်များက

လောက၏အကန့်အသတ်

ထက်ကျော်လွန်ခဲ့သူများ ဖြစ်သည်။

တစ်နည်းဆိုရသော် ၎င်းတို့က လောက၏

အကြောင်းကို

ကောင်းကောင်းသိထားကြသည်။

အထူးသဖြင့် ထူးခြားသောစွမ်းရည်များ

ပိုင်ဆိုင်ထားသည့် သိုင်းသူတော်စင်များ
မရေမတွက်နိုင်အောင် ရှိနေပေသည်။
အနည်းငယ်သောအမှားက သူ့ကို ချက်ချင်း
ငရဲတန်းရောက်သွားစေနိုင်သည်။

ထို့အပြင် အကယ်၍ သူ့ကို
ရှာတွေ့သွားခဲ့ပါက အသူရာဘုရင်မ၏
ခွန်အားနှင့် ကျွန်းပေါ် ရှိ သိုင်းသူတော်စင်
မြောက်မြားစွာတို့ လက်ချက်ဖြင့်
သေသွားရပေလိမ့်မည်။

ယန်ယဲ့သည် နေရာတွင်

မလှုပ်မရှားခဏရပ်ကာ

အသက်ရှူအောင့်ထားလိုက်သည်။

သူ့ကိုယ်သူ ကျောက်တုံးကြီးတစ်တုံးအလား

ရပ်နေလိုက်၏။ အဘယ်ကြောင့်ဆိုသော်

သူ့ပတ်ပတ်လည်၌ သိုင်း သူတော်စင်များ၏

စိတ်အာရုံအသိများ

ဆက်တိုက်ရှာနေသောကြောင့်ပါ။

အစပိုင်းတွင် သူရောက်နေသည်ကို

သတိထားမိခဲ့သည်ဟု ထင်ခဲ့၏။

သို့သော်လည်း မကြာခင်မှာဘဲ

သူရောက်နေသည်ကို မည်သူမျှ
သတိမပြုမိကြောင်း
သဘောပေါက်သွားခဲ့သည်။
အစွမ်းထက်စိတ်အာရုံအသိများက
ပတ်ဝန်းကျင်ကို အချိန်အတော်ကြာထိ
လှည့်ပတ်နေကာ
အင်မော်တယ်ကျွန်းတစ်ခုလုံးအား
အဆက်မပြတ် စစ်ဆေးနေသကဲ့သို့ပင်။

"ဒီနေရာမှာ လုံခြုံရေးက နည်းနည်းတော့
တင်းကျပ်နေတာ မဟုတ်လား"

ယန်ယဲ့သည်လည်း မျက်ခုံးကြောများ
တင်းကျပ်နေသည်။
အင်မော်တယ်ကျွန်းပေါ်တွင် အနည်းဆုံး
သိုင်းသူတော်စင် ၁၀ ယောက်ရှိပြီး
ကျွန်းတစ်ခုလုံးကို စိတ်အာရုံအသိဖြင့်
အဆက်မပြတ်စစ်ဆေးနေကြသည်။
ထိုသို့သောအခြေအနေအောက်တွင်
ဖန်ဆင်းခြင်းသစ်သီးကို ရှာဖွေဖို့က
ပြောစရာမလိုအောင်ခက်ခဲပေသည်။

ရုတ်တရက်ဆိုသလိုပဲ

ခရမ်းရောင်မင့်ခ်ကလေးက ယန်ယွဲ့

ရှေ့တွင်ပေါ်လာပြီး

သူမ၏မျက်လုံးလေးထဲ၌ စိတ်လှုပ်ရှားမှု

အရိပ်အယောင်များဖြင့် အဝေးကို

ညွှန်ပြလိုက်ပါသည်။

ယန်ယွဲ့သည် ခရမ်းရောင်မင့်ခ်ကလေး၏

အမူအရာကို မြင်သောအခါ

အလွန်ဝမ်းသာသွားသည်။

အကြောင်းအရင်းမှာ ခရမ်းရောင်မင့်ခ်က

လေးက သဘာဝလွှန်ရတနာများကို
အာရုံခံမိလိုက်သည်နှင့် ယခုလိုမျိုး
ပြုမူတတ်သောကြောင့်ပင်တည်း။
ထို့အပြင် သူလည်း
ခရမ်းရောင်မင့်ခ်ကလေး၏
ရတနာရှာဖွေနိုင်သည့်စွမ်းရည်ကို
မေ့လုနီးပါးပင်။သို့သော်လည်း သူမသည်
သာမန်ရတနာများကို ဂရုမစိုက်ခဲ့ပေ။
အကြောင်းက သူမဟာ
မူလခရမ်းရောင်စွမ်းအင်ဖြင့်
အမြဲတမ်းလေ့ကျင့်နေနိုင်သောကြောင့်ပါ။

နောက်ဆုံးတွင် သူမလေးက
မူလခရမ်းရောင်စွမ်းအင်ဖြင့်
နှစ်အတော်ကြာသည်ထိ
လေ့ကျင့်ခဲ့သည်ဖြစ်ရာ အနည်းငယ်
ဇီဇာကြောင်သူ ဖြစ်လာခဲ့သည်။

ယန်ယဲ့သည် ခရမ်းရောင်မင့်ခ်ကလေး
ညွှန်ပြသည့်အတိုင်း ဂရုတစိုက် ရှေ့သို့
ဆက်လျှောက်သွားခဲ့သည်။
တစ်ချိန်တည်းမှာပင် သူက
အမှောင်တာအိုဥပဒေသကို

အသက်သွင်းကာ အမှောင်ရိပ်ကိုခို၍
ခရီးဆက်ခဲ့သည်။

ဖန်ဆင်းခြင်းသစ်သီးက လုဝမ်အား၏
အနာဂတ်နှင့်သက်ဆိုင်သောကြောင့်
သူသည် အစစအရာရာ
သတိထားနေခဲ့ရသည်။

လုဝမ်အား၏
မူလဒန်တျန်ကွဲအက်သွားခြင်းက
သူ့အနေနှင့် အပြစ်ရှိသလို ခံစားရသည်။

မည်သို့ပင်ဖြစ်စေ သူသည် လုဝမ်အာ၏

မူလဒန်တျန်ကို ပြန်ကုသပေးဖို့

စိတ်ပိုင်းဖြတ်ထားခဲ့သည်။

သူ့အပြစ်ကြောင့်မဟုတ်ဘဲ သူမကို

ချစ်မြတ်နိုးသောကြောင့်ပင်။

ကျင့်ကြံသူ မဖြစ်နိုင်တော့ဘဲ

ကျင့်ကြံခြင်းလမ်းစဉ်ကနေ

ထွက်ခွာသွားရပါက သူမ၏

လက်ကျန်ဘဝတစ်လျှောက်လုံး

နာကျင်ဝမ်းနည်းမှုများဖြင့်သာ ရှိနေမည်ကို

ယန်ယွဲ့လည်း သိထားသည်။ ထို့အပြင် သူမ

ကျင့်ကြံနိုင်ခြင်းမရှိပါက
ဆယ်စုနှစ်တစ်ခုစာလောက်သာ
အသက်ရှင်နိုင်ပါမည်။

ယန်ယဲ့ဟာ ဒီအခြေအနေကို လုံးဝ
ခွင့်မပြုနိုင်ပေ။

၂ နာရီခန့်ကြာပြီးနောက် ယန်ယဲ့၏
အမြင်အာရုံထဲတွင် မြို့ကြီးတစ်မြို့
ပေါ်လာသည်။ သို့သော်လည်း
တစ်မြို့လုံးတွင် သက်ရှိသတ္တဝါမရှိ

ဆိတ်သုဉ်းနေသည်ကို မြင်သောအခါ
ယန်ယဲ့ဟာ အတော်လေးအံ့သြသွားမိသည်။
မှန်ပါသည်။ အင်မော်တယ်ကျွန်း အထက်၌
ရှိနေသော သိုင်းသူတော်စင်များတော့
မပါပေ။ အကြောင်းမှာ သူတို့၏
စိတ်အာရုံအသိများက
ပျောက်ကွယ်မသွားသောကြောင့်ပင်။

"ဒီကျွန်းက တော်တော်ထူးဆန်းတယ်"
ယန်ယဲ့သည် မြို့ကို ငေးကြည့်ရင်း
အချိန်အတော်ကြာ လေးလေးနက်နက်

စဉ်းစားနေခဲ့သည်။ အချိန်အနည်းငယ်
ကြာသွားပြီးနောက် ယန်ယဲ့သည်
အရိပ်တစ်ခုအဖြစ် ပြောင်းလဲကာ
နေရာကနေ ပျောက်ကွယ်သွားသည်။
နောက်တစ်ကြိမ်ပြန်ပေါ်လာသည့်အခါ
မြို့၏ အမှောင်ကျသော
ထောင့်တစ်ခု၌ရှိနေခဲ့သည်။

ယန်ယဲ့သည် ခရမ်းရောင်မင့်ခ်ကလေး
ညွှန်ပြသည့်အတိုင်း ရှေ့ဆက်သွားနေရာ

ခဏအကြာတွင်မူ ရောမနန်းတော်ကြီး
ရှေ့သို့ ရောက်ရှိလာခဲ့သည်။

ယန်ယဲ့၏အကြည့်များသည် နန်းတော်ထိပ်မှ
စကားလုံးများကို မြင်သောအခါ
အနည်းငယ်တုန်လှုပ်သွားခဲ့သည်။
အကြောင်းမှုကား နန်းတော်ထိပ်ပိုင်း၌
"အသူရာဘုရင်မ၏နန်းတော်" ဟူသော
စကားလုံး ၃ လုံး
ရေးထိုးထားသောကြောင့်ပင်။

"ဒီနန်းတော်က အသူရာဘုရင်မ နေထိုင်တဲ့ နေရာလား " ယန်ယဲ့က ချက်ချင်း မျက်မှောင်ကြုတ်လိုက်ပြန်သည်။ ဒီအချိန်တွင် သူ့ရှေ့မှာ ရပ်နေသည့် ပြဿနာ ရှိနေသည်။ နန်းတော် ထဲသို့ ဝင်ရမည်လော သို့မဟုတ် မဝင်ဘဲထွက်သွားရမည်လော။ အကြောင်းမှာ ခရမ်းရောင်မင့်ခ်ကလေးက အသူရာဘုရင်မနန်းတော်ဆီသို့ ညွှန်ပြနေသောကြောင့်ပါ။

တစ်နည်းဆိုရသော်
ဖန်ဆင်းခြင်းသစ်သီးဟာ
အသူရာနန်းတော်အတွင်း၌ ရှိနေပေသည်။
သို့သော်လည်း နန်းတော်ထဲ၌
အသူရာဘုရင်မ ရှိခဲ့သည်။

ယန်ယဲ့သည် နေရာတွင်အချိန်ကြာကြီး
ရပ်ကာ ခဏစဉ်းစားနေခဲ့သည်။
ထို့နောက်တွင် သူက တုံ့ဆိုင်းမနေတော့ဘဲ
အရိပ်တစ်ခုအဖြစ် ပြောင်းလဲကာ

နန်းတော်ထဲသို့
ဝင်ရောက်သွားပါတော့သည်။

နန်းတော်ထဲသို့ ဝင်လာပြီးနောက် ယန်ယွဲ့၏
မျက်လုံးများက သိသိသာသာကို
ကျဉ်းမြောင်းသွားခဲ့လေသည်။
ခန်းမထဲသို့ဝင်သောချိန်တွင်
သူ၏စိတ်အာရုံအသိက
အသုံးမဝင်တော့ကြောင်း သူ
သတိပြုမိသောကြောင့်ဖြစ်သည်။ ခန်းမထဲ၌
မမြင်နိုင်သောစွမ်းအားတစ်ခု ရှိနေပြီး သူ၏

စိတ်အာရုံအသိကို ပိတ်ဆို့ထားခဲ့သည်။
သို့သော်လည်း
တစ်ခုကံကောင်းသွားသည်မှာ
သိုင်းသူတော်စင်များ၏ စိတ်အာရုံအသိက
နန်းတော်ထဲသို့ ဝင်ရောက်မလာခဲ့ပေ။

ယန်ယဲ့သည် နေရာတွင် အကြာကြီး
တိတ်ဆိတ်နေပြီး ခန်းမ ပတ်ပတ်လည်ကို
မော့ကြည့်လိုက်သည်။ ခန်းမက
လုံးလုံးဗလာဖြစ်နေကြောင်း သတိပြုမိပြီး

အဆုံးကို မမြင်နိုင်သည့်
လမ်းကြောင်းတစ်ခုသာ ရှိတော့ သည်။

အဆုံးမဲ့ရှည်လျားသည်ဟု ထင်ရသော
လမ်းကြောင်းကို စိုက်ကြည့်နေစဉ်
ယန်ယဲ့၏ မျက်လုံးများသည် လုံးဝကို
လေးနက်တည်ကြည်လာခဲ့သည်။ သူ၏
ဆဌမအာရုံက လမ်းကြောင်းအဆုံး၌
အန္တရာယ်ရှိသည်ဟု အချက်ပြနေပြီး
မသွားဖို့တားနေခဲ့သည်။ သို့သော်လည်း
သူသည် အင်မော်တယ်ကျွန်းသို့ပင်

ရောက်လာသည်ဖြစ်ရာ လက်လျှော့ပြီး
ပြန်သွားဖို့က မဖြစ်နိုင်ပေ။

"ဒီအတိုင်း လက်ဗလာနဲ့ ငါယန်ယွဲ့က
ဘယ်လိုလုပ်ပြန်သွားနိုင်မှာလဲ"

ယန်ယွဲ့သည်
အသက်ပြင်းပြင်းရှူလိုက်ပြီးနောက်
အရိပ်တစ်ခုအသွင်ဖြင့် ခန်းမ နံရံဆီသို့
ရွေ့လျားသွားသည်။

ယန်ယွဲ့သည် လမ်းကြောင်းအတိုင်း ၄ နာရီကြာအောင် လျှောက်လာပြီးနောက် နောက်ဆုံးတွင် ရပ်တန့်သွားသည်။ သူ့ရှေ့တွင် အနက်ရောင် ကျောက်တံခါးကြီး ကာဆီးထားသည်ကို မြင်တွေ့လိုက်ရသည်။

ဒီတစ်ကြိမ်မှာတော့ ယန်ယွဲ့သည် တုံ့ဆိုင်းမနေဘဲ အနက်ရောင်ကျောက်တံခါးကြီး ဆီကို လျှောက်သွားလိုက်သည်။ တစ်ဆက်တည်း သူ၏ညာဖက်လက်ကို တံခါးပေါ်တင်ကာ

သူ့လက်ဝါးကနေ
ပျက်သုဉ်းခြင်းဥပဒေသစွမ်းအင်များ
တဖြည်းဖြည်း စိမ့်ထွက်လာသည်။

ခဏအကြာတွင်တော့
အနက်ရောင်ကျောက်တံခါးကြီးက
ဖုန်မှုန့်အဖြစ် ပျောက်ကွယ်သွားသည်။
သို့သော်လည်း ယန်ယဲ့၏ မျက်လုံးများသည်
ချက်ချင်းပင် ကျဉ်းမြောင်းသွားခဲ့သည်
။အဘယ်ကြောင့်ဆိုသော် သူသည်
မျက်လုံးတစ်စုံကိုမြင်လိုက်ပြီး

အဆိုပါမျက်လုံးတစ်စုံက
သူ့ကိုကြည့်နေကြသောကြောင့်ပင်။

ယန်ယဲ့သည် ရှေ့နံ့ရံအထက်တွင်
ခန္ဓာကိုယ်တစ်ခုလုံးဗလာကျင်းနေသော
အမျိုးသမီးတစ်ဦးကို ကပ်ရိုက်ထားကြောင်း
မြင်တွေ့လိုက်သည်။

သူမ၏ခန္ဓာကိုယ်သည်'(လက်ဝါးကပ်တိုင်)'
သဖွယ်နံ့ရံပေါ်တွင် ကပ်ရိုက်ခံထားရပြီး
ခြေလက်တစ်ဖက်စီတွင်

အနက်ရောင်ဓားတစ်ချောင်းစီဖြင့်
ထိုးစိုက်ထားသည်။ အနက်ရောင်ဓားများက
နတ်ဘုရားအဆင့်လက်နက်များဖြစ်ပြီး
နတ်ဘုရားအလယ်အလတ်အဆင့်ပင်ရှိနေ
လေသည်။

ထို့အပြင် သူမ၏လည်ပင်းတစ်ဝိုက်က
အနက်ရောင်သံကြိုးဖြင့် တင်းကျပ်စွာ
ချည်နှောင်ထားပြီး
နံရံနှင့်ကပ်လျက်ချုပ်ထားခဲ့သည်။

အနက်ရောင်သံကြိုးများက

သာမန်သံမဏိကြိုးများမဟုတ်ပေ၊

အနည်းဆုံး

နတ်ဘုရားအလယ်အလတ်အဆင့်

တွင်ရှိခဲ့သည်။

၁၂၆၉

Almighty Sword Domain

အဆုံးမဲ့ဓားကမ္ဘာ

(ယန်ယဲ့)[ကောင်းကင်ပြင်ပ]

ဘာသာပြန်သူ - ညီညီစိုး

# အပိုင်း ၁၂၆၉ - ထူးဆန်းသောအမျိုးသမီးကို ကယ်တင်ခြင်း

ယန်ယဲ့သည် အမျိုးသမီးကို တစ်ချက်ကြည့်လိုက်သည်။ သူမ၏ အသက်အတိအကျကို ပိုင်းခြား၍မရသော်လည်း အမျိုးသမီးက အလွန်လှပသည်။ ယန်ယဲ့ မြင်တွေ့ဖူးသမျှ အမျိုးသမီးများထဲ၌ ယင်ရှမ်အာ တစ်ယောက်သာ သူမ၏အလှကို ယှဉ်နိုင်လောက်သည် ။ သူတို့ကြားမှ

ခြားနားချက်ကတော့ ယင်ရှမ်အာ၏အလှက
ဆွဲဆောင်မှုရှိပြီး သူ့ရှေ့မှ အမျိုးသမီး
အတော့ အေးစက်ပြီး
တော်ဝင်ဆန်စွာလှပေသည်။

အထူးသဖြင့် သူမ၏အမူအရာနှင့်
အငွေ့အသက်များက
သူမကိုတစ်ချက်ကြည့်ရုံဖြင့်
ခွင့်မလွှတ်နိုင်သော အပြစ်တစ်ခုအား
ကျူးလွန်နေသလို ခံစားရစေသည်။

ဒီအခိုက်အတန့်တွင် အမျိုးသမီးက
ယန်ယဲ့ကိုကြည့်ကာ
သူမ၏မျက်လုံးများသည် ထူးထူးခြားခြား
ငြိမ်သက်သွားခဲ့သည်။

ယန်ယဲ့သည် ရိုပ်ခနဲလှုပ်ရှားသွားကာ
အမျိုးသမီး

ရှေ့သို့ ချက်ချင်းရောက်လာခဲ့သည်။
တစ်ချိန်တည်းမှာပင် လက်ကိုဆန့်ထုတ်၍
အမျိုးသမီး၏ လည်ပင်းကို
ဆုပ်ကိုင်လိုက်သည်။ ထို့နောက်

သူ့ရှေ့တွင်ရှိနေသည့် အမျိုးသမီးကို စူးစိုက်ကြည့်ကာ အသံတိုးတိုးဖြင့်ပြောလိုက်လေသည်။ "မင်းက ဘယ်သူလဲ၊ အသူရာဘုရင်မက ဘာဖြစ်လို့ မင်းကို ဒီလိုချုပ်နှောင်ထားရတာလဲ။ ငါပြောချင်တာက မင်းအသက်ရှင်ချင်ရင် ဆူဆူညံညံ မလုပ်သင့်ဘူး။  နားလည်လား "

အမျိုးသမီးက ယန်ယဲ့ကို စိုက်ကြည့်ရင်း နဂါးအကြေးခွံများအပေါ်

အကြည့်ရပ်သွားသည်။ သူမ၏
မျက်လုံးများထဲ၌ ထူးဆန်းသည့်
အရိပ်အယောင်များ ထွက်ပေါ်လာသည်။
သို့သော် ချက်ချင်းပင် ပျောက်ကွယ်သွားကာ
သူမ၏အကြည့်များသည်
တစ်ဖန်ငြိမ်သက်သွားခဲ့သည်။
ထို့နောက်တွင် သူမက ယန်ယဲ့ကိုဖောက်၍
မြင်သည့်အတိုင်း ကြည့်နေလေသည်။

ယန်ယဲ့သည် အမျိုးသမီးကို
စူးစူးရဲရဲကြည့်နေပြီး

အချိန်တော်တော်ကြာအောင်
အခြေအနေကို စောင့်ကြည့်နေခဲ့၏။

ခဏအကြာတွင် အမျိုးသမီးက
ဆူဆူညံညံလုပ်ဖို့
ရည်ရွယ်ချက်မရှိသည်ကို
သတိပြုမိသောအခါ သူ့လက်ကို ပြန်ရုတ်ပြီး
အမျိုးသမီးကို လွှတ်ပေးလိုက်သည်။
ထို့နောက် သူ့အကြည့်ကို အမျိုးသမီး
ဆီကနေ ရွှေ့ပြီး ပတ်ဝန်းကျင်ကို
ကြည့်လိုက်ရာ ခန်းမနံရံထက်၌

ထူးဆန်းသောသင်္ကေတများ အထပ်ထပ်

ဖုံးလွှမ်းနေသည်ကို သတိထားမိလိုက်သည်။

သင်္ကေတများသည်

အနက်ရောင်စွမ်းအင်များဖြင့်

စီးဆင်းနေသည်။ အဆုံးတွင် ယန္တယ်၏

အကြည့်သည် အမျိုးသမီး၏လည်ပင်းကို

ရစ်ပတ်ထားသော

အနက်ရောင်သံကြိုးပေါ်သို့

ကျဆင်းသွားသည်။

ခန်းမနံရံရှိ သင်္ကေတများသည်
အနက်ရောင်သံကြိုးအား အဆက်မပြတ်
အားဖြည့်ပေးနေကြောင်း
သူသတိပြုမိလိုက်သောကြောင့်ပင်။

ယန်ယဲ့သည်
နတ်ဘုရားအလယ်အလတ်အဆင့်
အနက်ရောင်သံကြိုးနှင့် ဓားများကို
အချိန်အတော်ကြာ စိုက်ကြည့်ပြီးနောက်
မျက်မှောင်ကြုတ်လိုက်သည်။ "သူမ

ဘယ်သူလဲ။ အသူရာဘုရင်မက သူမကို ဘာလို့ဒီလိုဆက်ဆံရတာလဲ"

ယန်ယွဲ့သည် အမျိုးသမီးကို စိုက်ကြည့်ရင်း အသံတိုးတိုးနှင့် မေးလိုက် "မင်းက ဘယ်သူလဲ"

အမျိုးသမီးက စကားမပြောဘဲ သူ့ကိုသာ စိုက်ကြည့်နေသည်။

ယန်ယဲ့က "ဖန်ဆင်းခြင်းသစ်သီးက ဘယ်မှာလဲဆိုတာ မင်းသိလား" ဟုထပ်မေးလိုက်သည်။

ဖန်ဆင်းခြင်းသစ်သီး ဟူသောအသံကို ကြားလိုက်သောအခါ အမျိုးသမီး၏မျက်လုံးများသည် အနည်းငယ်ပြောင်းလဲသွားကာ တစ်စုံတစ်ခုကို နားမလည်ဟန်ဖြင့် ချက်ချင်းပင် မျက်လုံးများကို မှိတ်သွားခဲ့သည်။ ထို့နောက် ဖြည်းညှင်းစွာ

ပြန်ဖွင့်လာပြီး ယန်ယဲ့ကို ခဏကြာထိ
စိုက်ကြည့်နေလေသည်။

"သူမက ငါ့ကို အရေးမစိုက်ဘူးလား "

ယန်ယဲ့သည် အမျိုးသမီးကို
စိုက်ကြည့်နေရင်း သူ့အကြည့်များက
သူမ၏ ခြေလက်များကို ထိုးစိုက်ထားသည့်
အနက်ရောင်ဓား ၄ ချောင်း
ထံကျရောက်သွားပါသည်။ သူသည်
နတ်ဘုရားအလယ်အလတ်အဆင့်

အနက်ရောင်ဓား ၄ ချောင်းကို
လိုချင်နေသော်လည်း ဆွဲထုတ်ဖို့ မဝံ့ခဲ့ပေ။
အသူရာဘုရင်မက သူမ ကို
အထပ်ထပ်ချုပ်နှောင်ထားသည်ဖြစ်ရာ
သူ့ရှေ့မှအမျိုးသမီးက
အလွန်ကြောက်စရာကောင်းသည်ကို
သက်သေပြနေသည်။

ထို့ကြောင့် အနက်ရောင်ဓားများကို
ဖယ်ထုတ်လိုက်လျှင် သူသည် အရင်ဦးဆုံး
ငရဲရောက်သွားနိုင်ပေသည်။

"သူမကိုသတ်ပြီး နတ်ဘုရားအဆင့် ဓား ၄ ချောင်းကို ယူသွားရမလား" ယန်ယဲ့သည် စိတ်ထဲ၌ တွေးနေသော်လည်း ချက်ချင်း ငြင်းပယ်လိုက်သည်။

ပထမအချက် သူက နတ်ဘုရားအဆင့်ရတနာများကို အလွယ်တကူဖယ်ရှားနိုင်မည်မဟုတ်ပေ။ နောက် ဒုတိယအချက်က သူတို့ကြားတွင် ရန်ငြိုးရန်စမရှိသောကြောင့် သူ၏နှလုံးသားက အမျိုးသမီးကို သတ်ဖို့

ငြင်းဆန်ခဲ့သည်။ ထို့အပြင် အမျိုးသမီးက လုံးဝကိုတည်ငြိမ်ပြီး ယခုအချိန်အထိ ငြိမ်သက်နေသောကြောင့် အခြေအနေကို လုံးဝမသိသူ သို့မဟုတ် ကြောက်ရွံ့မှုမရှိသူ ဖြစ်နိုင်သည်။

တစ်နည်းပြောရလျှင် အမျိုးသမီးက ဘယ်အရာကိုမှ မသိနားမလည်သူ ဖြစ်ပုံမပေါ်သဖြင့် သူမက ယန်ယဲ့ကို ဂရုမစိုက်ခြင်းပင်။

သို့သော်လည်း ယန်ယဲ့သည် နတ်ဘုရားအဆင့် ဓား ၄ ချောင်းကို ရယူဖို့ရာ အရှုံးမပေးချင်ခဲ့ပေ။

ယန်ယဲ့က "ဟေး ငါတို့ ဘယ်လိုသဘောတူညီချက်ရနိုင်မလဲ"

အမျိုးသမီးက မျက်လုံးများကို မှိတ်မြဲမှိတ်ထားကာ စကားတစ်ခွန်းမှ မပြောသေးပေ။

ယန်ယဲ့သည် ဒေါသထွက်သွားခြင်းမရှိဘဲ
"ငါ မင်းကို လွတ်မြောက်အောင်
ကူညီပေးနိုင်ပါတယ်။ ဒါပေမဲ့ မင်းက
ဖန်ဆင်းခြင်းသစ်သီး ဘယ်မှာရှိလဲဆိုတာ
ပြောပြရမယ်"

အမျိုးသမီးက မျက်လုံးများကို ရုတ်တရက်
ဖွင့်လာပြီး ယန်ယဲ့ကိုကြည့်လိုက်ရင်း
သူမ၏မျက်နှာက
လျှောင်ပြောင်လိုသောအမူအရာများ
ပြည့်နှက်နေလေသည်။

ယန်ယဲ့သည် အမျိုးသမီးက
မယုံကြည်ကြောင်း မြင်သောအခါ
တစ်ချက်ပြုံးလိုက်သည်။ ထို့နောက်
သူ့လက်ဝါးကို ဖြန့်လိုက်ရာ
လက်ဝါးအလယ်ကနေ
ပျက်သုဉ်းခြင်းစွမ်းအင်များ ထွက်လာပြီး
သူညာလက်ကို ဆန့်လိုက်သည်။
ထိုခဏလေးမှာဘဲ သူ့လက်တဝိုက်ရှိ
အာကာသဟင်းလင်းပြင်က
ပျောက်ကွယ်သွားခဲ့သည်။

ခဏကြာပြီးနောက် ယန်ယဲ့သည်
သူ့လက်ကို ပြန်ရုတ်သိမ်းလိုက်သည်။
သို့သော် ပျက်သုဉ်းခြင်းဥပဒေသဖြင့်
ဖိနှိပ်ခံရသည့် အာကာသဟင်းလင်းပြင်က
ပြန်ပြီးပြုပြင်နိုင်စွမ်းမရရှိသေးပေ။

ဒီအခိုက်အတန့်တွင်
အမျိုးသမီး၏မျက်လုံးများကအံ့အားသင့်
သောအရိပ်အယောင်များ ရှိနေသည်။
သူမ၏အကြည့်များသည် ယန်ယဲ့ ဆီသို့
တစ်ဖန်ဆင်းသက်လာခဲ့သည်။

ဒီတစ်ကြိမ်တွင် သူမသည်
အလွန်အလေးအနက်ထားပြီး ယန်ယဲ့အား
လူထူးဆန်းတစ်ယောက်လိုမျိုး
စိုက်ကြည့်နေခဲ့လေသည်။

ယန်ယဲ့က "မင်းကိုချုပ်ထားတဲ့
အနက်ရောင်သံကြိုးတွေက
ငါ့ဥပဒေသစွမ်းအင်ကို မတားနိုင်ဘူး
မဟုတ်လား"

"နင်က လူသားဘဲ" အမျိုးသမီးက ယန်ယဲ့၏မျက်လုံးများကို တည့်တည့်ကြည့်ပြီး "ဒါပေမဲ့ နင့်ခန္ဓာကိုယ်ထဲမှာ နဂါးကလန်ရဲ့အငွေ့အသက်ကို ငါ ခံစားရတယ်။ အဲဒါကို ငါတကယ်သိချင်တယ်။နင်ငါ့ကိုရှင်းပြနိုင်မလား"

"အဲဒါကို နောက်မှပြောပြနိုင်မယ်ထင်တယ်" ယန်ယဲ့က ဆက်ပြောလိုက်သည်။ “ငါက

ဖန်ဆင်းခြင်းသစ်သီးကို လိုချင်တယ်။ ပြီးတော့ မင်းကို ကယ်တင်ပြီးတဲ့အချိန်မှာ အဲဒါ ဘယ်မှာလဲဆိုတာ မင်းသိသင့်တယ်။ ဒါကြောင့် လက်တွဲလုပ်ဆောင်နိုင်မယ်လို့ ထင်ပါတယ်။မင်းဘယ်လိုထင်လဲ"

"နင်
အခုအသက်ရှင်ချင်ရင်အသက်ရှင်နိုင်လိမ့်မယ်" အမျိုးသမီးက ယန်ယဲ့ကို
စိုက်ကြည့်ကာ
"နင်ရောက်နေတာကိုသာတွေ့သွားရင်

လူသားမျိုးနွယ်ရဲ့သမိုင်းမှာ
တွဲလောင်းချထားတဲ့
အလောင်းအသစ်တစ်လောင်း
တိုးလာလိမ့်မယ်"

"ဒါဆို မင်းက ငါနဲ့ အတူတူ အလုပ်တွဲလုပ်ဖို့
ဆန္ဒမရှိဘူးလား" ယန်ယဲ့က မေးလိုက်သည်။
ဤနေရာသို့ ဝင်ရောက်လာကတည်းက
လျှို့ဝှက်ဆန်းကြယ်သော ဖိအားတစ်ခုက
ဖိနှိပ်ထားကြောင်း ခံစားမိခဲ့သည်။
သူ၏စိတ်အာရုံအသိတင်မဟုတ်ဘဲ

ခရမ်းရောင်မင့်ခ်ကလေး ပင်လျှင်
ဖန်ဆင်းခြင်းသစ်ပင်၏ အငွေ့အသက်ကို
အာရုံမခံနိုင်တော့ပေ။ သူ့ရှေ့မှ
လျှို့ဝှက်ဆန်းကြယ်သော အမျိုးသမီးက
သူ၏ နောက်ဆုံးအခွင့်အရေး ဖြစ်နိုင်သည်။
ထို့ကြောင့် ယန်ယဲ့က အမျိုးသမီးနှင့်
ပူးပေါင်းဖို့ အစပြုလိုက်ခြင်းပင်။

အမျိုးသမီးက စကားမပြောဘဲ
တိတ်ဆိတ်နေခဲ့သည်။

ယန်ယဲ့က ထပ်မပြောခင်
အချိန်အတော်ကြာအောင် နှုတ်ဆိတ်သွားပြီး
"ဖန်ဆင်းခြင်းသစ်သီးက ငါ့အတွက်
အရမ်းအရေးကြီးတယ်၊ ပြီးတော့ အဲဒါကို
အရယူဖို့ ငါဆုံးဖြတ်ထားတယ်။ ငါက
လူတွေကို အတင်းအကြပ်ခိုင်းတာ
မကြိုက်ပေမဲ့ တခြားရွေးချယ်စရာမရှိရင်
အဲဒါကို ထိန်းထားမှာမဟုတ်ဘူး”

စကားပြောပြီးသည်နှင့် သူ့လက်ဝါးကို
တစ်ချက်ယမ်းလိုက်ရာ ဓားတစ်ချောင်းက

အမျိုးသမီး၏ရင်ဘတ်နှင့် ထိကပ်သွားပြီး "ဒါက ဘယ်မှာလဲဆိုတာ မင်းငါ့ကို ပြောပြနိုင်သလို မင်းကို ချက်ချင်းလွတ်မြောက်အောင် ငါကူညီပေးမယ်"

"လူသားတွေက တကယ်ကို အရှက်ကင်းမဲ့တယ်" အမျိုးသမီး၏ ပါးစပ်ထောင့်တွင် လှောင်ပြောင်သဲ့သဲ့လေး ထွက်ပေါ်လာပြီး “နင့်မှာ အရည်အချင်းရှိရင် အသူရာဘုရင်မကို သွားတောင်းလိုက်။

နင်သူ့ကိုအနိုင်ယူရင် နင့်ရဲ့တောင်းဆိုမှုကို ငြင်းဝံ့မှာလား"

ယန်ယဲ့က "ငါ... ငါတို့ကြားမှာ ခွန်အားနည်းနည်းကွာဟချက်ရှိသင့်တယ်လို့ ငါထင်တယ်"

အမျိုးသမီးက “ဒါဆို နင်က လုံးဝ မတိုက်ခိုက်နိုင်တဲ့ မိန်းမကို ခြိမ်းခြောက်နေတာလား” ဟုပြန်ဖြေသည်။

ယန်ယဲ့သည် သူမ၏ စကားကြောင့်
ဘာပြောရမှန်းမသိတော့ပေ။

“နင် ဖန်ဆင်းခြင်းသစ်သီးကို
မလိုချင်ဘူးလား” ထိုအချိန်တွင်
အမျိုးသမီးက ဘယ်ဖက်ရှိ ကျောက်နံ့ရံကို
ရုတ်တရက် စိုက်ကြည့်ကာ
"ဒီကျောက်နံ့ရံကို ဖွင့်ကြည့်လိုက်၊
နင်လိုချင်တာကို ရနိုင်လိမ့်မယ်"

ယန်ယဲ့သည် သူ့ဓားကို ပြန်သိမ်းလိုက်ပြီး
အမျိုးသမီးအား စိုက်ကြည့်နေသည်။
သူ့ရှေ့မှ အမျိုးသမီးက
မာနကြီးသူတစ်ယောက်ဖြစ်ကြောင်း
သိသာလေသည်။ ထိုအကျင့်စရိုက်သည်
သူနှင့် အလွန်ဆင်တူသည်။
ထိုသို့သောလူများက အကြောင်းပြချက်ဖြင့်
ဖြားယောင်းဆွဲဆောင်နိုင်သော်လည်း
အတင်းအကြပ်ဖိအားပေး၍
စေခိုင်းလို့မရပေ။

ဒီအချက်ကို စဉ်းစားပြီးသည့်နောက်
ယန်ယဲ့က "ငါ့ကို မစော်ကားတဲ့သူတွေ
မစော်ကားဖို့ နိယာမကို ငါလိုက်နာတယ်။
မင်းငါ့ကို မစော်ကားသေးပေမဲ့
ငါ့ကိုယ်ပိုင်အကြောင်းတွေကြောင့် မင်းကို
ခြိမ်းခြောက်ခဲ့တာ။ တကယ်တော့
ဒါမလုပ်သင့်ဘူးလို့ ဝန်ခံရမယ်"

ယန်ယဲ့သည် သူ့လက်ကိုဆန့်ပြီး
အနက်ရောင်သံကြိုးများကို
ဆုပ်ကိုင်လိုက်သည်။ တစ်ချိန်တည်းမှာပင်

သူ့လက်ဝါးကနေ
ပျက်သုဉ်းခြင်းစွမ်းအင်များ စီးထွက်လာပြီး
အနက်ရောင်သံကြိုးများ အပေါ်
ကျရောက်သွားသည်။
သိပ်ပြီးမကြာလိုက်ပါ၊
အနက်ရောင်သံကြိုးများက
အမှုန့်များဖြစ်ပြီး
ပျောက်ကွယ်သွားတော့သည်။

ထို့နောက်တွင် ယန်ယဲ့သည်
သူ့လက်ကိုဝှေ့ယမ်းပြီး အမျိုးသမီး၏

လက်နှစ်ဖက်အား ထိုးစိုက်ထားသည့် အနက်ရောင်ခါးများကို ဖမ်းယူလိုက်သည်။

အနက်ရောင်ခါးများကို ဖမ်းဆုပ်လိုက်သည်နှင့် ခါးများက ချက်ချင်းပင် ပြင်းထန်စွာ တုန်လှုပ်သွားပြီး ရုန်းကန်လိုသည့်အရိပ်အယောင်ပြသခဲ့သည်။ သို့သော် ယန်ယွဲ့သည် ဟင်းလင်းပြင်အဆင့် ခါးစိတ်ဆန္ဒကို ထုတ်လွှတ်လိုက်ရာ ခါးများက ရုန်းကန်နေခြင်းမရှိတော့ဘဲ ချက်ချင်း

ငြိမ်သက်သွားခဲ့သည်။ ထို့နောက်တွင်မူ သူက ဓားနှစ်ချောင်းလုံးကို သက်တောင့်သက်သာဖြင့် ဆွဲထုတ်လိုက်သည်။

၁၂၇၀

Almighty Sword Domain

အဆုံးမဲ့ဓားကမ္ဘာ

(ယန်ယဲ့)[ကောင်းကင်ပြင်ပ]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၁၂၇၀ - မူလစေတီ နှင့် ကောင်းကင်တာအိုမျက်လုံး

အမျိုးသမီးက သူ့ကိုကြည့်ကာ
“နင်ဘာလုပ်နေတယ်ဆိုတာ
သဘောပေါက်လား” ဟုမေးခဲ့သည်။

ယန်ယဲ့က သူမကို စိုက်ကြည့်ရင်း
“ကောင်းတာလုပ်တဲ့သူတွေဟာ ကြင်နာမှုနဲ့
ပြန်ပေးဆပ်ရတယ်လို့
အမြဲယုံကြည်ခဲ့တယ်။ ဒါဆို မင်းကို
အရင်ကယ်ဖို့ ငါဆုံးဖြတ်လိုက်ပြီ"

သူပြောပြီးသည်နှင့် ယန်ယဲ့သည် သူမ၏
ခြေထောက်ပေါ် ရှိ ဓားများကို
ဆွဲနုတ်လိုက်ရာ အမျိုးသမီးက
အားအင်ချိနဲ့စွာဖြင့် သူ့အပေါ်သို့
လဲကျလာခဲ့သည်။

ယန်ယဲ့သည် သူ့ရင်ခွင်ထဲ လဲကျလာသည့်
အမျိုးသမီးကို ဆုပ်ကိုင်ထားရင်း
အလွန်အားနည်းသည်ကို
သတိပြုမိသောကြောင့်
အနည်းငယ်မျက်မှောင်ကြုတ်သွားခဲ့သည်။

ထို့အပြင် သူမ၏ခန္ဓာကိုယ်ထဲ၌ ခွန်အား သို့မဟုတ် ဆန်းကြယ်ချီစွမ်းအင် ပင်လျှင် မတွေ့ခဲ့ပေ။ ရိုးရိုးရှင်းရှင်းပြောရလျှင် သူမက သာမာန်လူတစ်ယောက်လိုပင်၊ သို့မဟုတ် အမျိုးသမီးက သာမန်လူတစ်ယောက်ထက်တောင် အားနည်းနေပါသေးသည်။

မှန်သည်၊ ယန်ယဲ့သည် အမျိုးသမီးက သာမန်လူတစ်ယောက်ဟု မယုံကြည်ခဲ့ပေ။ နောက်ဆုံးတွင် အသူရာဘုရင်မက

သာမန်လူတစ်ယောက်ကို အထပ်ထပ်
ချုပ်နှောင်ထားပါမည်လော။

တစ်ချိန်တည်းမှာပင် ယန်ယဲ့သည်
သတိအပြည့်ထားကာ အမျိုးသမီးကို
စောင့်ကြည့်နေခဲ့သည်။ သူမ ဆီကနေ
အနည်းငယ်ပုံမှန်မဟုတ်သော လှုပ်ရှားမှုသာ
ထွက်ပေါ်လာပါက ချက်ချင်းတိုက်ခိုက်ဖို့
ပြင်ထား၏။

ယန်ယဲ့သည် တွေးတောနေရင်း
သိုလှောင်လက်စွပ်ထဲကနေ
ဝတ်ရုံတစ်ထည်ကို ထုတ်ယူပြီး
အမျိုးသမီး၏ ကိုယ်ပေါ် ခြုံပေးလိုက်သည်။
ထို့နောက် သူက “ပထမဆုံးအနေနဲ့
အသူရာဘုရင်မက တကယ့်ကို
ကြောက်စရာကောင်းတယ်လို့ ပြောရမယ်။
သူမက တကယ်ပဲ မင်းကို ဒီလို
နှိပ်စက်ခဲ့တာလား။ စိတ်မပူပါနဲ့၊ ငါ
သိုင်းသူတော်စင်အဆင့်ကို ရောက်တာနဲ့
မင်းကို သေချာပေါက် ကူညီပေးမှာပါ”

အမျိုးသမီးက မြေပြင်ပေါ်တွင်
အားနည်းစွာထိုင်ချကာ နံရံကို စိုက်ကြည့်ပြီး
“ငါ ဖန်ဆင်းခြင်းသစ်သီးကိုပဲ လိုချင်တာ"ဟု
ဂရုမစိုက်ဘဲ ပြောလိုက်သည်။

ယန်ယဲ့က မျက်နှာတစ်ချက်
ပျက်သွားသော်လည်း ဒီအရာကို
ထုတ်ဖော်မပြဘဲ "မင်းကြည့်စမ်း၊ ငါ
လုံလောက်တဲ့ ရိုးသားမှုကို ပြသခဲ့ပြီးပြီ၊
အဲဒါ ဘယ်မှာလဲလို့ မပြောသင့်ဘူးလား"

သူမက "ငါနင့်ကိုပြောပြီးပြီလေ။ နင်အဲဒီကျောက်နံ့ရံကို ဖြတ်ကျော်တာနဲ့ မြင်နိုင်လိမ့်မယ်"

ယန်ယဲ့က သံသယဝင်သွားပြီး "မင်းမလိမ်တာသေချာလား"

သူမက ယန်ယဲ့ကို တစ်ချက်စိုက်ကြည့်ပြီးနောက် မျက်လုံးကိုမှိတ်ကာ ဘာစကားမှ ထပ်မပြောတော့ပေ။

ယန်ယဲ့ဟာ ပါးစပ်ထောင့်များ
တုန်လှုပ်သွားပြီး “ရိုးရိုးသားသားပြောရရင်
မင်းက ငါ့လို ကြင်နာတတ်တဲ့သူနဲ့
တွေ့ခဲ့ရတာ ကံကောင်းတာဘဲ။
တခြားလူနဲ့သာတွေ့ရင် မင်းသေလိမ့်မယ်"

ထိုစကားပြောပြီးသည်နှင့် ယန်ယဲ့သည်
ကျောက်သားနံရံဆီသို့ လျှောက်သွားခဲ့ပြီး
သူ့ညာဖက်လက်ဖဝါးကို
ဆန့်၍ဖိကပ်လိုက်သည်။

ခဏကြာပြီးနောက်တော့
ကျောက်သားနံရံကြီးက
ပျောက်ကွယ်သွားသည်။

ကျောက်သားနံရံကြီး
ပျောက်ကွယ်သွားသောအခါ
ယန်ယဲ့၏မျက်ခွံများသည်
တဆတ်ဆတ်လှုပ်ယမ်းသွားကာ
သူ့မျက်လုံးများတွင် အံ့သြတုန်လှုပ်မှုများ
ပေါ်လာခဲ့သည်။ အဘယ်ကြောင့်ဆိုသော်
သူ့ရှေ့တွင် ချောက်နက်ကြီးတစ်ခုရှိနေပြီး

အကန့်အသတ်မရှိ
မြူခိုးများဖုံးလွှမ်းနေသောကြောင့်ဖြစ်သည်။

ထို့အပြင် ချောက်နက်၏ အလယ်
ဗဟိုဟုထင်ရသော အဝေးနေရာ၌
တိမ်တိုက်များကြား ထိုးဖောက်လုနီးပါး
သစ်ပင်တစ်ပင်ကို လှမ်းမြင်လိုက်ရသည်။

သစ်ပင်၏အမြစ် သို့မဟုတ်
အရွက်တစ်ရွက်မျှပင်မမြင်နိုင်ဘဲ
သစ်ပင်ဟာ

ကောင်းကင်နှင့်မြေကြီးနှစ်ခုလုံးနှင့်
ဆက်စပ်နေပုံရသည်။

"အဲဒါ ဖန်ဆင်းခြင်းသစ်ပင်လား"

ယန်ယဲ့သည် သူ့ရှေ့က မြင်ကွင်းကြောင့်
သိသိသာသာ တုန်လှုပ်သွားသည်။
လောကတွင် ဤမျှကြီးမားသောသစ်ပင်ကြီး
အမှန်တကယ်ရှိနေသည်ဟု သူ့စိတ်ထဲ
တစ်ခါမျှပင် မထင်ထားသောကြောင့်ပါ။

ထို့အပြင် ရောမသစ်ပင်ကြီးက သူ့ကို အလွန်အန္တရာယ်များသော ခံစားချက် ပေးခဲ့သည်။ကောင်းကင်ဘုံအုတ်ဂူ နှင့် ရင်ဆိုင်ရချိန်က ခံစားချက်ကဲ့သို့ပင်။ တစ်နည်းဆိုရသော် ဖန်ဆင်းခြင်းသစ်ပင်က အင်ပါယာတစ်ပိုင်းအဆင့်တွင် ရှိနေဖို့ အလားအအ အလွန်များခဲ့သည်။

“ဖန်ဆင်းခြင်းသစ်သီးက မူလဒန်တျန်ကို ပြန်ပြီးတည်ဆောက်နိုင်တဲ့အပြင် လူတစ်ယောက်ရဲ့ကျင့်ကြံမှုကိုပါ

ခဏလေးနဲ့ အများကြီး

တိုးတက်စေနိုင်တယ်။ ဒါ့အပြင်

ရတနာလက်နက်တွေကိုပါ

သန့်စင်နိုင်သေးတယ်။ တစ်နည်းပြောရရင်

ရတနာလက်နက်တွေရဲ့အဆင့်ကို

မြှင့်တင်နိုင်တယ်လို့ဆိုရမှာပေါ့။ ဒါက

ဒီလောကမှာ

အမြင့်မြတ်ဆုံးရတနာတစ်ပါးလို့

ဆိုနိုင်တယ်။ တစ်ခုတော့ရှိတယ်…

သိုင်းသူတော်စင်အဆင့်ရဲ့

အထက်ဆင့်ပညာရှင်တွေ မရှိတဲ့ ဒီကမ္ဘာမှာ

ဖန်ဆင်းခြင်းပန်းပွင့်တွေ၊ အသီးတွေကို
အင်အားသုံးယူလို့မရဘူး။ အသူရာဘုရင်မ
တောင် ဖန်ဆင်းခြင်းသစ်ပင်နဲ့
သဘောတူညီချက်လုပ်ထားရတယ်။
ဖန်ဆင်းခြင်းသစ်သီးကို
အတင်းလုယူဖို့မကြိုးစားခဲ့ဘူး။ လူသား!
နင်က လုပ်နိုင်တယ်ထင်ရင်
အတင်းအကြပ်လုယူဖို့ ကြိုးစားနိုင်တယ်”
သူ့နောက်မှ အမျိုးသမီးက ယန်ယွဲ့ကို
ဖြည်းညှင်းစွာပြောလိုက်သည်။

ယန်ယဲ့သည် ခေါင်းကို မော့ပြီး အဝေးဆီမှ တိမ်တိုက်များကြားကို ကြည့်လိုက်ရာ ရွှေရောင်သစ်သီး ၅ လုံးကို တွေ့လိုက်ရသည်။ "ဒါတွေက ဖန်ဆင်းခြင်းသစ်သီးတွေပေါ့။ ဒါပေမဲ့ ငါတကယ်ပဲ အတင်းအကြပ်ဆွတ်ယူလို့ရမှာလား"

သူသည် ကောင်းကင်ဘုံအုတ်ဂူ၏ စွမ်းအားကို လက်တွေ့ရင်ဆိုင်ဖူးထားသည်။ ယခု ဖန်ဆင်းခြင်းသစ်ပင်ကလည်း

ကောင်းကင်ဘုံအုတ်ဂူ ထက် မနိမ့်ကျပါ။

သူသည် အင်အားသုံးပြီးလုယူဖို့

ကြိုးစားပါက သေခြင်းတရားကသာ

စောင့်မျှော်နေပေလိမ့်မည်။ ထို့အပြင်

အတင်းအကြပ်ဖိအားပေးပါက

အသူရာဘုရင်မ နှင့်

အင်မော်တယ်ကျွန်းပေါ် ရှိ အခြား

သိုင်းသူတော်စင်များကို အချက်ပေးသလို

ဖြစ်သွားပါလိမ့်မည်။

ထိုအချိန်တွင် ယန်ယဲ့၏ ခန္ဓာကိုယ်ထဲရှိ ဆန်းကြယ်ရွှေချီကန်က ရုတ်တရက်ဆိုသလိုပင် ထူးဆန်းစွာဖြင့် တဝီဝီလှည့်လည်လာသည်။

ဆန်းကြယ်ရွှေချီကန်၏ ရုတ်တရက်လှုပ်ရှားမှုကြောင့် ယန်ယဲ့လည်း အံ့အားသင့်သွားသည်။ "ဘာလုပ်ဖို့ ကြိုးစားနေတာလဲ"

ရုတ်တရက်ဆိုသလိုပဲ
ဆန်းကြယ်ရွှေချိုကန်အတွင်းမှ
ကြောက်မက်ဖွယ် စုပ်ယူအားကြိုးမျှင်များ
ထွက်ပေါ်လာပြီးနောက်
ဖန်ဆင်းခြင်းသစ်ပင်သည်
ခရမ်းရောင်အလင်းတန်းအမှုန်အမွှားများအ
ဖြစ်ရုတ်ချည်းပြောင်းလဲကာ ယန်ယွဲ့ဆီသို့
တိုးဝင်လာသည်။အဆုံးတွင်
ရောမဖန်ဆင်းခြင်းသစ်ပင်ကြီးက ယန်ယွဲ့၏
ခန္ဓာကိုယ်ထဲသို့
ဝင်ရောက်သွားခဲ့တော့သည်။

"ဆန်းကြယ်ရွှေချီကန်က အဲဒါကို လိုချင်တာလား" ယန်ယဲ့၏ စိတ်ထဲတွင် ထိုအတွေး ချက်ချင်းပေါ်လာပြီး သူ့မျက်နှာသည် မည်းမှောင်သွားကာ "သောက်ရူးကန်ရေ၊ ပေါက်ကရတွေလျှောက်မလုပ်နဲ့။ ဒီနေရာမှာ မင်းက စိတ်ထင်သလိုလုပ်လို့မရဘူးလေ။ မင်းလိုချင်ရင်တောင် ငါတို့မယူနိုင်ဘူး။ အဲဒီအစား ဖန်ဆင်းခြင်းသစ်ပင်နဲ့ ဆွေးနွေးနိုင်တယ်"

ယန်ယဲ့က ဒေါသတကြီး ကျိန်ဆဲနေသည်။
လက်ရှိ သူတို့ ရောက်နေသည့်နေရာက
အသူရာဘုရင်မ၏ နယ်မြေဖြစ်သော
အင်မော်တယ်ကျွန်းဖြစ်သည်။

ကျွန်းပေါ်တွင် အသူရာဘုရင်မ
တစ်ဦးတည်းသာမဟုတ်ဘဲ အနည်းဆုံး
သိုင်းသူတော်စင် ၁၀ ယောက် ရှိခဲ့သည်။
ထို့ကြောင့် ဆန်းကြယ်ရွှေချီကန်၏
ရုတ်တရက် လှုပ်ရှားမှုဟာ သူ့ကို

သေလမ်းပို့သည်နှင့် အတူတူပင်။
သို့သော်လည်း ဆန်းကြယ်ရှေ့ချိုကန်က
ပို၍မြန်ဆန်စွာလှည့်ပတ်လာသဖြင့်
ယန်ယဲ့လည်း အလွန်အမင်း
အံ့ဩသွားခဲ့သည်။

၎င်းက သူ့ကို နည်းနည်းလေးမှ
ဂရုမစိုက်ပေ။

ဂါး!

ထိုအချိန်တွင် ချောက်နက်ကြီး

အောက်ခြေကနေ

ဒေါသတကြီးအော်သံ ရုတ်တရက်

ပဲ့တင်ထပ်လာခဲ့သည်။ ထို့နောက်တွင်

ရှည်လျားသောစပျစ်နွယ်ပင်ကြီးတစ်ပင်ဟာ

လေထဲသို့ လွင့်မျောလာပြီး ယန်ယဲ့ထံသို့

ဦးတည်သွားလေသည်။

ယန်ယဲ့ဟာ ဒီမြင်ကွင်းကြောင့်

မျက်နှာပျက်သွား၏။

သို့သော် တစ်ချိန်တည်းတွင်
ပုံရိပ်ယောင်သဖွယ်ရွှေရောင်စေတီလေးတ
စ်ဆူက ယန်ယဲ့၏အထက်တွင်
ပေါ်လာသည်။ ရွှေရောင်စေတီလေးက
ခရမ်းရောင်အလင်းတန်းများ
ဖြာထွက်လာပြီး ယန်ယဲ့ဆီ တိုးဝင်လာသော
စပျစ်နွယ်ပင်ကြီးကို
ပစ်လွှတ်လိုက်လေသည်။

ဖောင်း!

ကြောက်မက်ဖွယ်ကောင်းသော
စပျစ်နွယ်ပင်ကြီးက ချက်ချင်းပင်
ဖျက်ဆီးခံခဲ့ရသည်။

"အား" ချောက်နက်ကြီး၏
အောက်ခြေကနေ သနားစဖွယ်
နာကျင်နေသော အော်သံ
ပဲ့တင်ထပ်လာသည်။ အသံက
နာကျင်နေသည့်အရိပ်အယောင်များသာ
မကဘဲ
နက်နက်ရှိုင်းရှိုင်းထိတ်လန့်မှုများပင်သယ်

ဆောင်လာပါသည်။ ၎င်းက
ကြောက်မက်ဖွယ်ရာ တစ်ခုခုကို
ကြုံလိုက်ရသလိုပင်။

ထိုအတောအတွင်း
ဖန်ဆင်းခြင်းသစ်ပင်ကြီးတစ်ပင်လုံးဟာ
ယန်ယဲ့၏ခန္ဓာကိုယ်ထဲသို့
ဝင်ရောက်သွားခဲ့ပြီဖြစ်သည်။ ၎င်းက
တွန်းလှန်ခြင်းပင်မရှိခဲ့ဘဲ
အဆက်မပြတ်တုန်ခါနေပြီး
တစ်ခါတည်းဝင်ရောက်သွားခြင်းပါ။

ခွပ်...ဂျိန်း...

ရုတ်တရက်ဆိုသလိုပဲ၊ အနက်ရောင်
တိမ်တိုက်များ ထွက်ပေါ်လာပြီး
ကောင်းကင်ယံအထက်ကို
ဖုံးလွှမ်းသွားသည်။ ထို့နောက်တွင်
အနက်ရောင်တိမ်တိုက်များက
အက်ကြောင်းသဖွယ် ကွဲထွက်သွားကာ
အတွင်းပိုင်းကနေ

ရောမမျက်လုံးကြီးတစ်လုံးကို
ထွက်ပေါ်လာခဲ့လေသည်။

"ကောင်းကင်တာအိုမျက်လုံး "

ယန်ယဲ့က ချက်ချင်းပင်
မျက်နှာပျက်သွားတော့သည်။ အကြောင်းမှာ
ယခုအချိန်တွင် သူက
အသက်ရှင်ဖို့အခွင့်အရေးမရှိသလောက်
နည်းပါးသောကြောင့်ပါ။

ဒီအချိန်မှာ ယန်ယဲ့၏

နောက်ကွယ်မှအမျိုးသမီးက ရွှေစေတီကို

စူးစိုက်ကြည့်နေရင်း

သူမ၏မျက်လုံးများတွင် ထိတ်လန့်ခြင်း၊

မယုံကြည်နိုင်ခြင်းနှင့်

ကြောက်ရွံ့သည့်အရိပ်အယောင်များ

ထွက်ပေါ်လာသည်။

ထိုအခိုက်တွင်

ကောင်းကင်တာအိုမျက်လုံးသည်

ဖြည်းညှင်းစွာပွင့်လာပြီး ယန်ယဲ့ အပေါ်ကို

ချက်ချင်းပိတ်လှောင်သွားသည်။
ထို့နောက်တွင်တော့ အချင်း ၀က် မီတာ
၅၀၀ ကျော် ရှည်လျားသော
အနက်ရောင်နတ်မိုးကြိုးတန်းကြီးက ယန်ယဲ့
ဆီ ကျဆင်းလာပါတော့သည်။

တစ်ချိတ်တည်းမှာပင် ယန်ယဲ့၏
ခေါင်းအထက်ရှိ ရွှေစေတီက
ခရမ်းရောင်အလင်းတန်းတစ်ခုအသွင်ဖြင့်
ကောင်းကင်ယံသို့ လွင့်မျောသွားကာ
ကောင်းကင်တာအိုမျက်လုံးနှင့်

အနက်ရောင်နတ်လှျပ်စီးကြောင်းတို့အား
ရိုက်ချလိုက်သည်။

"ကောင်းကင်တာအိုရဲ့မျက်လုံး "

အင်မော်တယ်ကျွန်းရှိ
ကျင့်ကြံသူသူများအားလုံး
ကျွန်း၏အထက်လေထုထဲမှ
ရောမမျက်လုံးကြီးကို မြင်သောအခါ
အံ့အားသင့်သွားကြသည်။

"ကောင်းကင်တာအိုမျက်လုံးက ဘာလို့
ဒီမှာပေါ်လာတာလဲ" အဘိုးအို
တစ်ဒါဇင်ကျော် အုပ်စုက
ကောင်းကင်တာအိုမျက်လုံးကို
စူးစိုက်ကြည့်နေခဲ့သည်။

၁၂၇၁

Almighty Sword Domain
အဆုံးမဲ့ဓားကမ္ဘာ
(ယန်ယဲ့)[ကောင်းကင်ပြင်ပ]
ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၁၂၇၁ - နယ်ခြားကျင့်ကြံသူ(နယ်ခြားမိစ္ဆာတွေ)လား

ထိုအချိန်မှာပင် အောက်မြေပြင်ကနေ ခရမ်းရောင်အလင်းတန်းတစ်ခု ရုတ်တရက် ထွက်ပေါ်လာပြီး ကျွန်းပေါ် ရှိ သိုင်းသူတော်စင်များပင် ကြောက်လန့်တကြား ငေးကြည့်နေသော အနက်ရောင်နတ်လှျပ်စီးကြောင်းကို ဝါးမျိုသွားသည်။

ခရမ်းရောင်အလင်းတန်းဟာ

နတ်လှျပ်စီးကြောင်းကို ဝါးမျိုပြီးသည့်တိုင်
ရပ်တန့်ခြင်းမရှိခဲ့ပေ။
ကောင်းကင်တာအိုမျက်လုံး ဆီသို့ ဆက်၍
တိုးဝင်သွားပါတော့သည်။

ဂျိန်း!

အလွန်တရာကြောက်မက်ဖွယ်ကောင်းသော
ပေါက်ကွဲသံကြီး ထွက်ပေါ်လာခဲ့ပြီး
ကောင်းကင်တာအိုမျက်လုံးဟာ အပိုင်းပိုင်း
ကွဲထွက်သွားလေသည်။

အောင်း!

ကောင်းကင်တာအိုက်မျက်လုံးက

မျက်ခွံနှစ်ဖက်ကိုဖြည်းညင်းစွာ မမှိတ်ခင်

ကောင်းကင်ယံအထက်သို့

ပဲ့တင်ထပ်လာသော စူးရှရှအသံကြီးကို

ကြားလိုက်ရသည်။ ထိုအခိုက်တွင်

အောက်မြေပြင်ဆီမှ

ခရမ်းရောင်အလင်းတန်းတစ်ခု

ထိုးတက်လာခဲ့သည်။

ခရမ်းရောင်အလင်းတန်းကြီး
ကောင်းကင်ယံအထက် တက်လာသည်နှင့်
ကောင်းကင်တာအိုမျက်လုံးသည်
တုန်ခါလာကာ ပုံရိပ်ယောင်တစ်ခုသဖွယ်
လျင်မြန်စွာ ပျောက်ကွယ်သွားခဲ့သည်။

"ကောင်းကင်တာအိုမျက်လုံးက
ထွက်ပြေးသွားတာလား"

ကျွန်းပေါ်မှ ကျင့်ကြံသူများနှင့်
သိုင်းသူတော်စင်များ သည်ပင်

ဒီမြင်ကွင်းကြောင့်
အံ့အားသင့်သွားကြသည်။ ယန်ယဲ့၏
နောက်ကွယ်မှ အမျိုးသမီးလည်း
ထိတ်လန့်သွားကာ ယန်ယဲ့ကိုယ်တိုင်ပင်
အံ့အားသင့်သွားခဲ့သည်။

"ကောင်းကင်တာအိုမျက်လုံးက ဒီအတိုင်း
ထွက်ပြေးသွားပြီလား၊ ဒီအတိုင်း
ထွက်ပြေးသွားတာလား "

"အဲဒါက ကောင်းကင်တာအိုမျက်လုံးလေ။ သိုင်းသူတော်စင်တွေကို အလွယ်တကူသတ်နိုင်တဲ့ ကောင်းကင်တာအိုမျက်လုံးလေ။ ဒါပေမဲ့ ဒီအတိုင်းဘဲ ထွက်ပြေးသွားတာလား"

ယန်ယဲ့၏ နောက်ကွယ်မှ အမျိုးသမီးသည် မယုံကြည်နိုင်သောမျက်လုံးများဖြင့် ရွှေစေတီငယ်လေးကို စိုက်ကြည့်နေသည် "အဲဒါ အတိအကျဘယ်လိုအရာလဲ။ကောင်းကင်

ဘုံရဲ့တာအိုမျက်လုံးကိုတောင်ကြောက်လန့်
တကြားနဲ့ ထွက်ပြေးအောင်လုပ်ခဲ့တယ်။
ဒါ... ဒါက ဘယ်လိုတည်ရှိမှုကနေ
ဖန်တီးထားတဲ့ ရတနာလဲ"

အမှန်စင်စစ် အင်ပါယာအဆင့်
ရတနာများပင်လျှင်
ကောင်းကင်တာအိုမျက်လုံးကို
ကြောက်ရွံ့သွားသည်ထိ ဖိနှိပ်နိုင်စွမ်းမရှိပေ။

"အဲဒါ အင်ပါယာအဆင့်ထက်က ရတနာတစ်ခုလား"

အမျိုးသမီးက သူမ၏လက်သီးများကို ဖြည်းညှင်းစွာ ဆုပ်ထားလိုက်သည် ။

ထိုအချိန်တွင် ယန်ယဲ့လည်း အံ့အားသင့်သွားသည်။မူလစေတီက ကြောက်မက်ဖွယ်ကောင်းကြောင်း သူသိသော်လည်း ယခုလိုမျိုး အလွန်အမင်းထိတ်လန့်ဖွယ်ကောင်းမည်ဟု တော့ မမျှော်လင့်ခဲ့ပေ။ ယခုတော့

ကောင်းကင်တာအိုမျက်လုံးပင်
ကြောက်လန့်ပြီး ထွက်ပြေးသွားခဲ့၏။

ယန်ယဲ့သည် မူလစေတီက ယခင်ကထက်
များစွာအားကောင်းလာကြောင်း
သတိပြုမိခဲ့သည်။ ထိုသို့ဖြစ်ရခြင်းမှာလည်း
သူနှင့် ပတ်သက်မှု ရှိကောင်း ရှိနိုင်သည်
။ နံပါတ် ၇ မင်းသမီး
ပြောခဲ့သည့်စကားအပေါ်အခြေခံ၍
မူလစေတီ၏ ခွန်အားသည် သူ့ကျင့်ကြံမှုနှင့်
သေချာပေါက် ဆက်စပ်နေပါသည်။

သူ၏ကျင့်ကြံမှု မြင့်မားလာပါက
မူလစေတီလည်း
ပို၍အားကောင်းလာခဲ့သည်။

ယခုအချိန်တွင် သူသည်
အလယ်အလတ်သူတော်စင်တစ်ပိုင်းအဆင့်
ဖြစ်သည်။ မူလစေတီ၏စွမ်းအား
ကြောက်စရာကောင်းနေသည်ကို
မအံ့သြတော့ပေ။ ထိုအရာက
သာမာန်ဖြစ်သည်။ သို့သော်လည်း
မူလစေတီက တဖြည်းဖြည်းနှင့် ကြောက်

စရာကောင်းလာသည်ဟု သူ့စိတ်ထဲ
ခံစားမိခဲ့သည်။ မှန်သည်၊ မူလစေတီက
အစွမ်းထက်လာလေလေ
သူ့အတွက်ကောင်းပေသည်။

ထိုအချိန်တွင် ဖန်ဆင်းခြင်းသစ်ပင်က
ဆန်းကြယ်ရွှေချီကန်ထဲသို့ အပြည့်အဝ
ဝင်ရောက်လာခဲ့သည်။
ဖန်ဆင်းခြင်းသစ်ပင်
ဝင်ရောက်သွားသည်နှင့် တပြိုင်နက်
ယန်ယဲ့၏ ခေါင်းအထက်တွင်

လွင့်မျောနေသော ရွှေစေတီငယ်လေးက အနည်းငယ် တုန်ခါသွားသည်။ ထို့နောက် ခရမ်းရောင်အလင်းတန်းအဖြစ် ပြောင်းလဲကာ ဆန်းကြယ်ရွှေချိုကန်ထဲသို့ ပြန်လည်ဝင်ရောက်သွားတော့သည်။

ခဏအကြာတွင် ယန်ယွဲ့သည် မျက်ခုံးကြောများ တင်းတင်းကြပ်ကြပ် ဖိထားခဲ့သည်။ သူ့စိတ်ထဲ မူလစေတီက ပြန်လည်ကောင်းမွန်လာသည်ဟု ထင်ခဲ့သည်။ သို့သော်လည်း ၎င်းသည်

ဆန်းကြယ်ရွှေချိကန်လေးအဖြစ်သာ
ပြန်ပြောင်းသွားသဖြင့် မူလစေတီ ထဲကို
လုံးဝ မဝင်ရောက်နိုင်ခဲ့ပေ။

တစ်နည်းဆိုရသော် မူလစေတီက
ပြန်ပြီးသက်သာမလာသေးပါ။

ထိုအချိန်တွင် ယန်ယွဲ့သည် သူ့ဆီသို့
ပြေးလာနေသော ပြင်းထန်သော
အစွမ်းထက်အော်ရာ တစ်ဒါဇင်ကျော်ကို

သတိပြုမိပြီး ချက်ချင်းပင်
မျက်နှာပျက်သွား၏။

ယန်ယဲ့က ချက်ချင်းပင် နောက်လှည့်၍
အမျိုးသမီးကို
ကြည့်ကာ ပွေ့ချီလိုက်ပြီး ချောက်နက်ကြီး
ထဲသို့ လျှပ်တစ်ပြက်
ခုန်ချလိုက်ပါတော့သည်။

မူလစေတီနှင့် ကောင်းကင်တာအိုမျက်လုံး
ထွက်ပေါ်လာမှုက အင်မော်တယ်ကျွန်းရှိ

ကျင့်ကြံသူများကို
ထိတ်လန့်စေခဲ့သည့်အပြင်
အသူရာဘုရင်မကိုပါ
သတိပေးသလိုဖြစ်ခဲ့၏။ ထို့ကြောင့်
သူသည် လာရာလမ်းအတိုင်း ပြန်သွားဖို့က
လုံးဝမဖြစ်နိုင်ပေ။ သူ၏ အရှိန်အဝါကို
ဖုံးကွယ်ထားနိုင်သော်ငြား အနည်းငယ်သော
လှုပ်ရှားမှုကပင် အားလုံး
သတိပြုမိသွားနိုင်သည်။

ဒီအချိန်ရောက်မှတော့ ယန်ယဲ့အတွက်

ချောက်နက်ထဲသို့ ခုန်ဆင်းရန်မှတပါး

ရွေးချယ်စရာမရှိတော့ပေ။

အဘယ်ကြောင့်ဆိုသော်

ချောက်နက်ကြီးထဲ၌

လျှို့ဝှက်ဆန်းကြယ်သောစွမ်းအင်များ

ရှိနေသေးပြီး ကျင့်ကြံသူများ၏

စိတ်အာရုံအသိကို ပိတ်ဆို့ထားနိုင်သည်။

သိုင်းသူတော်စင်များက

သူတို့၏စိတ်အာရုံအသိကိုထုတ်မသုံးနိုင်ပါ

က သူ့အနေဖြင့် လွတ်မြောက်ဖို့ရာ
လွယ်ကူသွားပါလိမ့်မည်။
ထို့အပြင် ချောက်နက်ကြီးက
အဆုံးအစမဲ့အမှောင်ထုကြီးစိုးတေသဖြင့်
အမှောင်တာအိုဥပဒေသကို
နားလည်ထားသော ယန်ယဲ့အတွက်
ပြီးပြည့်စုံသော အရင်းအမြစ်တစ်ခုပင်။

အမျိုးသမီးကို သူနှင့်အတူ ခေါ်လာရသည့်
အကြောင်းအရင်းကတော့ မူလစေတီနှင့်
ပတ်သက်သည့် မြင်ကွင်းကို တစ်စတစ်စ

လူမသိစေချင်သောကြောင့်ပါ။ မှန်သည်၊
သူက အမျိုးသမီးကိုသတ်ပြီး
နှုတ်ပိတ်၍ရသော်လည်း ထိုသို့မလုပ်ခဲ့ပေ။
ယန်ယဲ့ဟာ ရက်စက်ကြမ်းကြုတ်ပြီး
ကရုဏာကင်းမဲ့သော်လည်း သူ့တွင်
စည်းတော့ရှိပေသည်။

နှစ်ယောက်စလုံးက ချောက်နက်ကြီးထဲသို့
ကျဆင်းလာသည်မှာ ၄
နာရီနီးပါးပင်ရှိနေပါပြီ။ သို့သော်လည်း
ဆက်၍ ကျဆင်းနေဆဲဖြစ်ပြီး

ယန်ယဲ့သည်ပင် မျှော်ထင့်မထားသဖြင့် မျက်မှောင်ကြုတ်နေခဲ့သည်။

ရုတ်တရက်ဆိုသလို သူတို့ရှေ့တွင် အပြာရောင်ရေဝဲကတော့ကြီးတစ်ခု ပေါ်လာသည်။

အပြာရောင်ရေဝဲကတော့ကြီးကိုမြင်သောအခါ ယန်ယဲ့၏ အမူအရာသည် ချက်ချင်းပြောင်းသွားပြီး အမျိုးသမီးကို လက်နှစ်ဖက်ဖြင့် ကိုင်ထားရင်း နေရာမှာပင် ရပ်လိုက်သည်။

ထိုအချိန်တွင် အပြာရောင်ရေဝဲကတော့
အတွင်းမှ ကြောက်မက်ဖွယ်ရာ
စုပ်ယူအားတစ်ခု ထွက်လာပြီး
နှစ်ယောက်စလုံး မတုံ့ပြန်နိုင်မှာပဲ
စုပ်ယူခံလိုက်ရတော့သည်။

ရေဝဲကတော့ ထဲသို့ စုပ်ယူခံလိုက်ရသည်နှင့်
တပြိုင်နက် ယန်ယွဲ့သည် ခေါင်းတစ်ခုလုံး
မူးဝေလာသည်ကို
ချက်ချင်းခံစားလိုက်ရသည်။ ထို့နောက်တွင်

သူ့ကိုယ်သူ ထိန်းချုပ်နိုင်စွမ်းမဲ့သွားပြီး
အသိစိတ်ဟာ တဖြည်းဖြည်း
မှုန်ဝါးလာခဲ့သည်။

အချိန် မည်မျှကြာသွားသည်ကို မသိပေ၊
နောက်ဆုံးတွင် ယန်ယဲ့ဟာ
သူ့မျက်လုံးများကို ပြန်ဖွင့်လိုက်သည်။
သူ၏မျက်လုံးကို ဖွင့်ဖွင့်ချင်း
ပထမဆုံးမြင်လိုက်ရသည်ကား
တိမ်ပြာရောင်ကောင်းကင်ကြီးပင်။

"ငါဘယ်ရောက်နေတာလဲ" ယန်ယဲ့သည် လျင်မြန်စွာ ထရပ်လိုက်ပြီး ပတ်ဝန်းကျင်ကို တစ်ချက်စစ်ဆေးလိုက်သည်။

ယခုအချိန်တွင် သူသည် ကျတ်တီးခေါင်လွင်ပြင်ကျယ်ပေါ်တွင် ရှိနေခဲ့ပြီး လျို့ဝှက်ဆန်းကြယ်သော အမျိုးသမီးကလည်း သူနှင့် သိပ်မဝေးလှပေ။

သူမသည် မြေပြင်ပေါ်တွင် အားနည်းစွာထိုင်နေကာ

ပတ်ဝန်းကျင်ကိုလှည့်ပတ်ကြည့်နေခဲ့သည်။

ယန်ယွဲ့သည် ပတ်ဝန်းကျင်ကို
တစ်ချက်ကြည့်လိုက်သည်။ သူတို့
ဘယ်ရောက်နေမှန်း မသိသော်လည်း
ထွက်ပြေးလွတ်မြောက်ခဲ့သည်ဟုတော့
ခံစားမိလိုက်၏။

ယန်ယွဲ့သည် လျှို့ဝှက်ဆန်းကြယ်သော
အမျိုးသမီးကို ရုတ်တရက် လှည့်ကြည့်ကာ
"မင်းက ဘယ်သူပဲဖြစ်ဖြစ် ငါ့အတွက်

အရေးမကြီးဘူး။ အရေးကြီးတာက ငါတို့ လွတ်မြောက်သွားပြီ။ ကောင်းပြီ၊ အခုတော့ ဒီနေရာမှာဘဲ နှုတ်ဆက်လိုက်ပါတယ်”

ယန်ယဲ့သည် စကားပြောပြီးသည်နှင့် နောက်ပြန်လှည့်ကြည့်ကာ ထွက်သွားဖို့ ရည်ရွယ်လိုက်၏။ သို့သော် သူ၏ ဆန်းကြယ်ချီစွမ်းအင်ကို မထုတ်ဖော်နိုင်ကြောင်း သတိပြုမိသဖြင့် အကြီးအကျယ်တုန်လှုပ်သွားမိသည်။

ယန်ယွဲ့သည် သူ့ခန္ဓာကိုယ်ကို အလျင်အမြန်
စစ်ဆေးကြည့်ရာ သူ၏
ဆန်းကြယ်ချီစွမ်းအင်က
သေခြင်းချီပုံစံဖြစ်နေသည်ကို
သတိပြုမိခဲ့သည်။ ယန်ယွဲ့သည် ချက်ချင်း
မျက်မှောင်ကြုတ်သွားပြီး
"သောက်ကျိုးနည်းပြီထင်တယ်၊
ဘာတွေဖြစ်နေတာလဲ"

"လျှို့ဝှက်ဆန်းကြယ်တဲ့စွမ်းအင်ဝက်ပါက
ဒီနေရာကို ပိတ်ထားလိုက်ပြီ" ထိုအချိန်တွင်

အမျိုးသမီးက ခေါင်းမော့ကာ

ကောင်းကင်ကို မျှော်ကြည့်ရင်း

ပြောလိုက်လေသည် “သိုင်းသူတော်စင်တွေ

ထက်တောင်

ပိုပြီးကြောက်စရာကောင်းတယ်။ ဒီတော့

စိတ်အာရုံအသိနဲ့

ဆန်းကြယ်ချီစွမ်းအင်နှစ်ခုလုံးကို ဒီနေရာမှာ

ထုတ်သုံးလို့မရဘူး။ တစ်နည်းပြောရရင်

နင်က အခု သာမန်လူတစ်ယောက်လိုဘဲ”

ယန်ယွဲ့သည် ငြိမ်သက်သွားပြီး
ပတ်ဝန်းကျင်ကို တစ်ချက်ကြည့်လိုက်ရင်း
"ငါတို့ အခုဘယ်မှာလဲ" ဟု
ပြောလိုက်သည်။

"အင်မော်တယ်ကျွန်းရဲ့ မြေအောက်ကမ္ဘာ"
အမျိုးသမီးက ယန်ယွဲ့ကို
တစ်ချက်ကြည့်လိုက်ပြီး
“ဒဏ္ဍာရီတွေအရဆို အင်မော်တယ်ကျွန်းရဲ့
အောက်မှာ အာကာသဟင်းလင်းပြင်ထဲက
နတ်မိစ္ဆာသားရဲတစ်ကောင်ကို

ချိတ်ပိတ်ထားတယ်။
အစတုန်းကတော့ ဒဏ္ဍာရီတစ်ခုဘဲလို့ထင်ခဲ့
တာ၊ ဒါပေမဲ့ အခုတော့
ဒဏ္ဍာရီမဟုတ်ဘူးဘဲ တကယ်ရှိနေတယ်”

"အပြင်လောကကနေ
လား" ယန်ယဲ့သည်မျက်မှောင်ကြုတ်ကာ "
တခြားကြယ်ဒေသကနေ နယ်ကျော်လာတဲ့
ကျင့်ကြံသူတွေ"

အမျိုးသမီးက ရုတ်ချည်းပြောလိုက်သည်
“နယ်ခြားကျင့်ကြံသူတွေအကြောင်း
နင်ကြားဖူးလား"

"နယ်ခြားကျင့်ကြံသူ(နယ်ခြားမိစ္ဆာ)တွေလား
" ယန်ယဲ့သည် မျက်ခွံများ
တဆတ်ဆတ်လှုပ်ယမ်းသွားသည်။
ရောင်စဉ်ဖြာဒေသတွင် နယ်ခြားမိစ္ဆာများကို
နယ်ခြားကျင့်ကြံသူဟု
သိလိုက်သောကြောင့်ပင်။ ထို့ကြောင့်

အမျိုးသမီးကို စိုက်ကြည့်ကာ
ခေါင်းညိတ်သည်။

အမျိုးသမီးက ဆက်၍ ပြောခဲ့သည်
"လွန်ခဲ့တဲ့နှစ်တွေမှာ
နယ်ခြားကျင့်ကြံသူတွေက
ဘယ်နေရာကနေဘယ်လိုထွက်ပေါ်လာသ
လဲမသိ၊ သူတို့ရဲ့
အင်မော်တယ်ခန္ဓာကိုယ်တွေက
ဖျက်ဆီးလို့မရတော့
ရောင်စဉ်ဖြာဒေသတစ်ခုလုံး

ပျက်စီးလုနီးပါး

ဖြစ်ခဲ့တယ်။ကံကောင်းစွာနဲ့ဘဲ၊ သူတို့က

အစွမ်းထက်ပေမယ်လို့ အချင်းချင်း

မစည်းလုံးကြဘူး။ အကုန်လုံးက

မာနကြီးမောက်မာလွန်းတော့

ရောင်စဉ်ဖြာဒေသရဲ့

အင်အားစုတွေတင်မကဘဲ

တခြားကြယ်ဒေသတွေကိုပါ ရန်စခဲ့တယ်။

ဒီတော့ ရောင်စဉ်ဖြာဒေသနဲ့

တခြားကြယ်ဒေသတွေအကုန် ပေါင်းပြီး

ရင်ဆိုင်ခဲ့တယ်။ နောက်ဆုံးတော့ သူတို့က

အောက်ဘုံမှာ ချိတ်ပိတ်ထားလိုက်တယ်။

ဒါပေမဲ့ လုံးဝ ချိတ်ပိတ်လို့မရတဲ့

နယ်ခြားကျင့်ကြံသူတွေလည်း ရှိတယ်”

၁၂၇၂

Almighty Sword Domain

အဆုံးမဲ့ဓားကမ္ဘာ

(ယန်ယွဲ့)[ကောင်းကင်ပြင်ပ]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၁၂၇၂ - နယ်ခြားကျင့်ကြံသူ

နှင့်တိုက်ခိုက်ခြင်း

ယန်ယဲ့က "မင်းပြောနေတာက အဲဒီနယ်ခြားကျင့်ကြံသူကို ဒီမှာ ချုပ်နှောင်ထားတာလား၊ သူက အတော်ဘဲ အားကောင်းသလား"

အမျိုးသမီးက ခေါင်းညိတ်ပြီး "ငါထင်တာမမှားရင် လုံးဝကို အစွမ်းထက်နယ်ခြားကျင့်ကြံသူဘဲ"

ယန်ယဲ့က ခေါင်းခါပြီး "အဲဒါကို ငါ ဂရုမစိုက်ပါဘူး။ ဒီနေရာကနေ ထွက်သွားဖို့ နည်းလမ်းသိလား"

ဆန်းကြယ်ရွှေချီကန်သည် ဖန်ဆင်းခြင်းသစ်ပင်ကို စုပ်ယူသွားသောကြောင့် သူသည် တိမ်ပင်လယ်မြို့သို့ပြန်သွားပြီး လုဝမ်အာ၏ မူလဒန်တျန်ကို ကုသပေးချင်နေပြီဖြစ်သည်။ အချိန်ကြာနောက်ကျလေလေ လုဝမ်အာ

အတွက် ပိုဆိုးလေဖြစ်သောကြောင့်
လုံးဝမနှောင့်နှေးချင်ပေ။

"နည်းလမ်း ၂ ခုရှိတယ်" အမျိုးသမီးက
“ပထမနည်းလမ်းက ဒီကမ္ဘာကြီးကို
ဖျက်ဆီးပစ်ဖို့ဘဲ။
စစ်မှန်တဲ့ကမ္ဘာမဟုတ်ပေမဲ
ရှေးဟောင်းခေတ်ဦးက ပညာရှင်
ဖန်တီးခဲ့တဲ့ ကမ္ဘာငယ်တစ်ခုပေါ့။ ဒီတော့
ဒီကမ္ဘာကိုဖျက်ဆီးတာနဲ့ ငါတို့က
ရောင်စဉ်ဖြာဒေသကို

ပြန်သွားနိုင်လိမ့်မယ်။ ဒုတိယ နည်းလမ်းက ပေါ်တယ်စနစ် ရှိမရှိ ရှာကြည့်ဖို့ဘဲ။ ဒီနေရာကိုပို့ဆောင်ပေးတဲ့ ပေါ်တယ်တစ်ခုတောင်ရှိနေမှတော့ အပြင်ကမ္ဘာကို ဦးတည်တဲ့ ပေါ်တယ်လည်း ရှိရမယ်လေ။ ရှာနိုင်ရင် ငါတို့ ထွက်သွားနိုင်မှာပါ”

ယန်ယွဲ့သည် ပတ်ဝန်းကျင်ကို တစ်ချက်ကြည့်လိုက်ပြီး ခဏအကြာတွင် ခေါင်းယမ်းလိုက်သည်။

ယခုအချိန်တွင်

သူ၏ဆန်းကြယ်ချီစွမ်းအင်ကို

ထုတ်မသုံးနိုင်သည်ဖြစ်ရာ

ပြောစရာမလိုအောင်ပင်၊ သူ၏

မူလအခြေအနေမှာ ရှိနေလျှင်ပင်

ဒီကမ္ဘာငယ်ကို ဖျက်ဆီးနိုင်မည်မဟုတ်ပေ။

ကောင်းကင်ဘုံအုတ်ဂူကို ထုတ်ဖော်ပြီး

စမ်းကြည့်ရင်တော့

ဖြစ်ကောင်းဖြစ်နိုင်သည်။

သို့သော် ပထမနည်းလမ်းက မဖြစ်နိုင်သဖြင့်
ဒုတိယနည်းလမ်းကိုသာ
ရွေးချယ်လိုက်ရသည်။

"ပေါ်တယ်စနစ်ကို သွားရှာရအောင်"
ယန်ယဲ့သည်စကားပြောနေရင်း
ခပ်လှမ်းလှမ်းဆီသို့
စတင်လျှောက်သွားခဲ့သော်လည်း
ရုတ်တရက် ရပ်လိုက်ပြီး အမျိုးသမီးကို
လှည့်ကြည့်ကာ "မင်းဘာလို့
မလာတာသေးတာလဲ"

အမျိုးသမီးက ယန်ယဲ့ကို စိုက်ကြည့်ရင်း
"ငါ... ငါ မလုပ်နိုင်တော့ဘူး"

ယန်ယဲ့သည် အနည်းငယ်
ထိတ်လန့်သွားသည်။ထို့နောက် ချက်ချင်းပင်
အမျိုးသမီးထံသို့ လျှောက်သွားပြီး
သူမ၏ကိုယ်ပေါ်လွှမ်းပေးထားသော
ဝတ်ရုံကို ဆွဲဖွင့်လိုက်သည်။

သူမ၏ခြေထောက်နှစ်ဖက်တွင်
ဓားများဖြင့်ထိုးစိုက်ခံရသော အပေါက်များ
မြင်နေရဆဲပါ။

ဓားဒဏ်ရာအပေါက်များက သူမ၏
ခြေထောက်နှစ်ဖက်ကို
ထုတ်ချင်းဖောက်ထွက်ပြီး
ခြေဖဝါးအတွင်းမှ အရိုးများနှင့်
သွေးကြောများပင်
ကွဲအက်သွားခဲ့သည်။ ထို့အပြင်
ဓားဒဏ်ရာအပေါက်များမှ သွေးများ
အဆက်မပြတ် စီးကျလာသည်။

ယန်ယဲ့သည် ခဏကြာ လေးလေးနက်နက်
စဉ်းစားပြီးနောက် သူမ၏လက်နှစ်ဖက်ကို
တစ်ချက်ကြည့်လိုက်သည်။ အမျိုးသမီး၏
လက်ကောက်ဝတ်၌လည်း အလားတူ
ဓားဒဏ်ရာအပေါက် ၂
ပေါက်ရှိနေခဲ့သည်။ ဒီအခိုက်အတန့်မှာ
အပေါက်များမှ သွေးများ တဖြည်းဖြည်း
စီးကျလာသည် ။

"မင်းနဲ့ အသူရာဘုရင်မကြားမှာ ရန်ငြိုးက
ဘယ်လောက်တောင်
နက်နက်ရှိုင်းရှိုင်းရှိသလဲ"
ယန်ယဲ့သည် သူမ၏ ဝတ်ရုံမှ
အပေါ်အပိုင်းအစတစ်ခုကို ဆုတ်ဖြဲလိုက်ပြီး
အမျိုးသမီး၏ ဒဏ်ရာများကို
ပတ်တီးစည်းပေးလိုက်သည်။

သာမန်အချိန်တွင်သာဆိုပါက သူ၏
ဆန်းကြယ်ချီစွမ်းအင်ကို ပို့လွှတ်ပြီး
အမျိုးသမီးကို ကုသပေးနိုင်လေသည်။
ယခုအချိန်တွင်မူ သူမကို

ကုသပေးဖို့အသာထား သူ့ကိုယ်သူပင်
ဒဏ်ရာမရအောင်
မနည်းသတိထားနေရသည်။ လက်ရှိတွင်
သူက ဒဏ်ရာများကုသရာတွင်
အခြေခံအကျလုပ်ထုံးလုပ်နည်းသာလျှင်
အသုံးပြုနိုင်သည်။

အမျိုးသမီးက ယန်ယဲ့ကို
မော့ကြည့်လိုက်သော်လည်း ပြန်မဖြေခဲ့ပေ။

ယန်ယဲ့က မတ်တပ်ထရပ်ပြီး

သူမ၏လက်ကိုဆွဲကာ ပတ်တီးစ

စည်းပေးလိုက်ပါသည်။

တစ်ချိန်တည်းမှာပင် သူက အမျိုးသမီးအား

စူးစိုက်ကြည့်ကာ "မင်းက

သာမန်လူမဟုတ်သလို၊ မင်းဟာ

အရမ်းကြောက်စရာကောင်းတဲ့

လူတစ်ယောက်ဖြစ်သင့်တယ်ဆိုတာ

ငါသိပါတယ်။ ငါပြောချင်တာက ငါ့မှာ

မင်းကို ရန်လိုတဲ့ ရည်ရွယ်ချက် မရှိဘူး၊

ငါတို့ အခု

တစ်လှေတည်းစီးနေတာ။ အဲဒီတော့ လက်တွဲလုပ်ဆောင်ရမယ်။ အဲဒါမှသာ မင်းနဲ့ ငါနှစ်ယောက်လုံး အကျိုးရှိမှာ ဟုတ်တယ်မလား”

အမျိုးသမီးက ရုတ်တရက် အလျင်စလိုပြောလေသည် "အနောက်မှာ"

"ဟမ်..." ယန်ယွဲ့သည် အံ့အားသင့်သွားပြီး "ဘာကိုဆိုလိုတာလဲ"

"နင့်နောက်မှာ" အမျိုးသမီးက
ထပ်ပြောလိုက်ပြီး ဒီတစ်ကြိမ်မှာတော့
သူမ၏အသံက ပိုကျယ်လာသည်။

"ငါ့နောက်မှာလား" ယန်ယဲ့က ချက်ချင်းပင်
သူ့အနောက်ကို လှည့်ကြည့်လိုက်သည်။
သို့သော် ဒီအချိန်မှာဘဲ လက်သီးတစ်ချက်က
သူ့ဗိုက်ကို ပြေးဝင်လာခဲ့သည်။
အလစ်အငိုက် တိုက်ခိုက်ခံလိုက်ရသဖြင့်
ယန်ယဲ့ဟာ ဘာမှမတတ်နိုင်လိုက်ပေ။
ပါးစပ်ထဲကနေ သွေးအန်ထွက်ကာ

သူ့ခန္ဓာကိုယ်ကလည်း အမျိုးသမီးနှင့်
တိုက်မိပြီး နောက်ပြန်လွင့်ထွက်သွားသည် ။
နှစ်ယောက်စလုံး ၃ ကီလိုမီတာကျော်ထိပင်
လွင့်ပျံသွားခဲ့သည် ။

နှစ်ယောက်လုံး မြေပြင်နှင့်ရိုက်ချကာနီးတွင်
ယန်ယဲ့သည်
သူ့ခန္ဓာကိုယ်ကိုတစ်ပါပတ်လှည့်၍
မြေပြင်ကိုခြေတစ်ချက်ဆောင့်ကာ
အမျိုးသမီးကို ဖမ်းကိုင်လိုက်ပြီး
ခုန်ထွက်သွားသည်။

အုန်း!

ယန်ယဲ့ ခုန်ထွက်လာချိန်မှာဘဲ

ဘေးပတ်ပတ်လည်ကနေ

မရေမတွက်နိုင်သော လက်တံများ

လျင်မြန်စွာ

ထွက်ပေါ်လာပြီး မြေပြင်ကို

ရိုက်ချသွားသည်။ ထိုခဏလေးမှာဘဲ

ယန်ယဲ့၏ အနီးတစ်ဝိုက်ရှိ မြေပြင်ဟာ

ကွဲအက်သွားခဲ့ပါသည်။

ဖူး!

ယန်ယွဲ့သည် သူ့ခန္ဓာကိုယ်အနှံ့
အရိုးများထုံကျင်သွားသလိုခံစားလိုက်ရပြီး
နောက်ထပ်သွေးတစ်လုတ်ကို
အန်ထုတ်လိုက်သည်။ အမျိုးသမီးကတော့
ယန်ယွဲ့က ကာပေးထားသောကြောင့်
ဒဏ်ရာအနည်းငယ်သာ ရရှိခဲ့သည်။

ဒီအချိန်တွင် အမျိုးသမီးက ယန်ယဲ့ကို
မော့ကြည့်လိုက်သော်လည်း
စကားတစ်ခွန်းမှ မပြောပေ။

ယန်ယဲ့သည် သေချာလေး
မတ်တပ်ထရပ်ပြီး အမျိုးသမီးကို ထမ်းကာ
အနီးနားရှိ ကျောက်တုံးပေါ်တွင် တင်ကာ
ရှေ့ကိုလှည့်ကြည့်လိုက်သည်။
ထိုအခါ သူနှင့် မလှမ်းမကမ်းတွင်
သန်မာသောလူတစ်ယောက် ရပ်နေသည်ကို
မြင်လိုက်ရသည်။

ထိုလူ၏ဆံပင်က အလွန်ရှည်လျားပြီး မြေကြီးပေါ် ထိကျနေကာ သူ့ခန္ဓာကိုယ်ကတော့ သားရဲအရေခွံသာ ဝတ်ထားသည်။ ထိုလူ၏ မျက်နှာက လုံးဝကို ခက်ထတန်နေပြီး ရက်စက်ကြမ်းကြုတ်သူဖြစ်ကြောင်း သိသာလေသည်။

အရေးကြီးဆုံးအပိုင်းက ထိုလူက သိုင်းသူတော်စင်အဆင့် နယ်ခြားကျင့်ကြံသူ ဖြစ်ခဲ့သည်။

အကယ်၍ သူသည် အပြင်လောကတွင် ရှိနေပါက သူ၏ လက်ရှိအခြေအနေတွင် သိုင်းသူတော်စင်တစ်ဦးနှင့် ရင်ဆိုင်ရလျှင် သေချာပေါက် သေဆုံးသွားနိုင်သည်။

ယခုမူ သူ့ရှေ့ကလူသည် သိုင်းသူတော်စင်တစ်ဦးဖြစ်ခဲ့သော်လည်း ဆန်းကြယ်ချီစွမ်းအင်မရှိခဲ့ပေ။ ၎င်း၏ ရုပ်ခန္ဓာကိုသာ အားကိုးနေခဲ့သည်။ ထို့ကြောင့် ယန်ယဲ့ဟာ သိုင်းသူတော်စင်အဆင့် မဟုတ်သော်လည်း၊

အစောပိုင်းက
အလစ်အငိုက်တိုက်ခိုက်ခံရခြင်းမှာ
ယန်ယဲ့သည် သူ၏ စိတ်အာရုံအသိကို
ထုတ်သုံး၍မရကြောင်း
မေ့သွားသောကြောင့်ပင်။

ယန်ယဲ့သည် စကားမပြောပေ၊
သူ၏ ညာခြေကို မြေပြင်သို့
အမြန်နင်းလိုက်သည်။ ထို့နောက်
တန်ပြန်အားကိုယူကာ ရှေ့သို့

တရကြမ်းခုန်ထွက်သွားသည်။
အောက်ကမြေပြင်ဟာ ပြင်းထန်စွာ
တုန်ခါသွားပြီး သူ့ရှေ့မှ
အာကာသဟင်းလင်းပြင်သည်ပင်
တုန်ခါသွားသည် ။

ထိုလူက မည်သူဖြစ်သည်ကို မမေးဘဲ၊
ထိုလူက သူ့ကို အဘယ်ကြောင့်
အလစ်အငိုက်တိုက်ခိုက်ခဲ့သည်ကိုလည်း
မမေးခဲ့ပေ။ ဒီလိုအခြေအနေတွင်

စကားများနေခြင်းထက် အရင်ဦးအောင် တိုက်ခိုက်ခြင်းကသာ အကောင်းဆုံးဖြစ်သည်။

“ဂါး” ယန်ယဲ့ တိုက်ခိုက်လာသည်ကို မြင်သောအခါ နယ်ခြားကျင့်ကြံသူက ဒေါသတကြီးကြုံဝါးပြီး ယန်ယဲ့ ထံ ခုန်ဝင်လိုက်သည်။ ထို့နောက် ချက်ချင်းဆိုသလိုပဲ လက်သီး ၂ လုံးက လေထဲတွင် တိုက်မိသွားကြသည်။

ဘုန်း!

နှစ်ယောက်လုံး လူချင်းကွဲသွားပြီး
ခြေလှမ်းတစ်ဒါဇင်ကျော်ထိပင်
နောက်ပြန်ဆုတ်သွားကာ
သူတို့ပတ်ဝန်းကျင်ရှိ
အာကာသဟင်းလင်းပြင်သည်ပင်
ပြင်းထန်စွာ တုန်ခါသွားသည်။
သို့သော်လည်း ယန်ယွဲ့သည် ချက်ချင်းပင်
ရှေ့သို့ပြေးတက်လာပြီး
နယ်ခြားကျင့်ကြံသူ၏ ရှေ့သို့ ရောက်လာပြီး

လက်သီးဖြင့်
တရကြမ်းထိုးချလိုက်လေသည်။

“ဂါး” နယ်ခြားကျင့်ကြံသူကလည်း
ဒေါသတကြီးအော်ဟစ်ကာ
သူ၏လက်သီးကြီးကို ဆန့်ထုတ်ပြီး
ယန်ယဲ့၏ လက်သီးကို ပြန်ထိုးလိုက်သည်။

ဘမ်း!

လက်သီးချင်း တိုက်မိသည်နှင့် တပြိုင်နက်
ထွက်ပေါ်လာသော အားလှိုင်းက
အာကာသဟင်းလင်းပြင်ကို
ထက်ပိုင်းကွဲထွက်သွားစေသည်။

သို့သော် ယန်ယွဲ့သည်
နောက်ပြန်ဆုတ်မသွားဘဲ
 ချက်ချင်းပင် ရှေ့သို့ တိုးလာပြန်သည်။
ရုပ်ခန္ဓာချင်းတိုက်ပွဲတွင် တစ်ဖက်လူထက်
ပိုပြီးရက်စက်ကြမ်းကြုတ်ရမည်ကို
ကောင်းကောင်းသိထားသည်။

သူက ပို၍ကြမ်းကြုတ်နေမှသာ ပြိုင်ဖက်ကို စိတ်ပိုင်းဆိုင်ရာနှင့် ပြင်းထန်စွာ ဖိနှိပ်နိုင်သည်။ မှန်သည်၊ ယန်ယဲ့က တမင်ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်နေခြင်းမဟုတ်ပေ။ အကြောင်းမှာ သူက တိုက်ခိုက်လျှင် အမြဲတမ်း ရက်စက်ကြမ်းကြုတ်သောကြောင့်ပါ။

နှစ်ယောက်လုံး ပိုင်ဆိုင်ထားသည့် ရုပ်ခန္ဓာက အလွန်အစွမ်းထက်ခဲ့ကြသည်။ လက်သီးချင်း ရင်ဆိုင်လိုက်တိုင်း

အာကာသဟင်းလင်းပြင်သည်ပင်
တုန်လှုပ်သွားခဲ့သည်။
သို့သော်လည်း လက်ရှိသူတို့ရောက်နေရာက
ပုံမှန်မဟုတ်သော အခြေအနေတွင်
ရှိနေသောကြောင့် ခွန်အားအပြည့်
ထုတ်သုံးလျှင်ပင်
အာကာသဟင်းလင်းပြင်ကိုတော့
မဖြိုခွဲနိုင်ပေ။ သို့ရာတွင် အောက်မြေပြင်
ကတော့ တောင့်ခံနိုင်စွမ်းမရှိတော့ပါ။

အသက်ရှူ ၁၀၀

ကျော်လောက်သာကြာပြီးနောက်

သူတို့ပတ်ဝန်းကျင်မှ မြေပြင်ဟာ အပိုင်းပိုင်း

ကွဲထွက်သွားတော့သည်။ မြေပြင်တစ်ခုလုံး

မရေမတွက်နိုင်သော အက်ကြောင်းများပင်

ထပ်လာခဲ့၏။ နေရာအနှံ့

ရောနှမြေလျင်လှုပ်ခတ်သွားသလိုပါ။

တိုက်ပွဲက ၁၀ မိနစ်ခန့်ကြာပြီးနောက်တွင်

နယ်ခြားကျင့်ကြံသူက

အကြောက်အလန့်ကင်းမဲ့စွာ

တိုက်ခိုက်နေသော ယန်ယဲ့ကြောင့်
တဖြည်းဖြည်း အရေးနိမ့်လာတော့သည်။

ယန်ယဲ့၏ ရုပ်ခန္ဓာက အားကောင်းလာပြီး
နယ်ခြားကျင့်ကြံသူ ကတော့ အစွမ်းထက်
အငွေ့အသက်များ လျော့ပါးလာခဲ့သည်။
ထိုကဲ့သို့ပင်
တိုက်ပွဲပြင်းထန်လာသည်နှင့်အမျှ
ယန်ယဲ့ဟာ မူလထက် ပိုအားကောင်းလာပြီး
နယ်ခြားကျင့်ကြံသူကို
တစ်ဖက်သက်ဆန်စွာ ဖိနှိပ်ထားခဲ့သည်။

ဘမ်း!

နောက်ထပ် ၁၅ မိနစ်ခန့်အကြာတွင် ယန်ယွဲ့သည် နယ်ခြားကျင့်ကြံသူနှင့် တိုက်ခိုက်နေရင်း သူ၏ခြေတစ်ဖက် ရုတ်တရက် ဆန့်ထုတ်ကာ ၎င်း၏ဗိုက်ကို လျှပ်တစ်ပြက် ဖြတ်ကန်လိုက်လေသည်။ တစ်ချိန်တည်းမှာပင် ယန်ယွဲ့သည် ဒီအခြေအနေကို အခွင့်ကောင်းယူကာ ရှေ့သို့ လျင်မြန်စွာ တက်လာပြီး

ထိုလူ၏ ရင်ဘတ်ကို လက်သီးဖြင့်
ထိုးချလိုက်ပြန်သည်။ နယ်ခြားကျင့်ကြံသူ၏
ခန္ဓာကိုယ်သည်
လေးကိုင်းသဏ္ဍာန်ကွေးညွတ်၍
ချက်ချင်းပင် လွင့်ထွက်သွားခဲ့သည်။

###Book.75